မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၃ ရက်၊ ၂၀၀၆ ခုနှစ်၊ ဇွန် ၂၃ ရက်၊ သောကြာနေ့၊ အတွဲ(၄၅)၊ အမှတ်(၂၆၃)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်	စီးပွားရေးဦးတည်ချက်(၄)ရပ်	လူမှုရေးဦးတည်ချက်(၄)ရပ်
* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး	* စိုက်ပျိုးရေးကို အခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး	* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး	* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး	* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး	* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဗုဒ္ဓအလိုကျ အဆုံးအမတော်

သဗ္ဗ ပါပဿ အကရဏံ
မကောင်းတာ(အကုသိုလ်)ဟူသမျှ ဘာမျှမလုပ်ပါနှင့်။
ကုသလဿ ဥပသမ္ပဒါ
ကောင်းတာ(ကုသိုလ်)မှန်သမျှ အားလုံးပြုလုပ်ပါ။
သစိတ္တ ပရိယောဒါပနံ
မိမိစိတ်ကို မိမိနိုင်အောင်ထိန်းပါ။
(မကောင်းတာမလုပ်ဖြစ်အောင် စိတ်ကိုထိန်းပါ)
ဧတံ ဗုဒ္ဓါန သာသနံ
ဤသုံးမျိုးသည် ဗုဒ္ဓ၏အလိုကျတည်း။ ။

စက်အရန်ပစ္စည်းများ ကြည့်ရှုစစ်ဆေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် မန္တလေးတော်ဝင် စက်မှုလက်မှု ကုမ္ပဏီလီမိတက်စက်ရုံအတွင်း သံရည်ကျို ပုံလောင်းခြင်းလုပ်ငန်းနှင့် ထုတ်လုပ်ထားသော စက်အရန်ပစ္စည်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် မန္တလေးစက်မှုဇုန် ဖွံ့ဖြိုးတိုးတက်မှု ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၂၂

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ မန္တလေးမြို့စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်နှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် ဇွန် ၂၀ ရက် နံနက်ပိုင်းက မန္တလေးနန်းမြို့အတွင်းရှိ တပ်ရင်း/တပ်ခွဲများ၏ ခြံစည်းရိုးကြက်ဆူပင်များစိုက်ပျိုးဖြစ်ထွန်းနေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် အောင်မြေသာစံမြို့နယ် လမ်း ၆၀ X ၂၂ လမ်းနှင့် ၂၅ လမ်းကြား၌ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ရေနှင့် သန့်ရှင်းရေးဌာနက တည်ဆောက်လျက်ရှိသည့် သဲရေစစ်ကန် ဂါလန် ငါးသိန်းဆံ့ ရေလှောင်ကန်နှင့် ရေတွန်း စက်ရုံအမှတ်(၄) တည်ဆောက်ခြင်း လုပ်ငန်းခွင်သို့ ရောက်ရှိလာရာ ရှေးဦးစွာ ရှင်းလင်းဆောင်၌ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်နှင့် ရေနှင့်သန့်ရှင်းမှုဌာန ဌာနမှူး ဦးထွန်းကြည်တို့က လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များ မှာကြားကာ လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

အဆိုပါလုပ်ငန်းတွင် ကနဦးရေစစ်ကန်တစ်ခု၊ ရေတင်စက်ရုံ တစ်ခု၊ အနှေးကျသဲရေစစ်ကန်တစ်ခု၊ ဂါလန် ငါးသိန်းဆံ့ သန့်စင်ပြီး *စာမျက်နှာ ၃ ကော်လံ ၁* ■

၂၀၃၀ ပြည့်နှစ်တွင် ကမ္ဘာ့ရေနံလိုအပ်ချက် ၁၇ ရာခိုင်နှုန်းအထိ ရှိလာမည်

ဘင်္ဂဒက် ဇွန် ၂၂

ကမ္ဘာ့စွမ်းအင်လိုအပ်ချက် မြင့်မားလာမှု တဖြည်းဖြည်း မြင့်မားလာလျက်ရှိရာ ၂၀၃၀ ပြည့်နှစ်အရောက်တွင် ရေနံစွမ်းအင်လိုအပ်မှု ၁၇ ရာခိုင်နှုန်းအထိ ရောက်ရှိလာမည်ဟု စွမ်းအင်ဆိုင်ရာ သတင်းပြန်ကြားရေးအဖွဲ့(အီးအိုအေ)၏ နှစ်ပတ်လည်အစီရင်ခံစာ၌ ဖော်ပြလိုက်သည်။

ထုတ်လုပ်နိုင်မှု

ယနေ့ကာလတွင် ကမ္ဘာ့ရေနံဝယ်အားမှာ နေ့စဉ်ရေနံစည်ပေါင်း ၁၁၈ သန်းအထိရှိနေရာ လက်ရှိထုတ်လုပ်နိုင်မှုမှာ ရေနံစည်ပေါင်း ၈၆ သန်းခန့်သာရှိကြောင်း အဆိုပါအဖွဲ့က ထုတ်ပြန်သော အစီရင်ခံစာ၌ ဆက်လက်ဖော်ပြထားသည်။

ထိုသို့ ရေနံထုတ်လုပ်မှုနှင့် သုံးစွဲမှုမမျှမတနေချိန်မှာပင် ထုတ်လုပ်သည့်ရေနံများကို သယ်ယူပို့ဆောင်ရေးမှာလည်း အခက်အခဲ တစ်ရပ်သဖွယ်ဖြစ်နေဆဲပင်ဖြစ်သည်။ ရေနံစည်များ သယ်ယူပို့ဆောင် ရေးတွင် လုံခြုံရေးအတွက်နှင့် အဆင်ပြေချောမွေ့စေရေးမှာလည်း လိုအပ်ချက်တစ်ရပ်သဖွယ်ရှိနေဆဲဖြစ်ကြောင်း ၎င်းအဖွဲ့က ပြောကြားသည်။ *စာမျက်နှာ ၅ ကော်လံ ၁* ❒

မြန်မာ့အလင်း **ဆောင်းပါးအညွှန်း**

ယနေ့ မြန်မာနိုင်ငံတွင် ရရှိဖြစ်ထွန်းနေသည့် အခြေခံကောင်းဟူသမျှကိုလည်းခဏတာကာလအတွင်း လုံးဝယိုယွင်းပျက်သုဉ်းသွားအောင် ပြည်တွင်းပြည်ပ အဖျက်သမားများကဖျက်ဆီးပစ်ရန်ကြံစည်နေ။

စိုးမြကျော်နှင့် စောမြအောင်၏ ပြည်တွင်းပြည်ပ အဖျက်သမားများ၏ အကြံနှင့် သတိပြုသင့်သော အမှန်(၃) ဆောင်းပါး (စာ ၈-၉-၁၀)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

23-6 (01).p65 1 1/25/32, 2:28 PM

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၆ ခုနှစ်၊ ဇွန်လ ၂၃ ရက်)

မော်တော်ယာဉ်ပို့ဆောင်ရေး အဆင်ပြေစေရန် ပူးပေါင်းဆောင်ရွက်

ရန်ကုန်မြို့နေ ပြည်သူများသည် မော်တော်ယာဉ်လိုင်းများ၊ မြို့ပတ်ရထားများ၊ ကူးတို့ရေယာဉ်များကို အဓိကအားထားနေကြရသည်။ ထို့ကြောင့် မြို့ပြသယ်ယူ ပို့ဆောင်ရေးကဏ္ဍ အဆင်ပြေချောမွေ့ရေးသည် လွန်စွာအရေးပါလှပေသည်။

မြို့တွင်း ပြေးဆွဲလျက်ရှိသော မော်တော်ယာဉ်လိုင်းများတွင် ယာဉ်စီးရေအများဆုံး ယာဉ်လိုင်းမှာ မော်တော်ယာဉ် လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ(မထသ)မှ ယာဉ်များဖြစ်ပြီး မော်တော်ယာဉ်စီးရေပေါင်း နှစ်ထောင်ကျော်ဖြင့် ပြေးဆွဲပေးနေကြောင်း သိရသည်။ အခြားယာဉ်လိုင်း ၁၂ လိုင်းမှလည်း ယာဉ်စီးရေ ၄၀၀၀ ကျော်သည် နေ့စဉ် ပြေးဆွဲပေးနေသည်။

ခရီးသည်နှင့် ယာဉ်အင်အားမျှတစေရန် သက်ဆိုင်ရာက စီစဉ်ပေးလျက်ရှိရာ ယာဉ်မောင်းများအပိုင်းက ယာဉ်စည်းကမ်း လမ်းစည်းကမ်းကို တိကျစွာလိုက်နာကြရန် လိုအပ်သကဲ့သို့ ယာဉ်လုပ်သားတို့သည်လည်း စည်းကမ်းရှိရန် လိုအပ်သည်။ ခရီးသည်များအနေဖြင့်လည်း သတ်မှတ်စည်းကမ်းများကို အလေးထား လိုက်နာကြရမည်ဖြစ်သည်။

နေ့စဉ်ပြေးဆွဲနေသော မော်တော်ယာဉ်များသည် အချိန်ကြန့်ကြာမှုမရှိစေရန်၊ အချိန်အတိအကျ သတ်မှတ်၍ အလှည့်ကျထွက်စေရန်၊ မှတ်တိုင်တွင် လူအတင်အချ စနစ်တကျပြုလုပ်စေရန်၊ ယာဉ်တစ်စီးနှင့်တစ်စီး ယာဉ်ကြောလု မောင်းနှင်ခြင်းမပြုရန်၊ ယာဉ်ကြောမပိတ်စေရေးအတွက် ယာဉ်နှစ်ထပ်ရပ်ခြင်းတို့ကို ရှောင်ကြဉ်ကြရန် လိုအပ်သည်။

မျက်မှောက်ကာလတွင် မြို့ပြဒေသများ၌ လူဦးရေ တိုးတက်များပြားလာလျက်ရှိရာ တိုးတက်လာသော လူဦးရေအတွက် ခရီးသွားလာမှုအဆင်ပြေစေရေး၊ ဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများ သွားလာမှုအဆင်ပြေစေရေးကို တာဝန်ရှိသူအသီးသီးနှင့် ပြည်သူအားလုံးက အသိစိတ်ဓာတ်ရှိရှိဖြင့် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရ ပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တာမွေမြို့နယ် မင်္ဂလာသုခ စာသင်တိုက် ကျောင်းနှင့်တံကဲ ပြုပြင်ရန်အတွက် ကွယ်လွန်သူ မိဘများအားရည်စူး၍ အမှတ်၁၈၄ ကျိုက္ကဆံလမ်းနေ ဆရာမဒေါ်ရွှေပုနှင့်ညီမ ဒေါ်ကြူကြူဝင်းတို့က အလှူငွေကျပ် ၇၅ သိန်းကို ဆရာတော်ကြီး အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဉာဏမဋ္ဌူထံ ဆက်ကပ်လှူဒါန်းစဉ်။ (၁၁၅)

မြန်မာ-အိန္ဒိယ နှစ်နိုင်ငံကိုယ်စားလှယ်အဖွဲ့ တွေ့ဆုံ အကျိုးတူပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး

ရန်ကုန် ဇွန် ၂၂

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံသို့ တရားဝင်ခရီး အလည်အပတ်ရောက်ရှိနေသည့် အိန္ဒိယသမ္မတနိုင်ငံ နိုင်ငံခြားရေးအတွင်းဝန် မစ္စတာရှိုင်ရမ်ဆာရမ်သည် ဇွန်၁၈ရက်က ရန်ကုန်မြို့ နီကိုးကန်တော်ကြီးဟိုတယ် အစည်းအဝေးခန်းမ၌ ကျင်းပသည့် မြန်မာ-အိန္ဒိယနှစ်နိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ အတွင်းဝန်အဆင့် ညှိနှိုင်းဆွေးနွေးပွဲသို့ တက်ရောက်သည်။ (အောက်ပုံ)

အဆိုပါ ညှိနှိုင်းဆွေးနွေးပွဲတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် အိန္ဒိယသမ္မတနိုင်ငံ နိုင်ငံခြားရေးအတွင်းဝန် မစ္စတာရှိုင်ရမ်ဆာရမ် ခေါင်းဆောင်သည့် အိန္ဒိယကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံ၍ နှစ်နိုင်ငံအကျိုးတူပူးပေါင်း ဆောင်ရွက်ရေး ကိစ္စရပ်များကို လည်းကောင်း၊ မကြာမီက မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ခဲ့သည့် အိန္ဒိယနိုင်ငံသမ္မတကြီး ဒေါက်တာအေပီဂျေ အဗ္ဗဒူလ်ကလမ်၏ ခရီးစဉ်အတွင်း ဆွေးနွေးချက်များ အကောင်အထည်ဖော်ရေး လုပ်ငန်းကိစ္စရပ်များကို လည်းကောင်း ခင်မင်ရင်းနှီးစွာ ညှိနှိုင်းဆွေးနွေးကြသည်။

လက်မှတ်ရေးထိုး

အဆိုပါ ညှိနှိုင်းဆွေးနွေးပွဲ၏ သဘောတူအစည်းအဝေးမှတ်တမ်းကို ဇွန်၂၀ရက်က နှစ်နိုင်ငံကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် နှစ်ဦးတို့က ပုဂံမြို့ရှိ သံတဲဟိုတယ်၌ လက်မှတ်ရေးထိုးကြသည်။ ယင်းလက်မှတ်ရေးထိုးပွဲအပြီးတွင် ဒုတိယဝန်ကြီး ဦးကျော်သူနှင့်ဇနီးတို့က ဧည့်သည်တော် နိုင်ငံခြားရေး အတွင်းဝန်နှင့် ဇနီးနှင့်အဖွဲ့အား သံတဲဟိုတယ်၌ ဂုဏ်ပြုညစာ စားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

လိုက်ပါလာ

အိန္ဒိယသမ္မတနိုင်ငံ နိုင်ငံခြားရေးအတွင်းဝန် ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ရန်ကုန်မြို့သို့ ဇွန် ၁၈ရက်ကရောက်ရှိပြီး နိုင်ငံခြားရေးအတွင်းဝန်နှင့်အတူ ၎င်း၏ဇနီး မစ္စစ်အာနီတာ ဆာရမ်နှင့် အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာ ဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိ သုံးဦးလည်း လိုက်ပါလာကြသည်။

တွေ့ဆုံဆွေးနွေး

အိန္ဒိယသမ္မတနိုင်ငံ နိုင်ငံခြားရေး အတွင်းဝန်သည် ဇွန်၁၈ရက်တွင် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းအား သွားရောက် တွေ့ဆုံဆွေးနွေးသည်။

အိန္ဒိယသမ္မတနိုင်ငံ နိုင်ငံခြားရေး အတွင်းဝန် ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားရာ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာဘာစ်ကာကူးမားမီထရာ၊ နိုင်ငံခြားရေး ဝန်ကြီးဌာနနှင့် အိန္ဒိယသမ္မတနိုင်ငံ သံရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များက ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၂၃-၆-၂၀၀၆
(သောကြာနေ့)
နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရှောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၀ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ လက်စွမ်းပြပဟန်ဂီတသံ
- ၄:၂၀ ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၄:၄၀ ၅။ နားဝင်ငြိမ့်စီးသီချင်းကြီး
- ၄:၄၅ ၆။ မျိုးချစ်တပ်မတော်
- ၅:၀၅ ၇။ အလွမ်းတေးပန်းချီချစ်သူဆီ
- ၅:၂၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၂၀ ၁၀။ မိုးလေဝသသတင်း
- ၆:၂၅ ၁၁။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၃၅ ၁၂။ စောင့်မျှော်ရှုစား ကြိုးဝိုင်းကစား
- ၆:၄၀ ၁၃။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“နန်းတွင်းရတနာ”** (အပိုင်း-၅၃)
- ၈:၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၇။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်

- ၁၈။ FIFA WORLD CUP GERMANY 2006 ဘောလုံးပွဲ Saudi Arabia Vs Spain (Delay)

၂၄-၆-၂၀၀၆ (နံနက်ပိုင်း)

- ၀၁:၃၀ ၁။ FIFA WORLD CUP GERMANY 2006 ဘောလုံးပွဲ Switzerland Vs Korea Republic (Live)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၃-၆-၂၀၀၆
(သောကြာနေ့)

- ၇:၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
- ၇:၀၅ ‘တန်’ဖန်တီးသော Bead Fashion
- ၇:၂၀ တေးဂီတအစီအစဉ်
- ၇:၂၅ Myanmar Video Rhythm
- ၈:၁၅ နိုင်ငံတကာသတင်းအကျဉ်း
- ၈:၂၀ ကာတွန်းဆရာကြီး ဦးဖေသိန်း၏ (၈၂)နှစ်မြောက် မွေးနေ့ အမှတ်တရ
- ၈:၅၀ တေးဂီတအစီအစဉ်
- ၈:၅၅ ငွေကြယ်ပွင့်တို့ရဲ့ ဖြစ်တည်မှု (တင်ဇာမော်နှင့် သူမ၏ အနုပညာခရီးလမ်း)
- ၉:၄၅ ပြည်တွင်းသတင်းအကျဉ်း
- ၉:၅၅ မြန်မာနိုင်ငံသွားဘက်ဆိုင်ရာ ဆရာဝန်အသင်း (ရန်ကုန်တိုင်း အသင်းခွဲ) အခမဲ့ ကွင်းဆင်း ကုသပညာပေးရေး
- ၁၀:၁၅ တေးဂီတအစီအစဉ်
- ၁၀:၂၀ ကလေးတို့အတွက် လက်ဆောင်(၁)
- ၁၀:၃၅ မိုးလေဝသခန့်မှန်းချက်
- ၁၀:၄၀ သီးနှံများကို မှတ်ပုံတင်ခြင်း
- ၁၀:၅၀ တေးဂီတအစီအစဉ်
- ၁၀:၅၅ သိမှတ်စရာ ဆေးပညာ (အပိုင်း-၁)
- ၁၁:၁၅ နိုင်ငံတကာသတင်းအကျဉ်း
- ၁၁:၂၀ တေးဂီတအစီအစဉ်
- ၁၁:၂၅ ပြည်တွင်း သတင်းအကျဉ်း
- ၁၁:၃၅ မြန်မာစာ၊ မြန်မာစကား(၄)
- ၁၁:၅၅ တေးဂီတအစီအစဉ်
- ၁၂:၀၀ MRTV-4 အပိတ် Logo

အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃:၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

ပဌာန်းအောင်ပွဲနှင့် ဝါဆိုဝတ်စုံလှူဒါန်းပွဲ ကျင်းပမည်

ရန်ကုန် ဇွန် ၂၂

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် ကျွန်းတောလမ်း သမိဒ္ဓေါဒယ သုခိတာရာမ ဒေါ်ဉာဏစာရီ မြန်အောင်သီလရှင် စာသင်တိုက်၌ ဇွန် ၂၅ရက် (တနင်္ဂနွေနေ့) နံနက်၉နာရီမှစ၍ ပဌာန်းရွတ်ဆိုပူဇော်ပြီး ဇွန်၂၉ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် မဟာပဌာန်းအောင်ပွဲနှင့် ဝါဆိုဝတ်စုံ လှူဒါန်းပွဲအခမ်းအနား ကျင်းပမည်ဖြစ်ရာ ကိုယ်တိုင် ကြွရောက်ကြည်ညိုကြရန် ဖိတ်ကြား နိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

■ **ရှေ့ဖုံးမှ**

ရေလှောင်ကန်တစ်ခု၊ ကလိုရင်းဆေးစပ်စက်ရုံတစ်ခုနှင့် ရေတွန်းစက်ရုံတစ်ခုတို့ ပါဝင်ကြောင်းနှင့် ၎င်းစက်ရုံမှ နေ့စဉ်ရေဂါလန် နှစ်သန်း ဖြန့်ဝေပေးမည်ဖြစ်ကြောင်းသိရသည်။

ဆက်လက်လှူဒါန်း

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် မန္တလေးမြို့တော်ဝန် တို့သည် ချမ်းအေးသာစံမြို့နယ်ရှိ မဟာဝိဇိတာရုံပရိယတ္တိစာသင်တိုက်၌ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့တွဲဖက်အကျိုးတော်ဆောင်အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘဒ္ဒန္တ ဝိစာရိန္ဒာဘိဝံသအား လည်းကောင်း၊မဟာအောင်မြေမြို့နယ်ရှိ မဏိရတနာရာမကျောင်း မြတောင်တိုက်ရှိ မန္တလေးတိုင်းသံဃနာယအဖွဲ့ဥက္ကဋ္ဌဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ သာသနာဘိဝံသအားလည်းကောင်း၊ မဟာအောင်မြေမြို့နယ်ရှိမဟာဝိသုဒ္ဓါရုံတိုက်သစ်၌နိုင်ငံဩဝါဒါစရိယ ရွှေကျင်သာသနာပိုင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ အဂ္ဂိယအားလည်းကောင်း၊ မဟာအောင်မြေမြို့နယ် မစိုးရိမ်ကျောင်းတိုက် (တိုက်ဟောင်း) မဟာနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တ ပညာသာမိဘိဝံသအားလည်းကောင်း၊ လှည့်လည်ဖူးမြော်ကြည်ညိုပြီး ဆရာတော်ကြီးများအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

လမ်းတိုးချဲ့

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့သည် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီက ဆောင်ရွက်လျက်ရှိသော ချမ်းမြသာစည်မြို့နယ် မနော်ဟရီလမ်း ၆၅ လမ်းနှင့် ၇၃ လမ်းကြား၌ လမ်းအရှည် ၄၂၈၄ ပေ၊ အကျယ် ၃၀ ပေရှိ လမ်းကိုကတ္တရာလမ်းထပ်ပိုးလွှာခင်းခြင်းနှင့် လမ်းတိုးချဲ့ခြင်းလုပ်ငန်းများကိုကြည့်ရှုစစ်ဆေးသည်။

ညှိနှိုင်းဆောင်ရွက်

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့သည် ချမ်းမြသာစည်မြို့နယ် ၅၆ လမ်း (သိပ္ပံလမ်းနှင့် မနော်ဟရီလမ်းကြား) လမ်းအရှည် ၆၄၃၇ ပေ၊ အကျယ် ၂၄ ပေနှင့်ပြည်ကြီးတံခွန်မြို့နယ် ၆၂ လမ်း (မန္တလေး-ပြင်ဦးလွင် မီးရထားလမ်းမှ မင်းကြီးရန်နောင်လမ်းအထိ) လမ်းအလျားပေ ၃၉၀၀၊ အကျယ်ပေ ၃၀ အားကတ္တရာထပ်ပိုးလွှာခင်းခြင်းနှင့် လမ်းတိုးချဲ့ခြင်းလုပ်ငန်း ဆောင်ရွက် နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားညှိနှိုင်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် နံနက် ၁၁ နာရီတွင် မန္တလေးစက်မှုဇုန်သို့ ရောက်ရှိကြပြီး သံရည်ကျိုစက်ခုတ်စားစက်ရုံများတာဝန်ခံ မန္တလေးတော်ဝင်စက်မှုလက်မှုကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဦးအောင်ဝင်းခိုင်နှင့် တာဝန်ရှိသူများက ကြိုဆိုကြပြီး စက်ရုံအတွင်း သံရည်ကျိုပုံလောင်းခြင်း လုပ်ငန်းနှင့် ထုတ်လုပ်ထားသော စက်အရန်ပစ္စည်းများ၊ စက်အသစ်၁၈လုံး ထပ်မံ ဝယ်ယူတပ်ဆင်၍ ပစ္စည်းများ ထုတ်လုပ်နေမှုကို လှည့်လည် ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့သည် ပြည်ကြီးတံခွန်မြို့နယ် စက်မှုဇုန်ရှိ အောင်နိုင်သူမိသားစု ပတ္တမြားပန်း အဆင့်မြင့်သံမဏိစက်ရုံမှ သံရည်ကျို လယ်ယာသုံး ရေပန့်လုပ်ငန်းသို့ ရောက်ရှိကြရာ အလုပ်ရုံပိုင်ရှင် ဦးအောင်သန်းက စက်ရုံထုတ်ပစ္စည်းများကို လိုက်လံရှင်းလင်းပြသပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များ မှာကြားသည်။

လိုအပ်သည်များမှာကြား

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် စံပြစက်မှုဇုန် K.T.S ဦးကျော်သန်းနှင့်သားများ မော်တော်ယာဉ်ထုတ်လုပ်ရေးအလုပ်ရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး အလုပ်ရုံပိုင်ရှင် ဦးကျော်စိုးမိုးနှင့် တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် စံပြစက်မှုဇုန်(၁)၊ယောမင်းကြီးလမ်းရှိ C.Y.T စက်မှုထုတ်ကုန်လီမိတက် ပျံလွှားချည်မျှင်စက်ရုံသို့ရောက်ရှိရာ အလုပ်ရုံပိုင်ရှင် ဦးထွန်းနိုင်က အလုပ်ရုံအတွင်း လိုက်လံရှင်းလင်းပြသသည်။

ဖြည့်ဆည်းဆောင်ရွက်

ယင်းနောက် ရှင်းလင်းဆောင်တွင် အလုပ်ရုံပိုင်ရှင် ဦးထွန်းနိုင်က အလုပ်ရုံ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လုပ်ငန်းလိုအပ်ချက်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။ ဇွန် ၂၁ ရက် နံနက်ပိုင်းတွင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့သည် မန္တလေး နန်းမြို့မှ မော်တော်ယာဉ်ဖြင့် ထွက်ခွာခဲ့ရာ နေပြည်တော်သို့ မွန်းလွဲပိုင်းတွင် ပြန်လည်ရောက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာအမျိုးသမီးများနေ့

၂၀၀၆ ခုနှစ်၊ ဇူလိုင်လ (၃)ရက်

MYANMAR WOMEN'S DAY

3rd JULY 2006

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်လူမှုရေးနှင့်ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ ကျန်းမာရေးလုပ်ငန်းအဖွဲ့ခွဲကကျန်းမာရေးပညာပေးဟောပြောပွဲကျင်းပ

ရန်ကုန် ဇွန် ၂၂

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် လူမှုရေးနှင့်ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ ကျန်းမာရေးလုပ်ငန်း အဖွဲ့ခွဲကကြီးမှူး၍ ကျန်းမာရေး ပညာပေးဟောပြောပွဲကို ယမန်နေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တိုင်း သာကေတမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်နှင့် ရပ်ကွက်အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် ကျောင်းသူကျောင်းသား စုစုပေါင်း ၂၅၀ တက်ရောက်ကြသည်။

အခမ်းအနားတွင် အမျိုးသမီးရေးရာအဖွဲ့ချုပ် အတွင်းရေးမှူးအဖွဲ့ဝင် ဒေါက်တာသက်သက်ဇင်က အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ အမျိုးသမီးရေးရာအဖွဲ့ချုပ် လူမှုရေးနှင့်ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ ကျန်းမာရေးလုပ်ငန်းအဖွဲ့ခွဲ အတွင်းရေးမှူး ဒေါက်တာခင်မာအေးက မူလတန်းအရွယ်ကလေးများတွင် ဖြစ်တတ်သော သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားပုံ၊ ကူးစက်နိုင်သောနည်းများ၊ ကာကွယ်ရန်နည်းလမ်းများ အကြောင်းကိုလည်းကောင်း၊ အဖွဲ့ဝင်ဒေါက်တာခင်သက်မြိုင်က မိုးဦးကျကာလတွင် ဖြစ်တတ်သော ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ရခြင်းအကြောင်း၊ ကူးစက်နိုင်သောနည်းများ၊ ကာကွယ်ရန်နည်းလမ်းများ၊ တစ်ကိုယ်ရေသန့်ရှင်းရေးလိုအပ်ခြင်းအကြောင်းများကိုလည်းကောင်း ကျန်းမာရေးပညာပေး ဟောပြောကြသည်။ ဟောပြောပွဲအပြီးတွင် တက်ရောက်လာသူများအား ပညာပေးအထောက်အကူပစ္စည်းများကို ဖြန့်ဝေပေးသည်။ ထို့နောက် ကျောင်းအုပ်ဆရာမကြီး ကိုယ်စား ကျောင်းကျန်းမာရေးဆရာမ ဒေါ်လှမြင့်က ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် ဆောင်းပါးပြိုင်ပွဲဆုရရှိသူများစာရင်းကြေညာ

ရန်ကုန် ဇွန် ၂၂

၂၀၀၆ခုနှစ် ဇူလိုင် ၃ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်က **"မြန်မာအမျိုးသမီးများဘဝ ဖွံ့ဖြိုးဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့"** ဟူသော ခေါင်းစဉ်ဖြင့် ကျင်းပခဲ့သောဆောင်းပါးပြိုင်ပွဲအတွက် ဆုရရှိသူများ၏ အမည်စာရင်းကို ပြိုင်ပွဲကျင်းပရေးကော်မတီက ယနေ့ထုတ်ပြန်ကြေညာသည်။

အဆိုပါပြိုင်ပွဲတွင် ပထမဆု ဒေါက်တာချိုချိုတင့်(မတင့်-မြန်မာစာ)၊ ဒုတိယဆု ဒေါ်နီလာမြင့်(နီလာမြင့်)၊ တတိယဆု ဒေါက်တာကျော်မင်းအောင်နှင့် မစောဣန္ဒာသက်မောင်တို့က ရရှိကြသည်။ အထူးဆုများအဖြစ် ဒေါ်မြတ်မြတ်ကျော် (မြတ်မြတ်ကျော်-ဥပဒေ)၊ ဒေါ်သင်းသင်းဦး(ရှိန်းမြသင်း)၊ ဒေါ်စုခင်လေးဦး(စုခင်လေးဦး)၊ ဒေါ်သန်းသန်းစိုး (သွဲ့ထားညို-သက္ကလ)၊ မဇင်မာထွေး(လေးသစ္စာ-မကွေး)၊ ဒေါ်နန်းစောညွှန့် (စောငယ်ငယ်-မိုးညင်း)၊ ဒေါ်သီတာဆွေ(ခင်သီတာဆွေ)နှင့်မသင်းနုဆွေ(သင်းနုဆွေ) တို့ကရရှိကြသည်။

ဆုရရှိသူများအနက် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူများအား ဇူလိုင် ၃ရက်တွင် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က ကျင်းပမည့် မြန်မာအမျိုးသမီးများနေ့ အခမ်းအနား၌ ဆုများပေးအပ် ချီးမြှင့်မည်ဖြစ်ပြီး အထူးဆုရရှိသူများအား မိမိတို့၏ တိုင်းနှင့်ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့များက ကျင်းပကြမည့် မြန်မာအမျိုးသမီးများနေ့ အခမ်းအနားများတွင် ဆုများ ချီးမြှင့်ပေးအပ်သွားမည် ဖြစ်သည်။

သတင်းပေးပို့

ဆုရရှိသူများသည် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အမှတ် ၁၃၂ သံလွင်လမ်း ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၁-၅၁၁၇၇၃နှင့် ဆောင်းပါး ပြိုင်ပွဲ ကျင်းပရေးကော်မတီ အမှတ် ၂၂/၂၄ ပန်းဆိုးတန်းလမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၁၃၄၀တို့သို့ ဇွန် ၃၀ ရက် နောက်ဆုံးထား၍ ဆက်သွယ်သတင်းပေးပို့ရမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲဆုရရှိသူများစာရင်း

ရန်ကုန် ဇွန် ၂၂

၂၀၀၆ခုနှစ် ဇူလိုင်၃ရက်တွင်ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က **"ပြည့်စုံလှပ မြန်မာအမျိုးသမီးဘဝ"** ဟူသော ခေါင်းစဉ်ဖြင့်ကျင်းပ ခဲ့သော ရောင်စုံ ဓာတ်ပုံပြိုင်ပွဲအတွက် ဆုရရှိသူများအမည်စာရင်းကို ပြိုင်ပွဲကျင်းပရေးကော်မတီက ယနေ့ထုတ်ပြန်ကြေညာသည်။

အဆိုပါပြိုင်ပွဲတွင် ပထမဆု လှိုင်သန်းတင့်(ရွှေပန်းချီ)၊ ဒုတိယဆု ကိုဦး၊ တတိယဆု ဦးမြင့်သိန်းတို့က ရရှိကြသည်။ အထူးဆုများအဖြစ် ကိုဦး၊ A.K.Moe(သတ္တဗေဒ)၊ ကိုကျော်ကျော်ဝင်း (မြန်မာနိုင်ငံဓာတ်ပုံအသင်း)၊ ဇော်ရန်း(တောင်ကြီး)၊ အောင်ကျော်ထွန်း(ပုသိမ်ကြီး)၊ ကိုကျော်ကျော်ဝင်း(မြန်မာနိုင်ငံဓာတ်ပုံအသင်း)နှင့် စောသိန်းဝင်း(မြို့တော်သတင်း) တို့ကရရှိကြသည်။

ဆုရရှိသူများအနက် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူများအား ဇူလိုင်၃ရက်တွင် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က ကျင်းပမည့် မြန်မာအမျိုးသမီးများနေ့အခမ်းအနား၌ ဆုများပေးအပ်ချီးမြှင့်မည်ဖြစ်သည်။ အထူးဆု ရရှိသူများအား မိမိတို့၏ တိုင်းနှင့်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့များက ကျင်းပမည့် မြန်မာအမျိုးသမီးများနေ့အခမ်းအနားများ၌ ဆုများ ချီးမြှင့်ပေးအပ် သွားမည်ဖြစ်သည်။

ဆုရရှိသူများသည် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အမှတ်၁၃၂ သံလွင်လမ်း ဗဟန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၅၁၁၇၇၃နှင့် ရောင်စုံဓာတ်ပုံ ပြိုင်ပွဲကျင်းပရေးကော်မတီ အမှတ် ၂၂/၂၄ ပန်းဆိုးတန်းလမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၁၃၄၀တို့သို့ ဇွန် ၃၀ ရက် နောက်ဆုံးထား၍ ဆက်သွယ် သတင်းပေးပို့ရမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဂုဏာဝိသိဋ္ဌပူဇာ မင်္ဂလာကျင်းပမည်

ရန်ကုန် ဇွန် ၂၂

ရန်ကုန်တိုင်း ကြည့်မြင်တိုင်မြို့နယ် သာဓုပရိယတ္တိစာသင်တိုက် ပဓာန နာယက ဆရာတော် ဘဒ္ဒန္တ ပညာဝံသ(သာသနဓဇ သိရီပဝရ ဓမ္မာစရိယ၊ဒီဃဘာဏက၊ ဒီဃနိကာယဓမ္မာစရိယ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ) အား နိုင်ငံတော်က ချီးမြှင့်သည့် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်အတွက် ချီးကျူးဂုဏ်ပြုပူဇော်ပွဲကို (၁၃၆၈ ခု ဝါဆိုလဆန်း ၁ ရက်) ဇွန် ၂၅ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀နာရီမှ ၁၂ နာရီအထိ ရွှေညဝါပညာ့ဗိမာန်ဂန္ဓကုဋိ တိုက်ခန်းမ၌ တပည့်သံဃာ ဒါယကာ ဒါယိကာမများက စုပေါင်း၍ စည်ကားသိုက်မြိုက်စွာ ဆင်ယင်ကျင်းပမည်ဖြစ်ကြောင်းသိရသည်။ **(က-ပ)**

ဒဂုံမြို့နယ် ခရေပင်လမ်း အမှတ်၁၁၄နေ ဦးခင်မောင်မောင်၊ ဦးအောင်ဇော်မောင်၊ ဦးဇော်မင်း၊ ဒေါ်သီဂီမိသားစုက ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂)အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန် (ကင်ဆာ) ဖောင် ဒေးရှင်း အတွင်းလူနာ(ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ် လေးသိန်း လှူဒါန်းရာ ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးလှထွန်းက လက်ခံယူစဉ်။

(က-ပ)

23-6 (03).p65 1 1/25/32, 2:28 PM

ပေကျင်းဝန်းကျင် သဲကန္တာရဖြစ်ပေါ်မှု ငါးနှစ်အတွင်း ၁၆၁၃ ဟက်တာ အထိကျုံ့နိုင်ခဲ့

ပေကျင်း ဇွန် ၂၂

တရုတ်နိုင်ငံပေကျင်းတွင် တစ်စတစ်စဖြင့် သဲကန္တာရဖြစ်လာမှုများမှာ ၁၆၁၃ ဟက်တာအထိ ကျုံ့သွားကာ ငါးနှစ်အတွင်း သုံးရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း မြူနီစီပယ်ဌာနက ပြောကြားသည်။

ယွန်ဒင်မြစ်ဝန်းကျင်၌ တစ်စတစ်စ တိုက်စားဆုတ်ယုတ်လာသည့် ကြီးမားသည့် သဲမြေပြင်ကြီးကို လွန်ခဲ့သည့်ငါးနှစ်အတွင်း ထိန်းချုပ်နိုင်ခဲ့ပြီဖြစ်ကြောင်း မြူနီစီပယ်ဆိုင်ရာ သစ်သီးဝလံပန်းမန်နှင့် သစ်တောပြုစုပျိုးထောင်ရေးဗျူရိုက ဇွန် ၁၇ ရက်တွင် ထုတ်ပြန်သည့် သတင်းတစ်ရပ်၌ ဖော်ပြပါရှိသည်။

ဖော်ပြ

၂၀၀၈ခုနှစ် အိုလံပစ် အားကစားပြိုင်ပွဲကို အိမ်ရှင်အဖြစ် ကျင်းပမည့် ပေကျင်းသည် မကြာသေးမီနှစ်များအတွင်းက သဲမုန်တိုင်းဒဏ်ကို မကြာခဏခံခဲ့ရသည်။ မြို့၏မြောက်ဘက်ရှိ သဲကန္တာရသည် လျင်မြန်စွာ ကျယ်ပြန့်လျက်ရှိကြောင်း စာစောပိုင်း သတင်းများတွင် ဖော်ပြပါရှိသည်။

ပေကျင်း၏အဓိက ရေကြောင်းများဖြစ်သော ယွန်ဒင်၊ ချာအိုဟီနှင့် ဝင်ယုမြစ်များ၏ သဲကန္တာရဖြစ်လာသော မြေဟက်တာ ၅၄၆၂၂ ကို ကောင်းစွာအသုံးပြုနိုင်ခဲ့ကြောင်း ဗျူရိုမှ အရာရှိတစ်ဦးဖြစ်သူ လီကျင်ဟိုင်က ပြောကြားသည်။

ရပ်တန့်

သစ်ပင်များနှင့် မြက်ခင်းပြင်များ စိုက်ပျိုးမှုသည် ယခင်တိုက်စားခဲ့မှုများအနက် ဟက်တာ ၄၉၈၅၆ ရပ်တန့်သွားခဲ့ကြောင်း ၎င်းကပြောကြားသည်။ သို့မဟုတ် စုစုပေါင်း၏ ၈၂ ရာခိုင်နှုန်း

အမ်အင်အေ၊ဆင်ဟွာ

လာအို၌ ဆင်းရဲနွမ်းပါးမှုလျှော့ချမည်

ဟန်နွိုင်း ဇွန် ၂၂

လာအိုအစိုးရက လာမည့်ငါးနှစ်အတွင်း ဆင်းရဲနွမ်းပါးမှုများ လျှော့ချရန် မဟာဗျူဟာ စီမံကိန်းကို ချမှတ်ဆောင်ရွက်နေကြောင်း လာအိုသတင်းအေဂျင်စီအေပီအယ်က ဇွန် ၁၉ရက်၌ ဖော်ပြသည်။

လာအိုအစိုးရက ပြည်သူများအား အလုပ်အကိုင်များ ဖန်တီးပေးရန် ဆုံးဖြတ်ထားကြောင်း အထူးသဖြင့် ကျေးလက်နှင့် တောင်တန်းဒေသနေ ပြည်သူများအတွက် အလုပ်အကိုင်များ ပိုမိုဖန်တီးပေးမည် ဖြစ်ကြောင်း ထိုကာလအတွင်း အခြေခံ အဆောက်အအုံများ အဆင့်မြှင့်ကာ ဒေသများရှိ စိုက်ပျိုးရေး ထုတ်ကုန်များ မြှင့်တင်သွားမည်ဖြစ်ကြောင်း လာအိုဝန်ကြီးချုပ်၏မကြာသေးမီက ထုတ်ပြန်ထားသောကြေညာချက်တွင် ဖော်ပြသည်။

စွန့်လွှတ်

လာအိုအစိုးရက လယ်သမားများအား ခေတ်နောက်ကျသည့် စိုက်ပျိုးနည်းစနစ်များကို စွန့်လွှတ်ပြီး ခေတ်မီ နည်းပညာ အသုံးပြုစိုက်ပျိုးထုတ်လုပ် မွေးမြူရန် အားပေးမည်ဖြစ်ကြောင်း သိရသည်။

လာအိုအစိုးရက စိုက်ပျိုးရေး ထုတ်လုပ်မှု အထောက်အကူဖြစ်စေရန် နိုင်ငံတစ်ဝန်းလုံးရှိ အဆင်းရဲဆုံးခရိုင် ၄၇ခုအား ရွေးချယ်၍ တစ်ခရိုင်လျှင် အမေရိကန်ဒေါ်လာ ၄၉၅၀၀ ပေးမည်ဖြစ်ကြောင်း ယင်းငွေကြေး ထောက်ပံ့ခြင်းမှာ အခြေခံစီးပွားရေးလုပ်ငန်းများကို ပြုပြင်ပြောင်းလဲတီထွင် ဆန်းသစ်ရန် ဖြစ်ကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ

တရုတ်နိုင်ငံ ဟီနန်ပြည်နယ်တွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေလွှမ်းနေသည်ကို ဇွန် ၂၂ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

တောရိုင်းတိရစ္ဆာန်များ ကာကွယ်စောင့်ရှောက်ရေးအဖွဲ့ အိန္ဒိယနိုင်ငံတွင် မကြာမီဖွဲ့စည်းမည်

နယူးဒေလီ ဇွန် ၂၂

အိန္ဒိယနိုင်ငံသည် တောရိုင်းတိရစ္ဆာန်များအား ကာကွယ်စောင့်ရှောက်ရန်အတွက် တောရိုင်းတိရစ္ဆာန်များဆိုင်ရာ ရာဇဝတ်မှုနှိမ်နင်းရေး အထူးအဖွဲ့ကို မကြာမီ ဖွဲ့စည်းမည်ဖြစ်ကြောင်း သဘာဝပတ်ဝန်းကျင်နှင့် သစ်တောဝန်ကြီး အေရာဂျာက ဇွန် ၁၉ရက်တွင် ပြောကြားသည်။

ယင်းအဖွဲ့သည် တိရစ္ဆာန်များ၏ သားရေနှင့်ခန္ဓာကိုယ် အစိတ်အပိုင်းများအား မှောင်ခိုရောင်းဝယ်ခြင်းကို နှိမ်နင်းမည်ဖြစ်သည်။ တောရိုင်းတိရစ္ဆာန်များ ကာကွယ်စောင့်ရှောက်ရေးဥပဒေထုတ်ပြန်ရန်၊ တောရိုင်းတိရစ္ဆာန်ရာဇဝတ်မှု ထိန်းချုပ်ရေးအဖွဲ့ကို ဖွဲ့စည်းရန်နှင့် တိရစ္ဆာန်သားရေနှင့် ခန္ဓာကိုယ်အစိတ်အပိုင်းများ မှောင်ခိုရောင်းဝယ်ခြင်း ပပျောက်သွားရေးအတွက် လုပ်ဆောင်ရန် ဆုံးဖြတ်ချက်ချထားကြောင်း ရာဂျာက ပြောကြားလိုက်သည်။

ရဲတပ်ဖွဲ့နှင့် သစ်တောမှတာဝန်ရှိသူများနှင့် ဖွဲ့စည်းထားသော ယင်းအဖွဲ့တွင် ဗဟိုမှ ချုပ်ကိုင်ထားသော အာဏာရှိမည်ဖြစ်ပြီး ရာဇဝတ်မှုနှင့် အရေးယူဆောင်ရွက်မှုများတွင် လွတ်လပ်စွာ စုံစမ်းစစ်ဆေးခွင့်အာဏာ ပေးထားမည်ဖြစ်သည်။

အိန္ဒိယရှိ ပြည်နယ်အုပ်ချုပ်ရေးအဖွဲ့အားလုံးအား ၎င်းတို့ပြည်နယ်အတွင်းရှိ တိရစ္ဆာန်ဆိုင်ရာ ရာဇဝတ်မှုများနှင့်ပတ်သက်သော သတင်းအချက်အလက်များကို ပေးပို့ရန်နှင့် ယင်းအဖွဲ့က စုဆောင်းနေသော သတင်းအချက်အလက်များအတွက် အိန္ဒိယထောက်လှမ်းရေးအေဂျင်စီနှင့် ရဲတပ်ဖွဲ့က အထောက်အကူ ပေးမည်ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ

အမြန်ရထားလမ်းများ တည်ဆောက်ရေး ဒေါ်လာ ၃၁ဘီလီယံ ဖြည့်တင်းရန် ဗီယက်နမ်စီစဉ်

ဟန်နွိုင်း ဇွန် ၂၂

ဗီယက်နမ်နိုင်ငံသည် ၂၀၁၀-၂၀၁၅ ကာလအတွင်း အမြန်ရထားလမ်းလေးလမ်း တည်ဆောက်ရေးလုပ်ငန်းများတွင် အမေရိကန်ဒေါ်လာ ၃၁ ဘီလီယံ ထပ်မံဖြည့်တင်းသွားရန် စီစဉ်နေကြောင်း တာဝန်ရှိသူများက ဇွန် ၂၀ရက်က ပြောကြားသည်။

မီးရထားလမ်း လေးလမ်း တည်ဆောက်ရေးစီမံကိန်းတွင် ဟန်နွိုင်း-ဟိုင်ပေါင်၊ ဟန်နွိုင်း-ဗင့်ချ်၊ ဟိုချီမင်းစီးတီး-ဗန်တု၊ ဟိုချီမင်းစီးတီး-နာထရန်ဒေသ တည်ဆောက်ရေး အစီအစဉ်များကို ညီလာခံသို့ တင်ပြခဲ့သည်။ ယင်းမီးရထားလမ်းများတွင် မီးရထားများသည် အမြင့်ဆုံးအရှိန် ကီလိုမီတာ ၃၀၀အထိ ပြေးဆွဲနိုင်မည်ဖြစ်ကြောင်း ဗီယက်နမ် မီးရထားကော်ပိုရေးရှင်းမှ ပြောကြားသည်။

ဟန်နွိုင်းမြို့နှင့် တောင်ပိုင်းဟိုချီမင်းစီးတီးမြို့များနှင့် ဆက်သွယ်ထားသော မြောက်ပိုင်း၊ အလယ်ပိုင်း၊ တောင်ပိုင်းဒေသများ၏ အဓိကမြို့ကြီးများနှင့် ဆက်သွယ်မည့် စုစုပေါင်း မီးရထားလမ်းအရှည်သည် ကီလိုမီတာ ၉၀၀ ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ကမ္ဘာ့ အကြီးဆုံး ဆိုဖာထိုင်ခုံ

ကမ္ဘာ့အကြီးဆုံး ဆိုဖာထိုင်ခုံကြီးတစ်ခုကိုတွေ့ရစဉ်။ (ယာပုံ)

အဆိုပါ ဆိုဖာထိုင်ခုံကြီးကို ဂျော်ဒန်နိုင်ငံ အမ္မန်မြို့၌ ဂျော်ဒန်နိုင်ငံသားများက သီတင်းနှစ်ပတ်ကြာပြုလုပ်ခဲ့ကြပြီး အရှည်ခုနစ်မီတာနှင့် အမြင့်နှစ်မီတာရှိရာ ကမ္ဘာပေါ်တွင် အကြီးဆုံးဆိုဖာ ထိုင်ခုံကြီးတစ်ခု အဖြစ်ဂင်းနက်စ်မှတ်တမ်းဝင်မည်ဖြစ်သည်။ **(အင်တာနက်)**

ကမ္ဘာ့ အကြီးဆုံး ဥာဏ်စမ်းပဟေဠိစာရွက်



ကမ္ဘာ့အကြီးဆုံး ပဟေဠိဉာဏ်စမ်းစာရွက်ကြီးတစ်ခုကိုတွေ့ရစဉ်။ (ဝဲပုံ)

အဆိုပါ ပဟေဠိဉာဏ်စမ်းစာရွက်ကြီးကို ဆီးရီးယားနိုင်ငံ ဒမတ်စကတ်မြို့ရှိ အားကစားရုံကြီးတစ်ခုအတွင်း ပြသထားသည်။ ၎င်းပဟေဠိစာရွက်ကြီး၏ အရွယ်အစားမှာ မီတာ ၂၀၀ အကျယ်အဝန်းရှိပြီး စာရွက်လေးပေါင်း ၃၀၀၀ဖြင့် ဖွဲ့စည်းထားသည်။ အဆိုပါ ပဟေဠိဉာဏ်စမ်းစာရွက်ကြီးကို နှစ်လကြာမျှ ပြုလုပ်ခဲ့ရကြောင်း သိရသည်။

(အင်တာနက်)

ရုရှားအာကာသကုန်တင်ယာဉ် ပစိဖိတ်သမုဒ္ဒရာအတွင်း ပြန်လည် သက်ဆင်း

မော်စကို ဇွန် ၂၂

အာကာသအမှိုက်များ သယ်ဆောင်လာသည့် ရုရှားကုန်တင် အာကာသယာဉ်တစ်စိတ်တစ်ပိုင်းသည် နိုင်ငံတကာ အာကာသစခန်း (အိုင်အက်စ်အက်စ်) မှသီးခြားပျံသန်းခဲ့ပြီး သုံးနာရီအကြာ ဇွန် ၁၉ရက်က ပစိဖိတ်သမုဒ္ဒရာအတွင်းသို့ ကျရောက်ခဲ့ကြောင်း ရုရှားသတင်းဌာနက ဖော်ပြသည်။

ပရော့ဂရက်စ်အမ်-၅၅ အာကာသယာဉ်သည် မြေပြင်သို့ မသက်ဆင်းမီ အာကာသစခန်းမှ သုံးနာရီနီးပါး ခွာခဲ့ပြီးနောက် မော်စကိုစံတော်ချိန် ၉ နာရီ ၅၃ မိနစ် (ဂရင်းနစ်စံတော်ချိန် ၅ နာရီ ၅၃ မိနစ်)တွင် နယူးဇီလန်နိုင်ငံ၏ အရှေ့ဘက်ကီလိုမီတာ ၅၇၀၀ခန့်တွင် ပစိဖိတ်သမုဒ္ဒရာရှိ သတ်မှတ်ထားသော ရေပြင်သို့ကျရောက်ခဲ့ကြောင်း မော်စကိုပြင်ပရှိအာကာသယာဉ် ထိန်းချုပ်ရေးစခန်း၏ ပြောကြားချက်ကို ကိုးကား၍ သတင်းဌာနက ဖော်ပြသည်။

အိုင်အက်စ်အက်စ်အတွက် ထောက်ပံ့မှုများနှင့်အတူ ခြောက်လနီးပါး လှုပ်ရှားဆောင်ရွက်ခဲ့သော အဆိုပါ ကုန်တင်အာကာသယာဉ်သည် အာကာသစခန်းမှ အာကာသအမှိုက် တစ်တန်ကျော် သယ်ဆောင်ခဲ့သော်လည်း ကမ္ဘာမြေအဝန်းအဝိုင်းအတွင်း သက်ဆင်းလာခဲ့သောအခါ ယာဉ်၏ အစိတ်အပိုင်းအများစုမှာ မီးလောင်သွားခဲ့သည်။

လောလောဆယ်တွင် အခြား ထောက်ပံ့ရေးအာကာသယာဉ် ပရော့ဂရက်စ်အမ်-၅၆ နှင့် ဆိုယုဇ်တီအမ်အေ-၈ကို နိုင်ငံတကာအာကာသစခန်းသို့ လွှတ်တင်ရန်စီစဉ်ထားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

မြန်မာ့ရုပ်မြင်သံကြား

၂၃-၆-၂၀၀၆ရက် (သောကြာနေ့)
၁၃၆၈ ခုနှစ်၊ နယုန်လပြည့်ကျော်
၁၃ ရက် (အဖိတ်နေ့)

နံနက်ပိုင်း

၇:၀၀ ၁။ ကျေးဇူးရှင်မင်းကွန်း ဆရာတော်ကြီး နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇:၅၀ ၅။ လှုပ်ရှားပုံပြင်စိတ်ပျော်ရွှင်
၈:၀၀ ၆။ အတီးပြိုင်ပွဲ
၈:၀၅ ၇။ ကြေးမုံရိပ်သွင် တေးနယဉ်
၈:၁၅ ၈။ အကပြိုင်ပွဲ
၈:၂၀ ၉။ ဝမ်ပုံရေလှောင်တမံ
၈:၃၀ ၁၀။ International News
၈:၄၅ ၁၁။ English For Everyday Use
၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ တေးဂီတအစီအစဉ်
၁၆:၄၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ် (သင်္ချာအထူးပြု) (သင်္ချာ)
၁၇:၀၀ ၅။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာ တေးသံသာ
၁၇:၁၅ ၆။ မြန်မာစာ မြန်မာစကား
၁၇:၃၀ ၇။ နှောင်းခေတ်တေးပဒေသာ
၁၇:၄၅ ၈။ **"ဆွေမျိုးတော်ပေမယ့်"** ဒုရဲမှူး တင်လင်း၊ ဆောင်းအိန္ဒြေထွန်း၊ ဇေဒါ၊ (ဒါရိုက်တာ-သက်တင်)
၁၇:၅၀ ၉။ ဖွံ့ဖြိုးစည်ပင် တာလီစံပြကျေးရွာတစ်ခွင်
၁၈:၀၀ ၁၀။ ညနေခင်းသတင်း
၁၈:၃၀ ၁၁။ မိုးလေဝသအခြေအနေ
၁၈:၃၅ ၁၂။ သုတစုံလင်ရွှေဉာဏ်ရှင်
၁၉:၀၅ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ဖန်ပန်းလှလှ"** (အပိုင်း-၂၀) (ဇာတ်သိမ်းပိုင်း)
၂၀:၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ကြီးကြပ်မှုဖြင့် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့က စီစဉ်တင်ဆက်သော ခေတ်အဆက်ဆက် ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲ
၁၈။ နောက်တစ်နေ့အစီအစဉ်
၁၉။ အစီအစဉ်ပြီး၏။

မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့
စတုတ္ထအကြိမ်ညီလာခံ ၂၀၀၆ ခုနှစ်
ဇူလိုင်လ (၁)ရက်မှ (၂)ရက်
ပြည်ထောင်စုခန်းမ၊ ကျိုက္ကဆံကွင်း
ရန်ကုန်မြို့။

လွန်ခဲ့သည့်နှစ်ပေါင်း နှစ်သိန်းခွဲခန့်က ကျောက်လက်နက်တွေ့ရှိ

အင်္ဂလန်နိုင်ငံ အရှေ့တောင်ပိုင်း ကင့်မြို့အနီး ကော့တန်အရပ်၌ မြေအောက်မှနေ၍ ကျောက်လက်နက်တစ်ခုကို သုတေသနပညာရှင်များက ဇွန် ၂၀ ရက်က ရှာဖွေတွေ့ရှိခဲ့ကြရာ ၎င်းကျောက်လက်နက်သည် လွန်ခဲ့သော နှစ်ပေါင်းနှစ်သိန်းခွဲခန့်က ပြုလုပ်ခဲ့သောလက်နက်တစ်ခုဖြစ်ကြောင်း သိရသည်။

လက်နက်ပုံစံ

အဆိုပါ ကျောက်လက်နက်သည် အရှည်တစ်ပေ ခန့်ရှိပြီး ချွန်ထက်သောအသွားရှိရာ ယခုတိုင်အသုံးဝင်သည့် လက်နက်ပုံစံဖြစ်သည်။ ရှေးခေတ်လူသားတို့ အမဲလိုက်ရာတွင် အသုံးပြုသည့် ကျောက်လက်နက်တစ်ခုဖြစ်ပြီး မြစ်ရေများဖုံးလွှမ်းမှုနှင့် ရွှေ့ပြောင်းနေထိုင်မှုများကြောင့် မြေအောက်သို့ ရောက်ရှိခဲ့ခြင်းဖြစ်သည်။



အထောက်အကူပြု

၎င်းကျောက်လက်နက်သည် အင်္ဂလန်နိုင်ငံတွင် တွေ့ရှိသမျှ ရှေးဟောင်းကျောက်လက်နက်များ၌ ဒုတိယအကြီးမားဆုံး ကျောက်လက်နက် တစ်ခုဖြစ်ကြောင်း သိရသည်။ **(ဝဲပုံ)** ယခုကဲ့သို့ ကျောက်လက်နက် တွေ့ရှိရမှုသည် ရှေးခေတ်လူသားတို့ နေထိုင်မှုနှင့် ပတ်သက်၍ လေ့လာရာတွင် ကြီးမားသော အထောက်အကူပြု တစ်ရပ်ပင် ဖြစ်ကြောင်း သုတေသန ပညာရှင်များက ပြောဆိုသည်။

(ကိုးကား-အင်တာနက်)

ရှာရန်ရာနှုန်း ၈၀

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေသာချိန်ရှိပြီး မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

အင်တာနက် သတင်းနှင့် ဓာတ်ပုံများ

❒ **ရှေ့ဖုံးမှ**

လျော့ကျခဲ့

ကမ္ဘာ့ရေနံဝယ်လိုအားအနေဖြင့် အနောက်အာဖရိကဒေသနှင့် ကက်စပီယံဒေသတို့တွင် ရေနံဝယ်လိုအား ၃၉ ဒသမ၇ ရာခိုင်နှုန်းမှ ၃၈ဒသမ၄ ရာခိုင်နှုန်းသို့ လျော့ကျခဲ့သော်လည်း အာရှဒေသမှ အိန္ဒိယနှင့် တရုတ်နိုင်ငံတို့သည် ရေနံဝယ်လိုအား အလွန်မြင့်တက်ခဲ့ကြောင်းသိရသည်။

လျော့နည်း

ထိုသို့ ရေနံဝယ်လိုအားမြင့်မားနေခဲ့သော်လည်း ဥရောပ၏ အဓိက ရေနံထုတ်လုပ်သူနော်ဝေနိုင်ငံသည် ယခုနှစ်၌ ရေနံထုတ်လုပ်မှုကျဆင်းလျက်ရှိရာ ၂၀၃၀ပြည့်နှစ်တွင် တစ်နှစ်ရေနံထုတ်လုပ်မှု ၃ ဒသမ ၆ သန်းမှ ၂ဒသမ ၅သန်းအထိ ရေနံစည်များလျော့နည်းစွာ ထုတ်လုပ်နိုင်တော့မည် ဖြစ်သည်။

ကမ္ဘာ့ရေနံဈေးနှုန်းသည် မြင့်တက်နေမည်ဖြစ်သော်လည်း ရေနံအသုံးပြုမှုများပြားနေဆဲဖြစ်ရာ အစားထိုးလောင်စာများဖြစ်သည့် ကျောက်မီးသွေးနှင့် သဘာဝဓာတ်ငွေ့များမှရရှိမှုကို ပိုမိုအားပြုရမည့် အနေအထားရှိသည်။

(ကိုးကား-အင်တာနက်)

အိန္ဒိယ၏ သုတေသနပြု လုပ်ငန်းများအောင်မြင်နေ

အိန္ဒိယနိုင်ငံသည် သတင်းနည်းပညာရပ်များ ဖွံ့ဖြိုးတိုးတက်ရေးအရှိန်အဟုန်ဖြင့် ကြိုးစားဆောင်ရွက်လျက်ရှိရာ တစ်ဖက်ကလည်း ဇီဝဓာတု နည်းပညာတွင်လည်း နောက်ကျမကျန်ရစ်အောင် တစ်ပြေးညီ ဆောင်ရွက်လျက်ရှိသည်။

ရင်းနှီးမြှုပ်နှံမှု

ထိုသို့ ဇီဝဓာတုနည်းပညာဖွံ့ဖြိုးတိုးတက်ရေးတွင် သုတေသနပြုမှုကဏ္ဍသည် အရေးကြီးသော အစိတ်အပိုင်းတစ်ရပ်အဖြစ် ပါဝင်လျက်ရှိရာ အိန္ဒိယအစိုးရအနေဖြင့် သုတေသနပြုလုပ်ငန်းများ ယခုထက်ပိုမို ဖွံ့ဖြိုးရေးအတွက် ရင်းနှီးမြှုပ်နှံမှု ပိုမိုပြုလုပ်သွားမည်ဖြစ်သည်။

ကျယ်ပြန့်လာ

အိန္ဒိယနိုင်ငံသည် အိုင်တီနည်းပညာကို ကမ္ဘာနှင့်ရင်ပေါင်တန်းနိုင်အောင် စွမ်းဆောင်နိုင်ခဲ့ပြီး ဇီဝဓာတုနည်းပညာကဏ္ဍ တိုးတက်ရေးအတွက် သုတေသနပညာရှင်များကို စုစည်းကာ စနစ်တကျ လုပ်ငန်းစီမံကိန်းများ ဆောင်ရွက်နိုင်ရေးအတွက် ကြိုးစားစီစဉ်ပေးလျက်ရှိရာ အိန္ဒိယနိုင်ငံ၏ ကဏ္ဍအလိုက် သုတေသနနယ်ပယ်သည် ကြီးမားလာပြီး ဖွံ့ဖြိုးမှုကျယ်ပြန့်လာလျက်ရှိသည်။

အိန္ဒိယနိုင်ငံတွင် သုတေသနပြုမှုလုပ်ငန်းများ ထောင်ပေါင်းများစွာ ရှိနေပြီး အောင်မြင်ဖြစ်ထွန်းမှုများလည်း ရှိနေပြီဖြစ်ကြောင်း သိရသည်။

(ကိုးကား-အင်တာနက်)

အလုပ်ပြင်းပြင်းထန်ထန်လုပ်သူ ကိုယ်ဝန်ဆောင်အမျိုးသမီးများ မွေးလ၊ ရက် မစေ့မီ ကလေးမွေးဖွားနိုင်

အလုပ်ကို ပြင်းပြင်းထန်ထန်လုပ်သူများနှင့် စိတ်ဖိစီးမှုဒဏ်ခံရသူများအပြင် ကျန်းမာရေးချို့တဲ့သူများသည် မွေးလ၊ ရက် မစေ့မီ ကလေးမွေးဖွားတတ်ကြကြောင်း သုတေသနပညာရှင်များက ပြောကြားလိုက်သည်။

စိတ်ဖိစီးမှုဒဏ်ခံရ

လမစေ့မီ မွေးဖွားသော ကလေးငယ်များကို လေ့လာဆန်းစစ်သည့်အခါ သီတင်းပတ် ၂၄ပတ်နှင့် မွေးဖွားခဲ့သော ကလေးငယ်များ၏ မိခင်များသည် အလုပ်ကို ပင်ပန်းကြီးစွာ လုပ်ကိုင်ခဲ့သူများ၊ စိတ်ဖိစီးမှုဒဏ်ခံရသူများနှင့် ကျန်းမာရေးချို့ယွင်းသူများဖြစ်နေကြောင်း တွေ့ရှိရသည်ဟု လန်ဒန်မြို့မှ သုတေသနပညာရှင်များက ပြောကြားသည်။

ကိုယ်ကာယကြီးထွားမှု

ကိုယ်ဝန်ခြောက်လလွယ်ပြီးနောက် လ၊ရက် မပြည့်မီ မွေးဖွားလာသော ကလေးငယ်များမှာလည်း ဦးနှောက်ဖွံ့ဖြိုးမှုနှင့် ကိုယ်ကာယကြီးထွားမှု ပုံမှန်မဟုတ်ကြောင်း တွေ့ရှိရကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။

ထို့အတူ အသက်ရှင်သန်ကြီးထွားရန်ခက်ခဲပြီး အသက်ရှင်သန်ခဲ့သော်လည်း ဘဝတစ်လျှောက်လုံး၌ ကျန်းမာမှု၊ ပျော်ရွှင်မှုနှင့် ဉာဏ်ရည်အဆင့်မီမှုများမရှိတတ်ကြကြောင်း၊ ပုံမှန်မွေးဖွားသူများ ကွာခြားကြောင်းလည်း သုတေသနပညာရှင်များက ပြောကြားသည်။

ကျန်းမာရေးသတိရှိကြ

ထိုသို့ မွေးဖွားလာသော ကလေးများ၏ အသက်ရှင်ရပ်တည်ရေးကိုလည်း အစွမ်းကုန်ကြိုးစားစောင့်ရှောက်ရလျက်ရှိရာ ကိုယ်ဝန်ဆောင်ကာလတွင် အမျိုးသမီးများအနေဖြင့် အထူးဂရုစိုက်နေထိုင်ကြရန်နှင့် ကျန်းမာရေးသတိရှိကြရန်လည်း ၎င်းတို့က တိုက်တွန်းထားသည်။

(ကိုးကား-အင်တာနက်)

ဒလတပ်နယ် ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုး တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း အမှတ်တရစိုက်ပျိုးပေး

ရန်ကုန် ဇွန် ၂၂

ရန်ကုန်တိုင်း စစ်ဌာနချုပ် ဒလတပ်နယ် ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုးပွဲ အခမ်းအနားကို ယမန် နေ့ မွန်းလွဲ၁၂နာရီခွဲက အဆိုပါတပ်နယ်ရှိ နယ်မြေခံတပ်၌ကျင်းပရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း တက်ရောက်၍ အမှာစကားပြောကြားပြီး ခြံစည်းရိုး ကြက်ဆူပင်ကို အမှတ်တရ ပါဝင်စိုက်ပျိုးပေးသည်။

အမှာစကားပြောကြား

ရှေးဦးစွာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်မှူးချုပ် လှဌေးဝင်းက ခြံစည်းရိုးကြက်ဆူပင်များကို တပ်နယ်၊ တပ်ရင်း၊ တပ်ဖွဲ့များအလိုက် စုပေါင်းစိုက်ပျိုး၍ ရှင်သန်အောင် စနစ်တကျ ထိန်းသိမ်းကြရန် အမှာစကား ပြောကြားသည်။

ရှင်းလင်းပြောကြား

ထို့နောက် ဒလတပ်နယ် ခေတ္တတပ်နယ်မှူး ဗိုလ်မှူးသန်းကျော်က တပ်နယ်အတွင်း ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပြီးစီးမှုအခြေအနေကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းမှူးက အခမ်းအနားသို့ တက်ရောက်လာကြသူများအား ခြံစည်းရိုးကြက်ဆူ ပျိုးပင်များ ပေးအပ်သည်။

ကြည့်ရှုအားပေး

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ခြံစည်းရိုးကြက်ဆူပင်များကို အမှတ်တရ ပါဝင်စိုက်ပျိုးပေးကြပြီး တပ်ရင်း၊ တပ်ဖွဲ့များမှ စစ်သည်မိသားစုဝင်များနှင့်ဒေသခံပြည်သူများ၏ ခြံစည်းရိုး ကြက်ဆူပင် စုပေါင်းစိုက်ပျိုးနေမှုကို လိုက်လံကြည့်ရှု အားပေးကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အလားတူခြံစည်းရိုး ကြက်ဆူပင် စုပေါင်းစိုက်ပျိုးပွဲကို တွံတေးမြို့နယ် အလံအုပ်ကျေးရွာ၌ကျင်းပရာ တိုင်းမှူးက ပျိုးပင်များ ပေးအပ်၍ ခြံစည်းရိုး ကြက်ဆူပင်များ အမှတ်တရ ပါဝင် စိုက်ပျိုးပေးသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ တိုင်းမှူးသည် တွံတေးမြို့နယ် အလံအုပ်ကျေးရွာရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေး ဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန၏ အမျိုးသမီးများပြုစုစောင့်ရှောက်ရေးဌာနသို့ရောက်ရှိရာ ကျောင်းအုပ်ကြီး ဒေါ်သန်းဌေးနှင့် တာဝန်ရှိသူများက ဌာန၌ အမျိုးသမီးများအားအသက်မွေးဝမ်းကျောင်းပညာ သင်ကြားပေးခြင်းနှင့် သင်တန်းကာလ အတွင်း ပျော်ရွှင်စွာ နေထိုင်နိုင်ရေး အတွက် စီမံဆောင်ရွက် ပေးလျက်ရှိသည့် အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းမှူးက လိုအပ်သည်များစီမံဖြည့်ဆည်းဆောင်ရွက်ပေးပြီးသင်တန်းဆောင်များအတွင်းလိုက်လံ ကြည့်ရှု၍သင်တန်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးကြောင်းသတင်း ရရှိသည်။ **(သတင်းစဉ်)**

ဇွန်၁၆ရက်က ပုသိမ်မြို့ ကမ်းနားလမ်း ပန်းခြံဆိပ်ကမ်း၌ ဧရာဝတီတိုင်းငါးလုပ်ငန်းဦးစီးဌာနမှကြီးမှူး၍ ငဝန်မြစ်အတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားကျင်းပရာ ဧရာဝတီတိုင်း အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင် တက်ရောက် ငါးမျိုးများ စိုက်ထည့်ပေးစဉ်။ (သတင်းစဉ်)

ဧရာဝတီတံတား(ရတနာပုံ)တည်ဆောက်ရေးလုပ်ငန်းများ နောက်ဆုံးအဆင့် သံပေါင်ခုံးဆက်ခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိ

ရန်ကုန် ဇွန် ၂၂

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်သည် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးကြည်သိန်းနှင့် အဖွဲ့ဝင် များ၊ တာဝန်ရှိသူများလိုက်ပါလျက် ဇွန် ၆ ရက် ညနေ၄နာရီက အမရပူရမြို့နယ်ရှိ ဧရာဝတီတံတား(ရတနာပုံ) တည်ဆောက်ရေးစီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိကြသည်။

ရှေးဦးစွာ ရှင်းလင်းဆောင်၌ တိုင်းမှူးအား ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်း ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဌေးမြင့်က ဧရာဝတီတံတား (ရတနာပုံ)တည်ဆောက်ပြီးစီးမှု အခြေအနေများ၊ သံပေါင်တပ်ဆင်ပြီးစီးမှု အခြေအနေများ၊ စီမံကိန်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်မည့် အစီအမံများ၊ RP 4 နှင့် RP 5 အကြား သံပေါင်ခုံးဆက် တပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်မှုအခြေအနေများနှင့် လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းမှူးက လုပ်ငန်းလိုအပ်ချက်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းမှူးသည် တည်ဆောက်ရေး လုပ်ငန်းခွင်အတွင်း ရေယာဉ်ဖြင့် RP 4 နှင့် RP 5 အကြား နောက်ဆုံးအဆင့် သံပေါင်ခုံး ဆက်တပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု၊ သံပေါင်ခုံး နှစ်ဖက်ဆက်မိသည့်နေရာတွင် ပင်တပ်ခြင်း၊ ဘိုးလ်နတ်တပ်ဆင်ခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို အနီးကပ်လှည့်လည် ကြည့်ရှုစစ်ဆေးပြီး တည်ဆောက်ရေး လုပ်ငန်းများ အားလုံး သတ်မှတ်ချိန်အမီ ပြီးစီးရေး၊ လုပ်ငန်းခွင်အတွင်း ဘေးအန္တရာယ်ကင်းရှင်းအောင် ဂရုပြုဆောင်ရွက်ရေးနှင့် သတ်မှတ်စံချိန်စံညွှန်း ပြည့်မီအောင် ကြိုးပမ်းဆောင်ရွက်ရေး မှာကြားကာ ပြန်လည်ထွက်ခွာသွားသည်။

အဆိုပါ ဧရာဝတီတံတား(ရတနာပုံ)မှာ တံတားအရှည် ၅၆၁၄ ပေ၊ လေးလမ်းသွား ယာဉ်သွားလမ်းအကျယ် ၄၉ ပေနှင့် လမ်းတစ်ဖက်လျှင် လူသွားလမ်း ခြောက်ပေစီ ပါရှိသည့် သံမဏိသံပေါင်တံတား အမျိုးအစားဖြစ်ပြီး ယခုအခါတံတား တစ်စင်းလုံး သံပေါင်တပ်ဆင်ခြင်း လုပ်ငန်းတွင် နောက်ဆုံးအဆင့်ဖြစ်သည့် RP 4 နှင့် RP 5 အကြား သံပေါင်ခုံးဆက်ခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိရာ သံပေါင်ခုံး နှစ်ဖက်ဆက်မိပြီးဖြစ်၍ ပင်တပ်ခြင်း၊ ဘိုးလ်နတ်တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ တံတားတစ်စင်းလုံး တည်ဆောက်ခြင်း လုပ်ငန်း၏ ၈၆ ဒသမ ၁ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာ မြို့နယ်မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်းက ဖွင့်လှစ်သော ဆယ်အိမ်စုမှူး အကောင် အထည်ဖော်ရေး ဆင့်ပွား သင်တန်း ဖွင့်ပွဲကို မေ၁၉ရက်က အမှတ်(၃) အခြေခံပညာ အလယ်တန်းကျောင်း ခန်းမ၌ကျင်းပရာ ရာသက်ပန် အဆိုပြုလွှာ ၅၀၀ ကို မြို့နယ်မိခင်နှင့် ကလေး စောင့်ရှောက်ရေး အသင်း ဥက္ကဋ္ဌဒေါ်မြင့်ခင်က ခရိုင်မိခင်နှင့် ကလေး စောင့်ရှောက်ရေးကြီးကြပ် ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်စောရွှေထံပေး အပ်စဉ်။ (၁၈၀)

ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇွန် ၂၂

ရန်ကုန်မြို့ ရှစ်မိုင် မစိုးရိမ်ရွှေကျင်တိုက်သစ် မစိုးရိမ်ဆရာတော်၏ (၁၅)နှစ်ပြည့် အထိမ်းအမှတ် ပူဇော်ပွဲနှင့် ရှစ်မိုင်မစိုးရိမ်ရွှေကျင်တိုက်သစ်၌ ဝါဆိုဝါကပ်တော်မူကြသည့် သံဃာတော်အပါး ၁၂၀ နှင့် ပင့်သံ ဃာတော် ၃၀ တို့အား စုပေါင်းဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ၁၃၆၈ ခုနှစ် ဝါဆိုလပြည့်ကျော် ၇ ရက် နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်ရာ လှူဒါန်းလိုသူများ သာသနာ့ အကျိုးဆောင်အဖွဲ့ ရှစ်မိုင်မစိုးရိမ် ရွှေကျင်တိုက်သစ် မရမ်းကုန်းမြို့နယ် ဖုန်း-၆၆၂၂၁၃သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

အမှတ်(၁)စက်မှုဝန်ကြီးဌာနအောက်ရှိ စက်ရုံများ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် အကျိုးတူဆောင်ရွက်သွားမည်

ရန်ကုန် ဇွန် ၂၂

အမှတ်(၁)စက်မှုဝန်ကြီးဌာနအောက်ရှိ ချည်မျှင်နှင့် အထည်စက်ရုံ(ပွင့်ဖြူ)၊ မန္တလေးဘီယာစက်ရုံ၊ ရန်ကုန် အမှတ်(၁)စီးကရက်စက်ရုံ၊ ပခုက္ကူအမှတ်(၂) စီးကရက်စက်ရုံ၊ အလုံအချိုရည်နှင့်ရေခဲစက်ရုံ၊ မန္တလေးအချိုရည်စက်ရုံ၊ အလှကုန်ပစ္စည်းစက်ရုံ (ရန်ကုန်)၊ သန်လျင်ဖန်ချက် စက်ရုံ၊ သဘော်ဆေးစက်ရုံ၊ အပ်ချုပ်စက်-စက်ရုံ(ကျောက်ဆည်) နှင့် မြန်မာ့စက်ဘီးစက်ရုံ(ရန်ကုန်)တို့ကို ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။

ရောင်းချသွားမည်

အဆိုပါ စက်ရုံများကို အကျိုးတူပူးပေါင်းဆောင်ရွက်ရာတွင် နိုင်ငံတော်အပိုင်းက စက်ရုံ၏ ၅၁ရာခိုင်နှုန်းကို ထည့်ဝင်မည်ဖြစ်ပြီး ကျန်၄၉ရာခိုင်နှုန်းကို အများပြည်သူများအား ရှယ်ယာခေါ်ယူ၍ ရောင်းချသွားမည်ဖြစ်သည်။

အကျိုးတူပူးပေါင်းဆောင်ရွက်သည့် စက်ရုံများ၏ အုပ်ချုပ်မှု၊ စီမံခန့်ခွဲမှုအပိုင်းတွင် နိုင်ငံတော်အပိုင်းနှင့် ပုဂ္ဂလိကအပိုင်းထည့်ဝင်သည့် ရှယ်ယာအပေါ်မူတည်၍ မျှတစွာ ဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်သည်။

ဒါရိုက်တာအဖွဲ့ ဖွဲ့စည်းရာတွင် ရှယ်ယာထည့်ဝင်သူတိုင်း ဝင်ရောက်ယှဉ်ပြိုင်ရွေးချယ်ပိုင်ခွင့်ရှိပြီး ဒါရိုက်တာ အဖွဲ့ကိုလည်း တစ်နှစ်တစ်ကြိမ် ပြန်လည်ရွေးချယ်မည်ဖြစ်သည်။

ကနဦးရှယ်ယာတစ်ခု၏ တန်ဖိုးကိုငွေတစ်သန်းသတ်မှတ်ပြီး ၎င်းရှယ်ယာတန်ဖိုးကို တစ်နှစ် တစ်ကြိမ် ပြန်လည်တွက်ချက်သတ်မှတ်မည်ဖြစ်သည်။ ရှယ်ယာများကို ရောင်းချပိုင်ခွင့်နှင့် လွှဲပြောင်းပိုင်ခွင့်ရှိမည်ဖြစ်သည်။

အကျိုးတူပူးပေါင်းဆောင်ရွက်မှုသက်တမ်းကို အနည်းဆုံး၁၀နှစ် သတ်မှတ်မည်ဖြစ်ပြီး လိုအပ်ပါက သက်တမ်း တိုးနိုင်သည်။

နိုင်ငံတော်ပိုင်းနှင့် ပုဂ္ဂလိကများ ပူးပေါင်းဆောင်ရွက်၍ တည်ထောင်ထားသည့် ဖက်စပ်လုပ်ငန်းကိုဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း နိုင်ငံတော်ကသိမ်းယူခြင်းမပြုပေ။ အကျိုးတူ ပူးပေါင်းဆောင်ရွက်မှု ဖွဲ့စည်းတည်ထောင်ရာတွင် နိုင်ငံတော်ကသတ်မှတ်ထားသည့် လုပ်ထုံးလုပ်နည်းများနှင့်အညီ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မတီသို့ တင်ပြအတည်ပြုချက်ရယူခြင်း၊ ကုမ္ပဏီများ မှတ်ပုံတင်ရေးဦးစီးဌာန၌ မှတ်ပုံတင်ခြင်းစသည်တို့ကို ဆောင်ရွက်မည်ဖြစ်သည်။

အကျိုးတူပူးပေါင်းဆောင်ရွက်ရာတွင် သင်းဖွဲ့စည်းမျဉ်းများအတိုင်း လိုက်နာဆောင်ရွက်မည်ဖြစ်ပြီးသင်းဖွဲ့ စည်းမျဉ်းများကိုလည်း ရှယ်ယာရှင်များနှင့် ပူးပေါင်းရေးဆွဲသွားမည်ဖြစ်သည်။

ပူးပေါင်းဆောင်ရွက်လို၍ဖိတ်ခေါ်

ယင်းစက်ရုံများမှ ထုတ်လုပ်သောပစ္စည်းများသည် အရည်အသွေးကောင်းမွန်ပြီး ဈေးကွက်၌ လူကြိုက်များသော ထုတ်ကုန်ပစ္စည်းများဖြစ်သည့်အပြင် စက်ရုံအလိုက်အကျိုးအမြတ်ရှိသောစက်ရုံများဖြစ်သည်။ ဈေးကွက် စီးပွားရေး စနစ်နှင့်အညီ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လို၍ ဖိတ်ခေါ်ခြင်းဖြစ်သည်။ အဆိုပါ စက်ရုံ ၁၁ရုံသည် ပထမအဆင့်ဖြစ်ပြီး ကျန်စက်ရုံများကို ဒုတိယအဆင့်ထပ်မံဖိတ်ခေါ်သွား မည်ဖြစ်သည်။

အဆိုပါစက်ရုံများကို ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် အကျိုးတူပူးပေါင်း ဆောင်ရွက်မည့် ကိစ္စနှင့်ပတ်သက်၍ ရှင်းလင်းပွဲကို ဇွန်၂၆ရက် (တနင်္လာနေ့) မွန်းလွဲ၁နာရီတွင် နေပြည်တော်ရှိ အမှတ်(၁)စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်သဖြင့် အကျိုးတူပူးပေါင်းဆောင်ရွက်လိုသည့် လုပ်ငန်းရှင်များ တက်ရောက်ကြရန် ဖိတ်ခေါ်ပါကြောင်း၊ အချို့လုပ်ငန်းရှင်များထံသို့ ဖိတ်ကြားစာများပေးပို့ထားပြီး ဖိတ်ကြားစာမရရှိသည့် လုပ်ငန်းရှင်များအနေဖြင့် ရှင်းလင်းပွဲသို့တက်ရောက်လိုပါက နေပြည်တော်ရှိဖုန်း ၀၆၇-၄၀၈၀၈၁၊ ၀၆၇-၄၀၈၃၃၇၊ ၀၆၇-၄၀၈၁၂၉နှင့် ရန်ကုန်ရုံးခွဲရှိဖုန်း ၅၇၇၀၇၄၊ ၅၆၂၆၄၀၊ ၅၆၂၂၀၁ တို့သို့ ဆက်သွယ်နိုင်ကြောင်း သတင်း ရရှိခဲ့သည်။ (သတင်းစဉ်)

✡ ကျောဖုံးမှ

ကြေညာရောင်းချ

အထူးရောင်းချပွဲ ပြည်တွင်း ပုလဲရောင်းချပွဲ အစီအစဉ်အရ ယနေ့ နံနက်၉နာရီမှ နံနက် ၁၁နာရီခွဲအထိ ပုလဲအတွဲ ၂၀၀ကို တင်ဒါ စနစ်ဖြင့် လည်းကောင်း၊ ပုလဲအတွဲ ၅၀ ကို ဈေးပြိုင်စနစ်ဖြင့် မွန်းလွဲပိုင်းမှ ညနေပိုင်းအထိ လည်းကောင်း၊ တင်ဒါပုံးများ ဖွင့်ဖောက်ပြီး ခေတ်မီ ကွန်ပျူတာစက်များဖြင့် စစ်ဆေးကာ ပုလဲအတွဲလိုက် တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့် အောင်မြင်သူ ရတနာကုန်သည်များ၏ အမည်စာရင်းကို ကြေညာရောင်းချပေးသည်။

ယနေ့ စတင်ရောင်းချသည့် ပုလဲရောင်းချပွဲသို့ ပြည်တွင်း မှ ရတနာကုန်သည် ၄၇ ဦးတက်ရောက်ပြီး ပုလဲအတွဲပေါင်း ၂၅၀ တင်ပြ ရောင်းချသည့်အနက် ပုလဲ အတွဲ ၂၁၃တွဲကို မြန်မာ ကျပ်ငွေ ခြောက်ထောင်ရှစ်ရာလေးဆယ့်သုံးသိန်း ရှစ်သောင်းနှစ်ထောင့် သုံးရာ ငါးဆယ်ဖြင့် ဝယ်ယူသွား ကြသည်။

အထူးရတနာရောင်းချပွဲ ပြည်တွင်းပြည်ပမှရတနာကုန်သည် ၂၁၅၇ဦးရောက်ရှိ

ရန်ကုန် ဇွန် ၂၂

၂၀၀၆ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲအထူး ရောင်းချပွဲသို့ ယနေ့ ညနေ ၄နာရီအထိ ပြည်ပနိုင်ငံ ကိုးနိုင်ငံ ကုမ္ပဏီ၃၇၂ခုမှ ရတနာကုန်သည် ၁၄၀၀နှင့် ပြည်တွင်း ကုမ္ပဏီ၃၃၀မှ နိုင်ငံသား ရတနာကုန်သည် ၇၅၇ဦး စုစုပေါင်း ပြည်တွင်း၊ ပြည်ပရတနာကုန်သည် ၂၁၅၇ဦးရောက်ရှိနေကြပြီး ရတနာ အတွဲများကို ကြည့်ရှုလေ့လာကြသည်။ (သတင်းစဉ်)

ဇွန် ၂၃ ရက်တွင် မြန်မာ့ကျောက်မျက်ရတနာဈေးပြိုင်ခန်းမ၌ ပုလဲအတွဲနှင့် ကျောက်မျက် အတွဲများကို ပြည်ပရတနာကုန်သည်များအား ယူရိုငွေဖြင့် တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့် ရောင်းချပေးသွားမည် ဖြစ်သည်။ **(သတင်းစဉ်)**

နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ် (၈၆) ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇွန် ၂၂

ပြန်ကြားရေးဝန်ကြီးဌာနက ကြီးကြပ်စီစဉ်ထုတ်ဝေသော နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၈၆)ကို ယနေ့ ဖြန့်ချိလိုက်သည်။ **(အပေါ်ပုံ)**

ကြည်အောင် (ကေတုမတီ)၊ မြင်းမူမောင်နိုင်မိုး၊ ကိုတက္ကသိုလ်၊ ဖိုးရန်နိုင်(ကျောက်ကြီး)၊ ရွှေညာသား မြတ်မင်း၊ ချစ်ဒေါင်းနွယ်၊ အသုတ် မောင်ဝင်းရောင်၊ စောငယ်ငယ်(မိုးညှင်း)၊ ဝင့်မွန်ထွန်း၊ ခွန်ဇော်(ဟိုပုန်း)၊ မောင်လူဝေး၊ အောင်သာဆန်း(သံတွဲ) တို့၏ အဖွင့်ကဗျာများ၊ ကထိက ရဟန်း၊ ပဏ္ဍိတာနန္ဒ(တကောင်း)၊ စောမုံညင်း၊ မကြန်၊ ဒေါက်တာ မတင်ဝင်း၊ တက္ကသိုလ်တင်ခ၊ မောင်ခင်မင်(ဓနုဖြူ)၊ မြန်မာ့အသံ သိန်းဟန်၊ ဝင်းနိုင်သောင်း၊ နီမင်းညို၊ မင်းဗထူး၊ အောင်ဇင်၊ မြင့်သိန်းအောင်၊ စစ်တွေမေလတ်ဖ်၊ စကုဆွေသစ်၊ နီငြိမ်း (အညာတက္ကသိုလ်)၊ မောင်စိုးထိုက် (သုံးဆယ်)၊ ပခုက္ကူဦးအုံးဖေ၊ စိုးမြင့်ငြိမ်း၊ မောင်မြတ်မွန် (ဆူးလေ)၊ တက္ကသိုလ်စိုးယဉ်၊ မွေးငယ်ငယ်၊ကျော်ဇောဟိန်း(ဒေါပုံ) တို့၏ ဆောင်းပါးများ၊ ဆင်ဖြူကျွန်း အောင်သိန်း၊ လယ်တွင်းသားစောချစ်၊ တက္ကသိုလ်တင်လကျာ်၊ စစ်ကိုင်းစိမ်းစိမ်း၊ ရွှေဘို ဘာမထီခင်အောင်၊ ကော့မှူးဖူဆ္ဍာကြီးတို့၏ ဝတ္ထုတို၊ ဝတ္ထုရှည်၊ ပြဇာတ်နှင့် ကာတွန်းများအပြင် ဗုဒ္ဓစာဥယျာဉ်၊ တောလေ့စာပန်းချီ၊ ကလေးတို့အတွက် ကဗျာလက်ဆောင် စာလက်ဆောင်၊ ကဗျာ ပန်းရုံရိပ်၊ အမျိုးသမီးကဏ္ဍ၊ တိုင်းရင်းသားကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ ပုံပြင်ကဏ္ဍ စုံလင်စွာ တင်ဆက်ထားသည်။ အဆိုပါ မဂ္ဂဇင်းကို နိုင်ငံ့ဂုဏ်ရည် စာပေတိုက်၊ သတင်းနှင့် စာနယ်ဇင်း လုပ်ငန်း စာအုပ်ဆိုင်၊ စာပေဗိမာန်စာအုပ် ဆိုင်နှင့် အခြားဆိုင်ကြီးများအပြင် မြို့နယ် အသီးသီးရှိ စာအုပ်ဆိုင်ကြီး များတွင်လည်း ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

မူးယစ်ဆန့်ကျင်အောင်ပွဲဝင်

❑ သားသမီး အလို
ဘာမဆို အကြိုက်
အလိုလိုက် ချစ်ပုံမှား။

❑ သင့်တာ မသင့်တာ
မှန်တာ မှားတာ
ကောင်းတာ ဆိုးတာ
ကြောင်းကျိုးပြကာ မသွန်သင်
မကောင်းခြင်းယှဉ်ကာ လမ်းပြမှား။

❑ လမ်းမှားတော့ လော်လီ
မလျော်ညီ အပေါင်းအသင်းနဲ့
မူးယစ် ဆေးစွဲခြင်း
ဆေးလိပ်က စတင်
စိတ်ကိုပင် အလိုလိုက်
ပင့်ရှိုက်ကာ ဆေးကိုရှူ
အဖြူရည်ကို အကြောမှာသွင်း
ချက်ချင်းပဲ စည်းစိမ်ရမလား
မှားပြီးရင်း မှားကြ
နိဂုံးမလှတဲ့ ဘဝရဲ့။

❑ ဘဝ ရှုံးမယ်...
လူညွန့်တုံးမယ်...
အသက်ဆုံးမယ်...
ကာကွယ်သွေ့ရှောင် အလေးထား
အန္တရာယ် အထွေထွေကြီးမားသမို့
အမျိုးသားရေးအသွင်ဖြင့်
ဆန့်ကျင်ကာ တိုက်ဖျက်ကြမယ်
မြန်မာ့အောင်ပွဲ။
တက်ကြွ...ဆင်နွှဲ။ ။

ခြိမ့်နိုင်

ကမ္ဘာ့ ရွှေရင်အေး ဆရာတော်ကြီး ဝိဇာတ အလှူတော်မင်္ဂလာ ကျင်းပမည်

ရန်ကုန် ဇွန် ၂၂

ပြည်မြို့ ရတနာမာန်အောင်တောရ ကမ္မဋ္ဌာန်းအလင်းပြတိုက်ကြီး၏ ဦးစီးပဓာနနာယက ဆရာတော် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ဝိစ္ဆာဗလ(ကမ္ဘာ့ရွှေရင်အေး) (ရွှေမျိုင်းနားဆရာတော်ကြီး)၏ သက်တော်ရာပြည့် ဝိဇာတအလှူတော်မင်္ဂလာကို (၁၃၆၈ခုနှစ် ဝါဆိုလပြည့်ကျော် ၃ရက်) ဇူလိုင်၁၂ရက် (ဗုဒ္ဓဟူးနေ့)တွင် ဆရာတော်ကြီး၏ မွေးဖွားရာဇာတိဖြစ် သော မန္တလေးတိုင်း ပျော်ဘွယ်မြို့နယ် မဟာဆားတောင်ရွာ ရာပြည့်ကျောင်းတော်ကြီး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ဆက်ကပ်မည်

ဇူလိုင် ၁၁ရက် (အင်္ဂါနေ့)ည ၇နာရီတွင် ဓမ္မဒူတအရှင်ဆေကိန္ဒ (သာသနဓဇဓမ္မာစရိယ၊ သဒ္ဓမ္မနေပုည ဓမ္မာစရိယ သာသနဇောတိပါလ ဓမ္မာစရိယ)က ရာပြည့်မဟာကုသိုလ်ထူး အကြိုတရားဟောကြားချီးမြှင့်မည်ဖြစ်ပြီး နံနက် ၈နာရီတွင် ရာပြည့် ဝိဇာတအလှူတော်မင်္ဂလာကို ကျင်းပ၍ နံနက် ၉နာရီခွဲတွင် ပင့်သံဃာတော်အပါး ၁၀၀၀တို့အား လှူဖွယ်ဝတ္ထုအစုစုတို့ဖြင့် ဆက်ကပ် လှူဒါန်းမည်ဖြစ်သည်။

ဟောကြားမည်

ယင်းနေ့ည ၇နာရီတွင် အရှင်ပညာဇောတ (သာသနဓဇ၊ သီရိပဝရဓမ္မာစရိယ၊ ဒီဃဘာဏက၊ ဒီဃနိကာယ ကောဝိဒ၊ ပိဋကတ်တစ်ပုံဆောင်) မဟာဗုဒ္ဓါရာမ ဝိဟာရရေလဲလေးမြို့ မအူပင်ခရိုင်က ရာပြည့် ဝိဇာတ မဟာကုသိုလ်ထူးအောင်ပွဲတရား ဟောကြားချီးမြှင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်မြို့ ဇောတိကာရုံပါဠိတက္ကသိုလ် ဝါဆိုသင်္ကန်းစုပေါင်းကပ်လှူပွဲကျင်းပမည်

ရန်ကုန် ဇွန် ၂၂

ပြည်မြို့ ဇောတိကာရုံပါဠိတက္ကသိုလ်ကျောင်းတိုက်၌ ၁၃၆၈ခုနှစ် ပုရိမဝါကပ်တော်မူကြမည့် ပဓာနနာယကဆရာတော် ဘဒ္ဒန္တကုဏ္ဍလဇောတိ(အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌအမှူးပြုသော စာချ၊ စာသင်သံဃာတော် ၅၀၀ကျော်တို့အား ဇောတိကာရုံပါဠိတက္ကသိုလ် ပါဠိတက္ကသိုလ်ပရိယတ္တိသာသနနုဂ္ဂဟအဖွဲ့ကကြီးမှူးပြီး ဝါဆိုသင်္ကန်းစုပေါင်းကပ်လှူပွဲကို (၁၃၆၈ ခုနှစ် ဝါဆိုလပြည့်ကျော်၁ရက်)ဇူလိုင် ၁၀ရက်(တနင်္လာနေ့)ညနေ၄နာရီတွင် ကျင်းပမည်ဖြစ်သည်။

လှူဒါန်းဆက်ကပ်လိုသူများသည် တရုတ်စီပိုင်စီတစ်စုံလျှင် ငွေကျပ် ၄၀၀၀၊ ပေါ်ပလင်သင်္ကန်းတစ်စုံလျှင် ငွေကျပ်၃၀၀၀နှုန်းဖြင့် အဖွဲ့ဝင်လူကြီးများနှင့် နာယကဆရာတော်များထံသို့ လည်းကောင်း၊ ဇောတိကာရုံပါဠိတက္ကသိုလ်ကျောင်းတိုက် ဖုန်း–၀၅၃–၂၁၄၈၅၊ ၂၅၈၁၅နှင့် ၂၂၈၁၆သို့လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့

၂၆–၆–၂၀၀၆

International Day Against Drug Abuse and Illicit Trafficking

26-6-2006

မူးယစ်ဒုက္ခ မပေါ့ဆနှင့်

DRUGS ARE NOT CHILD'S PLAY

ဝမ်းတွင်း၌ မိုးရာသီစုပေါင်း သန့်ရှင်းရေးဆောင်ရွက်

ရန်ကုန် ဇွန် ၂၂

ဝမ်းတွင်းမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ဦးဆောင်မှုဖြင့် သွေးလွှန်တုပ်ကွေးနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ရေးကို အထောက်အကူပြုစေရန် အတွက် မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဦးဆောင်၍ သဲတော–ဝမ်းတွင်းလမ်းဘေးဝဲယာ တစ်လျှောက်တွင် မေ၂၈ ရက်က စုပေါင်း သန့်ရှင်းရေး ဆောင်ရွက်ကြသည်။

ယင်းသို့ ဆောင်ရွက်ရာသို့ မြို့နယ်စည်ပင်သာယာရေး အဖွဲ့အမှုဆောင်အရာရှိ ဦးစောထွန်းစိန်နှင့် ဝန်ထမ်းများ၊ မြို့နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဒေါ်ခင်လှိုင်မြင့်နှင့် အသင်းဝင်များ၊ မြို့နယ် မီးသတ်ဦးစီးမှူး ဦးမြင့်ဦးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဝမ်းတွင်း (၃)ရပ်ကွက်နှင့် သဲတော(၁)ရပ်ကွက်မှ ပြည်သူများ စုစုပေါင်းအင်အား ၂၅၀ကျော်တို့က တပျော်တပါး ပါဝင်ဆောင်ရွက်ကြကြောင်း သိရသည်။

(အပေါ်ပုံ) (မြို့နယ်ပြန်/ဆက်)

နိုင်ငံတော်အစိုးရပိုင်မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့်ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ ဖြစ်သည်။

၂၀၀၆ခုနှစ် ဇွန်လအတွက် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)

၂၅–၆–၂၀၀၆ ရက်နေ့

၂၀၀၆ခုနှစ် ဇူလိုင်လအတွက်

၉–၇–၂၀၀၆ ရက်နေ့

နှင့်

၃၀–၇–၂၀၀၆ ရက်နေ့

၂၀၀၆–၂၀၀၇ခုနှစ်ဘောလုံးရာသီ Myanmar League ဖွင့်မည်

ရန်ကုန် ဇွန် ၂၂

၂၀၀၆–၂၀၀၇ခုနှစ် ဘောလုံးရာသီပြိုင်ပွဲများကို ဇွန်၂၆ရက်မှ စတင်ပြုလုပ်မည်ဖြစ်ပြီး ဘောလုံး ရာသီကွင်းဖွင့်ပွဲအဖြစ် အထူး ခြေစမ်းပွဲကို ဇွန်၂၄ရက် အောင်ဆန်း ကစားပြိုင်ဝင်းတွင် ညနေ ၃နာရီမှ စတင်၍ ကျင်းပမည်ဖြစ်သည်။

ဆုချီးမြှင့်

အထူးခြေစမ်းပွဲစဉ်တွင် ယမန်နှစ်အမှတ်ပေးချန်ပီယံ ဘဏ္ဍာ/အခွန်အသင်းနှင့် ကွင်းပိတ်(ရှုံးထွက်)ချန်ပီယံ စွမ်းအင်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး ပြိုင်ပွဲအပြီးတွင် အကောင်းဆုံး ဘောလုံးသမားဆုနှင့် ယှဉ်ပြိုင်ကစားသည့် အသင်းနှစ်သင်းကိုလည်း ဆုဖလား၊ ဆုတံဆိပ်နှင့် ဆုကြေးငွေများချီးမြှင့်ပေးသွားမည်ဖြစ်သည်။

Myanmar League ဖွင့်ပွဲအခမ်းအနား၌ ၂၀၀၆–၂၀၀၇ခုနှစ် ဘောလုံးရာသီတွင် ပါဝင်ယှဉ်ပြိုင်မည့် အဆင့်မြင့်တန်း၊ ပထမတန်း၊ ဒုတိယတန်း၊ တတိယတန်းနှင့် U-20လူငယ်အသင်းများအတွက် ယမန်နှစ်များနည်းတူ ပြိုင်ပွဲသုံး(Match Ball)များကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ထောက်ပံ့ ချီးမြှင့်သွားမည်ဖြစ်သည်။

ဖလားဘောလုံးပြိုင်ပွဲ

၂၀၀၆–၂၀၀၇ခုနှစ် ဘောလုံးရာသီ ပထမတန်း၊ ဒုတိယတန်း၊ တတိယတန်းကွင်းဖွင့်ဖလားဘောလုံးပြိုင်ပွဲများကို ဇွန် ၂၆ရက်မှစ၍ ပဒုမ္မာကွင်း၊ ပဒေသာကွင်းနှင့် တောင်ဥက္ကလာ ပဒေသာကွင်းတို့တွင် ပြုလုပ်မည်ဖြစ်ပြီ၊ အဆင့်မြင့်တန်း ကွင်းဖွင့်ဖလား ဘောလုံးပြိုင်ပွဲများကို ဇွန်၂၈ ရက်မှစ၍ အောင်ဆန်းကစားပြိုင်ဝင်းနှင့် သုဝဏ္ဏအားကစားကွင်းတို့တွင် ကျင်းပမည်ဟု သိရသည်။

(မြန်မာ့အလင်း)

ပြည်တွင်းပြည်ပအဖျက်သမားများ၏အကြံနှင့် သတိပြုသင့်သော

ပြည်ပဆရာကြီးများက ၎င်းတို့၏သြဇာကိုမနာခံသော၊ ၎င်းတို့သြဇာလွှမ်းမိုး၍မရသော ကျွန်တော်တို့နိုင်ငံကို Political Warfare နိုင်ငံရေးစစ်ဆင်မှုပြုလုပ်ရမည့် နိုင်ငံအဖြစ် သတ်မှတ်ထားကြောင်း အားလုံးအသိပင်ဖြစ်ပါသည်။ ထို့ကြောင့်လည်း မြန်မာနိုင်ငံ၏ မိတ်ဆွေနိုင်ငံများ၊ ထောက်ခံအားပေးနိုင်ငံများကို ဖိအားပေးကာ တွန်းတွန်းတိုက်တိုက်လုပ်နေပြီး ကုလသမဂ္ဂလုံခြုံရေးကောင်စီကပါ ဝင်ရောက်အရေးယူစွက်ဖက်ရန်အထိ နိုင်ငံရေးစစ်ဆင်မှုလုပ်နေသည်ကို အထူးသတိပြုကြရမည်ဖြစ်ပါသည်။

အမေရိကန်လူမျိုး မီဒီယာသမား John Scott ရေးသားသည့် Political Warfare နိုင်ငံရေးစစ်ဆင်မှုစာအုပ်တွင် နိုင်ငံရေးစစ်ဆင်မှု၏ ရည်ရွယ်ချက်များအဖြစ် ရန်သူကို အင်အားချည့်နဲ့သွားအောင်၊ ဖြစ်နိုင်လျှင် ပျက်စီးသွားအောင် သံတမန် နည်းလမ်းဖြင့်လည်းကောင်း၊ စီးပွားရေးအရ ဖိအားပေး၍လည်းကောင်း၊ သတင်းအမှန်နှင့် သတင်းအမှားကို ရောထွေးထုတ်လွှင့်၍လည်းကောင်း၊ ပြည်တွင်းဆူပူအုံကြွမှုနှင့် အကြမ်းဖက်လုပ်ရပ်များဖြင့် ဖိအားပေး သပ်လျှိုထိုးနှက်ရန်ဟူ၍လည်းကောင်း တိုင်းဆူပြည်ဖျက် နည်းဗျူဟာများ ဖော်ပြထားသည်ကို လေ့လာတွေ့ရှိနိုင်ပါသည်။

အနောက်ဆရာကြီးများ၏ စီးပွားရေးပိတ်ဆို့မှု (Sanction) သဘောထားကိုကြည့်လျှင် မြန်မာနိုင်ငံကို တဖြည်းဖြည်းခန်းခြောက်ပြီး ဘုံးဘုံးလဲကျသောဘဝ ရောက်သွားစေရန် ရည်ရွယ်သည်ဖြစ်ရာ လုံးဝချေမှုန်းရေး သဘောထားဖြစ်သည်ကို မြင်တွေ့နိုင်ပါသည်။ ယင်းသဘောထားသည် အမျိုးသားစည်းလုံးညီညွတ်ရေး၊ ဒီမိုကရေစီဖြစ်ထွန်းရေး၊ ပြည်သူတို့၏ အကျိုးစီးပွားဖြစ်ထွန်းရေးတို့နှင့် ပြဒါးတစ်လမ်း သံတစ်လမ်းပင်ဖြစ်ပါသည်။

နိုင်ငံခြားသားများ၊ ပြည်ပရောက်ပြည်ပြေးများ၊ ပြည်တွင်းမှ ဆန့်ကျင်ဘက်နိုင်ငံရေးသမားများ၊ သောင်းကျန်းသူများသည် မြန်မာနိုင်ငံသူ နိုင်ငံသားများ၏ အဓိကလိုလားချက်များ၊ အကျိုးဖြစ်ထွန်းဖွယ်ရလဒ်ကောင်းများကို ကာယကံရှင်များမဟုတ်သဖြင့် အပ်ကျမတ်ကျ ကိုယ်ချင်းစာ နားလည်နိုင်စွမ်း မရှိသည်မှာ သေချာပါသည်။ မြန်မာနိုင်ငံ၏အကျိုးစီးပွားကို နိုင်ငံတော်အစိုးရနှင့် ပြည်သူလူထုကသာ ပြည်တွင်းအားဖြင့် လက်တွဲဖော်ဆောင်သွားကြရမည် ဖြစ်ပါသည်။

ထို့ကြောင့် ရန်သူလားမိတ်ဆွေလား၊ အပြုလားအဖျက်လားဟု ခွဲခြား၍ ရန်သူနှင့် အဖျက်လုပ်ရပ်များကို ဖယ်ရှားကာ မိတ်ဆွေနှင့် အပြုလုပ်ရပ်များကို လက်ခံဆောင်ရွက်ပြီး အကျိုးရှိစွာ အသုံးချနိုင်မှသာ အနာဂတ်မျိုးဆက်သစ်များအတွက် အမွေခံဝန်းကျင်ကောင်းများ ပေးသွားနိုင်မည်ဖြစ်ကြောင်း ခေါင်းအေးအေးထားပြီး လက်တွေ့ကျကျ စဉ်းစားကြရမည်ဖြစ်ပါသည်။

လူ့ဘောင်အဖွဲ့အစည်းတစ်ရပ်၏ ထွန်းကားတိုးတက်မှုသည် နိုင်ငံသားတစ်ဦးချင်းစီ၏ အသိဉာဏ်ပညာ ထွန်းကားတိုးတက်မှုအပေါ်တည်မှီနေပြီး နိုင်ငံသားတစ်ဦးချင်းစီ၏ ကိုယ်ရည်ကိုယ်သွေးကို မြှင့်တင်နိုင်သည်နှင့်အမျှ မိမိတို့အားလုံး လိုလားတောင်းတသော လူနေမှုဘဝကို ရရှိကြမည်သာ ဖြစ်ပါသည်။

ကမ္ဘာ့သမိုင်း၌ နိုင်ငံရေးဒီမိုကရေစီဖြစ်သည့် ပါလီမန်ဒီမိုကရေစီစနစ်သည် စီးပွားရေးဒီမိုကရေစီစနစ်ဖြစ်သည့် ဈေးကွက်စီးပွားရေးစနစ်အပေါ်တည်မှီနေပါသည်။ ဈေးကွက်စီးပွားရေးပီပြင်တိုးတက်လာသည်နှင့်အညီ တိုင်းရင်းသားပုဂ္ဂလိကလုပ်ငန်းရှင်များ၊ အသိပညာရှင်အတတ်ပညာရှင်များ၊ လူလတ်တန်းစားများ၊ ခေတ်မီစက်ရုံအလုပ်ရုံများဟူသည့် ကုန်လုပ်စွမ်းအားစုများ တိုးတက်ဖြစ်ပေါ်လာပါလိမ့်မည်။ ဒီမိုကရေစီသည် တိုးတက်သော ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ အသိပညာရှင် အတတ်ပညာရှင်များ၏ ရှေ့ဆောင်မှုနှင့် အလုပ်သမား၊ လယ်သမား၊ ပြည်သူများ၏ အားပေးထောက်ခံမှုတို့အရ ဖြစ်ပေါ်လာသည့် နိုင်ငံရေးစနစ်ဖြစ်ပါသည်။ ဈေးကွက်စီးပွားရေးပီပြင်တိုးတက်မှုကြောင့် သက်ရောက်လာသည့် အကျိုးစီးပွား အသီးအပွင့်ဖြစ်ပါသည်။

သို့သော် ယနေ့ကာလ၌ အနောက်ဆရာကြီးများ၊ သြဇာခံလက်ပါးစေများ၊ ပြည်တွင်းပြည်ပ ဆန့်ကျင်ရေးဝါဒီများက ဈေးကွက်စီးပွားရေးစနစ်ပီပြင်တိုးတက်အောင် လက်တွေ့ကျကျဖော်ဆောင်ပေးနေသည့် တပ်မတော်အစိုးရကို စစ်အာဏာရှင်အစိုးရအဖြစ် သတ်မှတ်နေဆဲဖြစ်ပါသည်။ စီးပွားရေးပိတ်ဆို့မှုများကြောင့် တိုင်းပြည်နှင့်လူထုစီးပွားရေးချွတ်ခြုံကျစေကာ လူထုဆူပူအုံကြွမှုဖြစ်ပေါ်လာစေပြီး တည်ဆဲအစိုးရပြုတ်ကျစေမည်၊ တည်ဆဲအစိုးရပြုတ်ကျပြီး NLD အာဏာရလျှင် ဒီမိုကရေစီရပြီဟု ပြည်သူအား လှည့်စားစည်းရုံးလုပ်ဆောင်နေကြပါသည်။ အမှန်အားဖြင့် ဤလုပ်ရပ်သည် NLD အာဏာရရေးအတွက် နိုင်ငံနှင့်ပြည်သူကို စတေးပြီး လုပ်ဆောင်နေသော လုပ်ရပ်သာဖြစ်ကြောင်း တွေ့ရှိနိုင်ပါသည်။

လူထုဝါဒဖြစ်သော ဒီမိုကရေစီစနစ်နှင့် လူအုပ်စုဝါဒဖြစ်သော Mobocracy၊ မင်းမဲ့စရိုက်ဖြစ်သော Anarchism တို့သည် ပါးလွှာသည့် စည်းဖြင့်သာခြားထားလေရာ ပြည်တွင်းပြည်ပအဖျက်သမားများက တစ်ခုမှတစ်ခုသို့ အလွယ်တကူ ကူးပြောင်းသွားနိုင်အောင် အကွက် ဆင်နေကြခြင်းဖြစ်သည်။ ဒီမိုကရေစီဟု ကြွေးကြော်ရင်း လူအုပ်စုဖွဲ့ ရမ်းကားမှုများ၊ လူအုပ်စုဖြင့် အနိုင်ကျင့်မှုများမှတစ်ဆင့် ဥပဒေ ကင်းမဲ့ပြီး မင်းမဲ့စရိုက် ဆူပူရမ်းကားမှုများ ဖြစ်ပေါ်တတ်သည့် သဘာဝကို နိုင်ငံတကာမှာရော မိမိတို့နိုင်ငံမှာပါ မြင်တွေ့ခဲ့ရပြီးဖြစ်ပါသည်။

ဒီမိုကရေစီနိုင်ငံထူထောင်ရာ၌ လူအုပ်စုဝါဒ (Mobocracy)၊ မင်းမဲ့စရိုက်ဝါဒ (Anarchism) တို့နှင့် ကွဲကွဲပြားပြား ဖြစ်အောင် စည်းသားပြီး ဥပဒေစည်းကမ်းလိုက်နာစောင့်ထိန်းမှုဖြင့် တည်ဆောက်ထူထောင်ကြရန်လိုအပ်ပါသည်။ ထို့ကြောင့် အနာဂတ်နိုင်ငံတော် တည်တည်ငြိမ်ငြိမ် အေးအေးချမ်းချမ်းဖြင့် ဖွံ့ဖြိုးတိုးတက်တည်တံ့ခိုင်မြဲစေရေး ရည်မှန်းပြီး ဒီမိုကရေစီကို ဗန်းပြကာ လူအုပ်စုဝါဒ (Mobocracy)၊ မင်းမဲ့စရိုက်ဝါဒ (Anarchism)များ ရောထွေးဝင်ရောက်မလာရအောင် စည်းခြားလျက် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကို တည်ဆောက်ပေးနေခြင်းပင် ဖြစ်ပါသည်။

တစ်နည်းဆိုရလျှင် နိုင်ငံတော်အစိုးရက ပြည်သူလူထု၏ လိုလားချက်နှင့်အညီ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးကို ညင်သာသိမ်မွေ့သောနည်းလမ်းဖြစ်စဉ်ဖြင့် ကြိုးပမ်းတည်ဆောက်ပေးနေခြင်း ဖြစ်ပါသည်။

သို့ရာတွင် ပြည်ပဆရာကြီး ကြိုးကိုင်ပြီး ကြိုတင်အကွက်ချစီစဉ်ထားသည့်အတိုင်း လှုံ့ဆော် ဖြန့်ဝေနေသည့် ပြည်တွင်းဆူပူအုံကြွမှုနည်းလမ်းများမှာ ဖတ်ရှုနေရင်းကပင် စိတ်မချမ်းမြေ့ဖွယ်ရာဖြစ်နေပါသည်။ ၎င်းတို့ဖြန့်ဝေသော အထွေထွေသုံးသပ်ဖော်ပြချက်တွင် ပြည်တွင်းဆူပူအုံကြွမှုကို ဒီမိုကရေစီတော်လှန်ရေး (Revolution) ဟု အမည်ပေးထားသည်ကို ကြည့်ရုံဖြင့် အာဏာဖီဆန်ရေးနှင့် အကြမ်းဖက်ရေးကို ဆော်ပေးထားကြောင်း သိသာနေပါသည်။ တော်လှန်ရေးအတွက် တက်တက်ကြွကြွ ဆောင်ရွက်ကြလျှင် မကြာမီ စစ်မှန်သည့် ဒီမိုကရေစီနိုင်ငံတော် ပေါ်ထွန်းလာမည်ဟုလည်း ၎င်းတို့က ငါ့စကားနွားရ ဆိုထားပါသည်။ သို့ရာတွင် ၎င်းတို့၏အဓိက ရည်မှန်းချက်မှာ ၁၉၉၀ ရွေးကောက်ပွဲရလဒ်ကို မဖြစ်မနေ ဖော်ဆောင်ပြီး နိုင်ငံ၏ အုပ်ချုပ်ရေးယန္တရားတစ်ခုလုံးကို ရပ်တန့်စေကာ ပြည်သူ့လွှတ်တော်ခေါ်ယူ၍ NLD အား အာဏာအပ်နှင်းရေးပင်ဖြစ်ကြောင်း အတိအလင်းပင် ဖော်ပြထားပါသည်။

၎င်းတို့၏ နည်းဗျူဟာများတွင် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ပေးနေသည့် တပ်မတော်ကို ဦးစွာပထမဖြိုခွဲရန် အစီအစဉ်များလည်း ပါဝင်နေပါသည်။ တပ်မတော်ပြိုကွဲသွားလျှင် ပြည်တွင်းစစ်လည်း ချုပ်ငြိမ်းသွားမည်ဟု မျက်ကန်းတစ္ဆေမကြောက် ဖော်ပြထားပါသည်။ ရပ်ကွက်၊ကျေးရွာအလိုက် အာဏာသိမ်းကြရမည်ဟူ၍လည်း ဆိုပါသည်။ အုပ်ချုပ်ရေးယန္တရားအားလုံးကို ဖျက်သိမ်းပစ်ရမည်ဟုလည်း ဆိုထားပါသည်။ ယင်းသို့ဆိုထားပြီး တော်လှန်ရေးကာလအတွင်း ပြည်သူတွေအငတ်ဘေးနှင့်ကြုံရမှာကိုလည်း မပူပါနဲ့ဟု ဖော်ပြထားပြန်ပါသည်။ အဘယ်ကြောင့်ဆိုသော် ယနေ့ကာလသည် ၁၉၈၈ ကာလနှင့်မတူဘဲ ဆန်၊ ဆီ၊ ဆား စသည့် အခြေခံစားကုန်များနှင့် အခြားသော လူသုံးကုန်ပစ္စည်းများ တောကြိုအုံကြားအထိ လက်ညှိုးထိုးမလွဲ ပေါများ၍ဖြစ်သည်ဟု တစ်ဖက်မှ ဆိုထားပါသည်။

သို့သော် တခြားတစ်ဘက်မှလည်း ၎င်းတို့ယခုကဲ့သို့ ဒီမိုကရေစီတော်လှန်ရေးလုပ်ရခြင်းမှာ မြန်မာပြည်ကြီး ဘက်စုံ ချွတ်ခြုံကျသွားအောင် တပ်မတော်အစိုးရကလုပ်ခဲ့၍ဟု ဆိုထားပြန်ပါသည်။ ၎င်းတို့ အကြောင်းပြထားသည့် မြန်မာပြည်ကြီး ဘက်စုံချွတ်ခြုံကျသွားရိုးသာ မှန်လျှင် ယခုကဲ့သို့ အခြေခံစားကုန်နှင့် လူသုံးကုန်ပစ္စည်းများ မြန်မာနိုင်ငံအတွင်း၌ လက်ညှိုးထိုးမလွဲ အလျှံပယ်ရှိနေမည် မဟုတ်သည်မှာ သေချာနေပါသည်။

ဆက်လက်၍ ယင်းသို့ ဆူပူအုံကြွမှုပြုလုပ်ရာတွင် ၁၉၈၈ အရေးအခင်းကဲ့သို့ အုပ်စုဖွဲ့၊ အနိုင်ကျင့်၊ လက်စားချေ၊ ဆူပူရမ်းကား၊

အစိုးရကွန်ပျူတာကောလိပ်(ဘားအံ) ပင်မအဆောက်အအုံသစ်ကို ဤသို့ ဝင့်ထည်စွာ

လုယက်တိုက်ခိုက်မှုများ မလုပ်ကြပါနဲ့၊ ဖြစ်ပွားမှာကိုလည်း မစိုးရိမ်ကြပါနဲ့ဟု ချွေးသိပ်ထားပြန်ပါသည်။ ယင်းသို့ မစိုးရိမ်ပါနဲ့ဟု ပြောထားပြီး ကျူးလွန်သူများရှိကလည်း ၎င်းတို့ကို ပြည်သူလူထုက လက်လှမ်းမီသမျှ လျှို့ဝှက်စာရင်းပြုစုတင်ပြလျှင် တော်လှန်ရေးကာလနောက်ပိုင်း၌ တော်လှန်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအဖြစ် ဥပဒေအရ ပြင်းပြင်းထန်ထန် အရေးယူ အပြစ်ပေးသွားမည်ဟု ဟိတ်ဟန်ထုတ် ခြိမ်းခြောက်ထားသည်ကို တွေ့ရပါသည်။ သို့သော် ဆိုလိုရင်းမှာ ဆူပူအုံကြွမှုကာလ၌ မကောင်းသူထိပ်၊ ကောင်းသူထိပ် ဆိုသကဲ့သို့ လုယက်၊ မီးရှို့၊ ခေါင်းဖြတ် အသတ်ခံရမှုများရှိနိုင်သည်၊ ရှိလျှင်လည်း သည်းခံကြပါ၊ တော်လှန်ရေးပြီးမှ တရားစွဲကြပါဟူ၍ ဖြစ်နေရာ အကြမ်းဖက်အသတ်ခံရသူများက သေရာမှထပြီး တရားစွဲရမလို ဖြစ်နေပါသည်။

ထို့အပြင် ၎င်းတို့ယခုဆင်နွှဲမည့် ဒီမိုကရေစီတော်လှန်ရေးကာလသည် ၁၉၈၈ ကကဲ့သို့မဟုတ်ဘဲ ၁၉၉၀ ရွေးကောက်ပွဲ ရလဒ်ကို ဆက်ပြီးအကောင်အထည်ဖော်ပေးမည့် အဓိကရည်မှန်းချက်ဖြစ်သည့်အတွက် အစိုးရဖွဲ့ရန် အဆင်သင့်ပြင်ဆင်ပြီးဖြစ်၍ ရက်ပိုင်းကာလအတွင်း တော်လှန်ရေးပြီးဆုံးသွားမှာဖြစ်ကြောင်း၊ ထို့ကြောင့် မလိုလားအပ်သည့် ဆိုးကျိုးများဖြစ်ပေါ်လာမည်ကို စိုးရိမ်ဖွယ်မရှိကြောင်း ဆိုထားပြန်ပါသည်။ အမျိုးသားသစ္စာဖောက် တဓောက်ကန်းများ၏ ရွှေဉာဏ်တော် ရူးရောက်မှုကြောင့် သွေးချောင်းစီး မီးပင်လယ်ဝေဖြစ်နေမည့် မြန်မာနိုင်ငံကို အဘယ်သို့သောပုဂ္ဂိုလ်က မိုးပေါ်ကကျလာပြီး ကယ်တင်နိုင်ပါတော့အံ့နည်းဟု ညည်းညူရမလိုသာ ဖြစ်နေပါသည်။

၎င်းတို့၏ သွေးထိုးလှုံ့ဆော်ဖြန့်ဝေနေသော စာ၏နိဂုံးပိုင်းတွင် ဝါရင့်နိုင်ငံရေးသမားကြီးများ၊ နိုင်ငံရေးပါတီများအားလုံး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး၊ NLD လူငယ်များအားလုံး တော်လှန်ရေးကာလ ဒုတိယအဆင့်နှင့် တတိယအဆင့်တို့တွင် ပါဝင်ဆင်နွှဲကြရန်အတွက် ကြိုတင်ပြင်ဆင် ညှိနှိုင်းထားကြပါဟူ၍ ပါရှိသဖြင့် တော်လှန်ရေးကာလ ဒုတိယအဆင့်ကို ဖတ်ရှုကြည့်ရာ တိုင်းပြည်ကို ယာယီထိန်းသိမ်းအုပ်ချုပ်သွားကြရန်ဟူ၍ တွေ့ရှိရပါသည်။ တော်လှန်ရေးကာလ တတိယအဆင့်တွင်မူ ပြည်သူ့လွှတ်တော် အမြန်ခေါ်ယူကာ ဒေါ်စုကြည်အမှူးပြုပြီး အစိုးရအဖွဲ့ချက်ချင်းဖွဲ့စည်း၍ တိုင်းပြည်ကို ဆက်လက်အုပ်ချုပ်သွားရန်ဟူ၍ ဖြစ်နေပါသည်။

ရန်ကုန်တိုင်းရှိ တောင်ဒဂုံ စက်မှုဇုန်(၃) UCM မော်တော်ယာဉ်ထုတ်လုပ်ရေးမှ ယာဉ်များကို ဤသို့တွေ့ရသည်။
(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

င့်သောအမှန် (၃)

စိုးမြကျော်နှင့်စောမြအောင်

ပြည်ပဆရာကြီး၏ အစီအမံဖြင့် ပြည်တွင်းပြည်ပအဖျက်သမားများ လှုံ့ဆော်ဖြန့်ဝေနေသော မြန်မာပြည်ဒီမိုကရေစီရရှိရေးအတွက် မကြာမီဆင်နွှဲကြမည့် ပြည်သူ့လူထုကြီးသို့ အထွေထွေသုံးသပ်တင်ပြချက်ဟူသည့် ယမမင်းတို့ထံမှ ပေးစာကို လိုရင်းတိုရှင်း ဖော်ပြရလျှင် ၁၉၉၀ ရွေးကောက်ပွဲရလဒ်အရ NLD ပါတီအာဏာရရှိရေးအတွက် ပြည်သူလူထုကြီးက အသက်သွေးများ စတေးကြပါ၊ အင်တော်ဘေးနှင့် ရင်ဆိုင်ကြပါ၊ တိုင်းပြည်ပြာပုံဘဝ ရောက်သွားသည့်တိုင် ငှင်းပြာပုံထဲမှ ယဇ်ပလ္လင်တွင် NLD ကို တင်ပေးကြပါ ဟူ၍သာ ဆိုရပါတော့မည်။

အေးချမ်းသာယာမှု၊ ခေတ်မီဖွံ့ဖြိုးတိုးတက်မှုနှင့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော် ဖြစ်ပေါ်မှုတို့သည် ခွဲခြားမရသည့် တစ်ဆက်တစ်စပ်တည်းသော ဖြစ်စဉ်ဆိုသည်ကို အားလုံးအသိပင်

ကို ဤသို့ ဝင့်ထည်စွာတွေ့ရသည်။ (ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

လွတ်လပ်ရေးဟူသည်မှာ အမှုမဲ့အမှတ်မဲ့နေပါက မျက်စိတစ်မှိတ်လျှပ်တစ်ပြက်အတွင်း လက်လွတ်ဆုံးရှုံးသွားနိုင်ပြီး ပြန်လည်ရရှိအောင် အရင်းအနှီး အမြောက်အမြားကာလရှည်လျားစွာပေးဆပ်မှ ပြန်လည်ရရှိနိုင်သည်ဟူသော နိုင်ငံတော်အကြီးအကဲ၏ အဆိုအမိန့်ကဲ့သို့ပင် ယနေ့မြန်မာနိုင်ငံတွင်ရရှိဖြစ်ထွန်းနေသည့် အခြေခံကောင်းဟူသမျှကိုလည်း ခဏတာကာလအတွင်း လုံးဝယိုယွင်းပျက်သုဉ်းသွားအောင် ပြည်တွင်းပြည်ပအဖျက်သမားများက ဖျက်ဆီးပစ်ရန်ကြံစည်နေကြောင်း အထူးသတိပြုကြရန် လိုအပ်။

ဖြစ်ပါသည်။ ဒီမိုကရေစီစနစ်ကို အမှန်တကယ်လိုလားသော နိုင်ငံသူနိုင်ငံသားတိုင်းသည် ဒီမိုကရေစီ၏ ရေခံမြေခံအခြေခံကောင်းဖြစ်သည့် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု ပိုမိုဖြစ်ထွန်းခိုင်မာအောင် ပါဝင်ပူးပေါင်းဖော်ဆောင်ပေးကြရန် တာဝန်ရှိပါသည်။

ဒီမိုကရေစီအခွင့်အရေးသည် တာဝန်နှင့်ယှဉ်တွဲလျက်ရှိသည်ဆိုသည်မှာ နိုင်ငံတကာက လက်ခံထားသော သဘောတရားပင်ဖြစ်ပါသည်။ ထို့ကြောင့် ဒီမိုကရေစီလိုလားသူတိုင်းသည် နိုင်ငံတော်၏ တရားဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ ရပ်ရွာနှင့် လူ့အဖွဲ့အစည်း၏ ကျင့်ဝတ်စည်းကမ်းများကို လိုက်နာကြရန် တာဝန်ရှိပါသည်။ နိုင်ငံတော်၏ ဥပဒေစည်းမျဉ်းဘောင်အတွင်းမှ မိမိတို့၏ လူမှုစီးပွားအခွင့်အရေးများကို ရရှိခံစားရင်း နိုင်ငံတော်တည်ငြိမ်အေးချမ်းအောင်၊ တရားဥပဒေစိုးမိုးအောင်၊ ဖွံ့ဖြိုးတိုးတက်အောင် ပါဝင်ကြိုးပမ်းဆောင်ရွက်ကြရေးသည် နိုင်ငံသူနိုင်ငံသားတိုင်းအတွက် အခွင့်အရေးဖြစ်သကဲ့သို့ တာဝန်လည်း ဖြစ်ပါသည်။

ဤသို့ ပြည်သူအများ လိုလားတောင့်တသည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်အဖြစ်သို့ ညင်သာသိမ်မွေ့စွာကူးပြောင်းနိုင်ရေးတွင် မိမိနိုင်ငံသူ နိုင်ငံသားများ၏ အသိဖြင့် ယှဉ်သော၊ ပညာဖြင့်ယှဉ်သော ပူးပေါင်းဆောင်ရွက်မှု လိုအပ်ပါသည်။ ပြည်သူများကအသိနှင့် သတိတရားလက်ကိုင်ထားဆောင်ရွက်ကြမှသာ ယခုကဲ့သို့သော အနှောင့်အယှက်အဟန့်အတားအဖုံဖုံ၊ သွေးဆောင်ဖြားယောင်းမှုအမျိုးမျိုး၊ သွေးခွဲသပ်လျှိုမှုအလီလီကို ရင်ဆိုင်ကျော်လွှားနိုင်ပြီး မှန်ကန်သောအမျိုးသားရေးလမ်းကြောင်းပေါ်၌ တည့်မတ်ခိုင်မာစွာ ရှေးရှုလျှောက်လှမ်းနိုင်ကြမည် ဖြစ်ပါသည်။

ယနေ့ နိုင်ငံတော်အစိုးရသည် ၁၉၈၈ ခုနှစ်မှအစပြုခဲ့သော ပြည်တွင်းပြည်ပ နှောင့်ယှက်ဟန့်တားမှု အခက်အခဲများကြားမှပင် တစ်တိုင်းပြည်လုံး သိသိသာသာ ဖွံ့ဖြိုးတိုးတက်ပြီး အောင်မြင်ဖြစ်ထွန်းမှုများ ထင်ထင်ရှားရှားရရှိအောင် ကြိုးပမ်းဖော်ဆောင်ပေးနေပါသည်။ ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ရာ၌ ဒီမိုကရေစီအသွင် ကူးပြောင်းရေးလုပ်ငန်းစဉ် ပြီးမြောက်အောင် အကောင်အထည်ဖော်ရန် ကျန်ရှိနေသေးသည်ကို လူတိုင်းသိပါသည်။ ယင်းဒီမိုကရေစီ အသွင်ကူးပြောင်းရေးကို ညင်သာချောမွေ့စွာ အောင်အောင်မြင်မြင် အကောင်အထည်ဖော်နိုင်ရန်အတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် လုပ်ငန်းစဉ်(၇)ရပ်ကိုလည်း အတိအလင်းချမှတ်ပြီး ဦးတည်ချက်ရှိရှိ၊ အစီအစဉ်ရှိရှိ စနစ်တကျ လုပ်ကိုင်ဆောင်ရွက်နေကြောင်းလည်း အားလုံးသိပါသည်။

ဒီမိုကရေစီကို ပါးစပ်ဖျားဖြင့် အလွယ်တကူပြောပြီး နေ့ချင်းပြီးမန်းမှုတ်တည်ဆောက်၍ မရနိုင်ပါ၊ ဒီမိုကရေစီကို စည်းကမ်းတကျမတည်ဆောက်နိုင်ပါက လူအုပ်စုဝါဒ၊ မင်းမဲ့ဝါဒများ လွှမ်းမိုးသွားပြီး တိုင်းပြည်ပါ ပြိုကွဲပျက်စီးသွားနိုင်သည့် အန္တရာယ်ရှိနေပါသည်။ ထို့ကြောင့် ဒီမိုကရေစီဟုဆိုရာ၌ စည်းကမ်းပြည့်ဝသောဒီမိုကရေစီဟု အဓိပ္ပာယ်ရှိရှိ ပြောဆိုနေခြင်းပင် ဖြစ်ပါသည်။ ဒီမိုကရေစီထွန်းကားတည်တံ့ရေးအတွက် လိုအပ်သောအခြေခံကောင်းများကို အသွင်

ရခိုင်ပြည်နယ်ရှိ မင်းကြောင်းချောင်းတံတားကို ဤသို့ ခံ့ထည်စွာတွေ့ရသည်။
(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

ကူးပြောင်းရေးကာလ၌ ခိုင်ခိုင်မာမာထူထောင် သွားကြရန်နှင့် ကာကွယ်စောင့်ရှောက်သွားကြရန် လိုအပ်ပါသည်။

ယင်းအခြေခံကောင်းများအနက် နိုင်ငံတော်၌ နယ်စပ်ဒေသအပါအဝင် နိုင်ငံတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းပြီး တရားဥပဒေစိုးမိုးမှုရှိနေရန် အထူးလိုအပ်ပါသည်။ ရပ်ရွာဒေသ အေးချမ်းတည်ငြိမ်မှုမရှိပါက မည်သည့်စနစ်ကိုမျှ တည်ဆောက်၍မဖြစ်နိုင်သည်မှာ အားလုံးကိုယ်တွေ့ပင်ဖြစ်ပါသည်။

ယခုအခါ တစ်နိုင်ငံလုံး တည်ငြိမ်အေးချမ်းရေးကိုရှေးရှုပြီး အမျိုးသားပြန်လည် စည်းလုံးညီညွတ်မှုရရှိအောင် ကြိုးပမ်းတည်ဆောက်နိုင်ခဲ့သဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့(၁၇)ဖွဲ့နှင့် အခြားအဖွဲ့ငယ်များ ဥပဒေဘောင်အတွင်း ဝင်ရောက်ခြင်း၊ အချို့သောအဖွဲ့များ လက်နက်နှင့်ငြိမ်းချမ်းရေး အပြီးအပိုင်လဲလှယ်ခြင်းတို့ကြောင့် SSA-S နှင့် KNU တို့ ဒုက္ခသည်စခန်းဗန်းပြ၍ ခိုကပ်နေသည့် နယ်စပ်ဒေသအနည်းအကျဉ်းမှအပ တစ်နိုင်ငံလုံး တည်ငြိမ်အေးချမ်းလျက်ရှိနေပါသည်။ တည်ငြိမ်အေးချမ်းသည်နှင့်အမျှ ဖွံ့ဖြိုးတိုးတက်မှုအခြေခံကောင်းများကိုလည်း တစ်ဆက်တစ်စပ်တည်း တည်ဆောက်ပေးထားနိုင်ပြီဖြစ်ပါသည်။

နိုင်ငံတော်၏စီးပွားရေး ခိုင်မာတောင့်တင်းပြီး စီးပွားရေးအခြေခံကောင်းများ ရှိနေရန်အတွက်လည်း ဘက်စုံကဏ္ဍစုံမှ ကြိုးပမ်းမြှင့်တင်နိုင်လျက်ရှိပါသည်။ ၁၉၈၆ ခုနှစ်မှစတင်ပြီး နိုင်ငံတော်၏ စီးပွားရေးအခြေအနေ ဆက်တိုက်ကျဆင်းလာခဲ့ရာ တပ်မတော်အစိုးရ နိုင်ငံ့တာဝန်ယူခဲ့ရသည့် ၁၉၈၈-၈၉ ဘဏ္ဍာနှစ်တွင် တစ်မျိုးသားလုံး၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး(GDP)သည် ကျပ်သန်းပေါင်း ၄၇၁၄ သန်းသာရှိတော့သည့် အနိမ့်ဆုံးအခြေအနေသို့ ရောက်ရှိခဲ့ပါသည်။

တပ်မတော်အစိုးရသည် အမျိုးသားစီးပွားရေးမူဝါဒကို ပုဂ္ဂလိက ကဏ္ဍကိုအားပေးသည့် ဈေးကွက်စီးပွားရေးစနစ်သို့ ပြောင်းလဲဖော်ဆောင်ကျင့်သုံးခဲ့သည့်အတွက် နှစ်စဉ် GDP တိုးတက်မှုနှုန်းများ ရရှိလာခဲ့ပါသည်။ ၁၉၈၈-၈၉ဘဏ္ဍာနှစ်က လူတစ်ဦးစီ၏ ပြည်တွင်း အသားတင်ထုတ်လုပ်မှုတန်ဖိုးသည် ကျပ်၄၇၁၄သန်းသာရှိခဲ့သော်လည်း ၂၀၀၅-၂၀၀၆ဘဏ္ဍာနှစ် ယာယီစာရင်းများအရ ကျပ်သန်းပေါင်း ၂၁၉၅၅၂ အထိ ၄၇ဆမျှ မြင့်မားတိုးတက်လာခဲ့ပြီဖြစ်ပါသည်။ ၁၉၈၈-၈၉ကာလက မြန်မာနိုင်ငံ၏ လူဦးရေသည် ၄၁သန်းကျော်သာရှိခဲ့ပြီး ယခုအခါ ၅၄သန်းကျော်၊ ၅၅သန်းနီးပါး ရှိနေပါသည်။

၁၉၈၈ခုနှစ်က မြန်မာနိုင်ငံ၌ စပါးတင်းသန်းပေါင်း ၆၅၄သန်းသာ စိုက်ပျိုးထုတ်လုပ်နိုင်ခဲ့သော်လည်း ယခုအခါ နှစ်ဆနီးပါးတိုးတက်ကာ စပါးတင်းသန်းပေါင်း ၁၂၀၀နီးပါး ထုတ်လုပ်နိုင်လျက်ရှိနေပါသည်။ လက်ရှိလူဦးရေ၅၄သန်းကျော်စားသုံးရန် တစ်နှစ်စပါးလိုအပ်ချက်မှာ တင်းသန်းပေါင်း၈၁၀ခန့်သာဖြစ်ပါသည်။ စိုက်ပျိုးရေး၊မွေးမြူရေး၊သစ်တောနှင့် အခြားစီးပွားရေးကဏ္ဍအသီးသီး၏ ကုန်ထုတ်စွမ်းအားများမြင့်မားတိုးတက်လာသဖြင့် ၂၀၀၅ခုနှစ်၌ မြန်မာနိုင်ငံ၏ ပြည်ပပို့ကုန်တန်ဖိုးမှာ အမေရိကန် ဒေါ်လာသန်းပေါင်း၂၇၇၀ကျော် ရှိလာခဲ့ပါသည်။ သွင်းကုန်တန်ဖိုး ဒေါ်လာသန်း၁၆၀၀ကျော်သာရှိခဲ့သဖြင့် ကုန်သွယ်မှုပိုငွေ ဒေါ်လာသန်း၁၂၀၀နီးပါးအထိ ရရှိနေပါသည်။

တစ်မျိုးသားလုံး အသားတင်ထုတ်ကုန် တိုးတက်မှုအနေဖြင့်လည်း ၂၀၀၄ခုနှစ်တွင် ၁၂ရာခိုင်နှုန်း၊ ၂၀၀၅ခုနှစ်တွင် ၁၂ဒသမ၂ရာခိုင်နှုန်းအဆင့်ဆင့်တိုးတက်နေပါသည်။ ငွေကြေးဖောင်းပွမှုနှုန်းမှာ ၉ရာခိုင်နှုန်းရှိနေသေးရာ ၅ရာခိုင်နှုန်းအထိ ကျဆင်းသွားစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ကုန်သွယ်ရေးပိုငွေပြခြင်း၊ GDP တိုးတက်လာခြင်းနှင့် ငွေကြေးဖောင်းပွမှုနှုန်းကျဆင်းခြင်းတို့သည် တိုင်းပြည်၏ စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုကို ညွှန်ပြနေပါသည်။

မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် တိုင်းရင်းသား ပုဂ္ဂလိကလုပ်ငန်းရှင်များပါဝင်နိုင်အောင် နိုင်ငံတော်က အဘက်ဘက်မှ အားပေးကူညီခဲ့သဖြင့် ယခုအခါ ပုဂ္ဂလိကကဏ္ဍသည် မြန်မာနိုင်ငံ၏ GDP တွင် ၉၀ရာခိုင်နှုန်းအထိ ပါဝင်နေသည်ကို တွေ့ရှိနိုင်ပါသည်။ ၂၀၀၃-၂၀၀၄ခုနှစ်၌ ပြည်ပပို့ကုန် အမေရိကန်ဒေါ်လာ၂ဒသမ၄ဘီလီယံရှိရာ ပုဂ္ဂလိကကဏ္ဍက ၁ဒသမ၃ဘီလီယံရှိပြီး ၅၅ဒသမ၅ရာခိုင်နှုန်းဖြစ်ပါသည်။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့

● *ကျောဖုံးမှ*

– ဆွစ်ဇာလန်နဲ့ တောင်ကိုရီးယားပွဲစဉ်မှာ ဆွစ်ဇာလန်ကို ပိုပြီးသဘောကျတယ်။ တောင်ကိုရီးယားကစားပုံနဲ့ စိတ်ဓာတ်ကောင်းပေမယ့် ဆွစ်ဇာလန်ကိုတော့ သိပ်မလွယ်ဘူး၊ ဆွစ်ဇာလန် နိုင်ခြေရှိပါတယ်။

ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင် ဇာနည်

– စပိန်နဲ့ ဆော်ဒီပွဲမှာ စပိန်ခြေသာပေမယ့် အာရှသားတစ်ဦးအနေနဲ့ ဆော်ဒီကို အားပေးရမှာပဲ၊ ဆော်ဒီကစားပုံကလည်း စပိန်ကို အကျပ်အတည်းတွေ့စေနိုင်တာပဲ၊ စပိန်ကစားပုံ ကောင်းပေမယ့် ဆော်ဒီကိုလည်း လျှော့တွက်လို့မရပါဘူး၊ ဆော်ဒီကို ပိုကြိုက်တယ်။

– ယူကရိန်းနဲ့ တူနီးရှားပွဲမှာတော့ ယူကရိန်းတို့ပဲ အနိုင်ရမှာပါ။ ယူကရိန်းမှာ ကမ္ဘာ့အဆင့်မီ ဘောလုံးသမားများပါတယ်။ ကစားအားလည်း ကောင်းကြတယ်။ အနီးအဝေး ဂိုးသွင်းချက်တွေကလည်း ပြိုင်ရလဒ်ကို ပြောင်းစေနိုင်တာမို့ ယူကရိန်း နိုင်မယ့်ပွဲထင်ပါတယ်။

– တိုဂိုနဲ့ ပြင်သစ်တို့ပွဲကတော့ ဒီနှစ် တိုဂိုကစားပုံ အရမ်းကောင်းတယ်။ ခြေစွာတယ်။ တစ်ဖက်အသင်းကို အတော်ဒုက္ခရောက်စေတဲ့ ခြေစွမ်းရှိတယ်။ ပြင်သစ်တို့ လက်ရှိအချိန်အထိ ရလဒ်မကောင်းပေမယ့် သမ္ဘာရှိတယ်။ ကစားပုံတည်ငြိမ်တယ်။ ပြင်သစ်တို့ အလေးသာနိုင်တဲ့ပွဲပါ။

– ဆွစ်ဇာလန်နဲ့ တောင်ကိုရီးယားပွဲစဉ်မှာ တောင်ကိုရီးယားကို ပိုကြိုက်တယ်။ ကစားပုံနဲ့ စိတ်ဓာတ်ကို အရမ်းသဘောကျတယ်။ တောင်ကိုရီးယားခြေ အရင်ကထက် အများကြီးတက်လာတယ်။ တောင်ကိုရီးယားကို နိုင်စေချင်တယ်။

(မြန်မာ့အလင်း)

❒ *ကျောဖုံးမှ*

ရှင်းလင်းပြောကြား

သတင်းစာ ရှင်းလင်းပွဲတွင် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က (၈)ကြိမ်မြောက် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ကျန်းမာရေးဝန်ကြီးများ အစည်းအဝေး၌ အာဆီယံအဖွဲ့ဝင်နိုင်ငံများသည် အရေးပေါ် ကျန်းမာရေးပြဿနာများနှင့် အသစ်ပေါ်ထွက်လာသော ရောဂါများ ကာကွယ်နှိမ်နင်းရာတွင် စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်ကြရန်နှင့် အပြည်ပြည်ဆိုင်ရာ ကျန်းမာရေးစည်းမျဉ်းစည်းကမ်းများ၊ ကျန်းမာရေးစောင့်ရှောက်မှုများ ပူးတွဲဆောင်ရွက်ရန်လိုအပ်သည့် ကုန်သွယ်ရေး၊ လုံခြုံရေးဆိုင်ရာကိစ္စများ၊ သဘာဝဘေးအန္တရာယ်များ ကျရောက်ခဲ့သည့် အတွေ့အကြုံများနှင့် သင်ခန်းစာများ၊ အာဆီယံနိုင်ငံများ စည်းလုံးညီညွတ်စွာ ဆောင်ရွက်နိုင်ခဲ့မှုများကို အလေးထား ဆွေးနွေးခဲ့ကြကြောင်း ဒုတိယအကြိမ် အာဆီယံ+၃နိုင်ငံများ ကျန်းမာရေးဝန်ကြီးများအစည်းအဝေးတွင် HIV/AIDSအပါအဝင် ကူးစက်ရောဂါများ တားဆီးကာကွယ်ရေးလုပ်ငန်းများ၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်များ အရည်အသွေးမြှင့်တင်ခြင်းလုပ်ငန်းများ၊လူတန်းစားမရွေးကျန်းမာရေးစောင့်ရှောက်မှု ခံယူနိုင်ရေးစီမံဆောင်ရွက်ရန်ကိစ္စများ၊ တိုင်းရင်းဆေးပညာ၊ ကျန်းမာရေးနှင့် အာဟာရမြှင့်တင်ရေးလုပ်ငန်းများကို ဆွေးနွေးခဲ့ကြကြောင်း၊ ပထမအကြိမ်အာဆီယံ+တရုတ်နိုင်ငံ ကျန်းမာရေးဝန်ကြီးများအစည်းအဝေးတွင်လည်း အာဆီယံ+တရုတ်နိုင်ငံ ပြည်သူ့ကျန်းမာရေးရန်ပုံငွေထူထောင်ရေး၊ အာဆီယံ+၃နိုင်ငံ EID အစီအစဉ်၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပူးပေါင်းပါဝင်ရေး၊ အာဆီယံနိုင်ငံများ အနေဖြင့် အပြည်ပြည်ဆိုင်ရာ ကျန်းမာရေးလုပ်ငန်းများ၌ တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်လျက်ရှိကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ တိုင်းရင်းဆေးပညာနှင့် ပတ်သက်သည့် အတွေ့အကြုံများဖလှယ်ကြရန်တို့ကို ဆွေးနွေးဆုံးဖြတ်ခဲ့ကြကြောင်း ဖြင့် ရှင်းလင်းပြောကြားသည်။

ပြန်လည်ဖြေကြား

ထို့နောက် ပြည်တွင်းပြည်ပ သတင်းစာဆရာများက သိလိုသည်များကိုမေးမြန်းကြရာ သက်ဆိုင်ရာနိုင်ငံများမှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် အာဆီယံဒုတိယအတွင်းရေးမှူးချုပ်တို့က ပြည်လည်ရှင်းလင်း ဖြေကြားကြပြီး သတင်းစာရှင်းလင်းပွဲကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

စာမျက်နှာ ၉ ဆောင်းပါးအညွှန်းမှ

ယခုအခါ စက်မှုလက်မှုလုပ်ငန်းများ၌ ပုဂ္ဂလိကကဏ္ဍ၏ ပါဝင်မှုကိုကြည့်လျှင် အသေးစားလုပ်ငန်း ၃၂၅၃၄ခု၊ အလတ်စားလုပ်ငန်း ၂၆၁၄၉ခု၊ အကြီးစားလုပ်ငန်း ၃၁၉၄ခုအထိ ရှိနေပါသည်။ ယခု ၂၀၀၆ခုနှစ်မှ ၂၀၁၀ပြည့်နှစ်အထိ ငါးနှစ်စီမံကိန်းတွင် မြန်မာနိုင်ငံ၏ စက်မှုလက်မှုလုပ်ငန်းကို ၂၅ရာခိုင်နှုန်းအထိ တိုးတက်စေရန် ရည်မှန်းချက်ထားပြီး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

ယင်းသို့ ပုဂ္ဂလိကကဏ္ဍပါဝင်မှုအချိုးအစား မြင့်မားတိုးတက်လာသည်နှင့်အညီ ၃၁-၁-၂၀၀၆ရက်နေ့အထိ ပြည်တွင်း ရင်းနှီးမြှုပ်နှံမှုပမာဏ ကျပ်သန်းပေါင်း၁၂၂၇၃၀ဒသမ၆၈ရှိပြီး ပြည်ပရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၇၇၈၅ဒသမ၈၆သန်းရှိလာပါသည်။ မြန်မာနိုင်ငံသို့လာရောက်ရင်းနှီးမြှုပ်နှံသော ပြည်ပနိုင်ငံပေါင်း၂၇နိုင်ငံရှိရာ ၎င်းတို့မှာ ဩစတြေးလျ၊ ဩစတြီးယား၊ ဘင်္ဂလားဒေ့ရှ်၊ ဘရူနိုင်း၊ ကနေဒါ၊ တရုတ်၊ ဆိုက်ပရပ် ၊ဒိန်းမတ်၊ ပြင်သစ်၊ဂျာမနီ၊ အိန္ဒိယ၊အင်ဒိုနီးရှား၊အစ္စရေး၊ဂျပန်၊မလေးရှား၊ ပနားမား၊ ဖိလစ်ပိုင်၊ တောင်ကိုရီးယား၊ စင်ကာပူ၊ သီရိလင်္ကာ၊ ဆွစ်ဇာလန်၊ ထိုင်း၊နယ်သာလန်၊ အင်္ဂလန်နှင့် အမေရိကန် စသည်တို့ဖြစ်ကြပါသည်။ ၂၀၀၅-၂၀၀၆ခုနှစ်အထိ မှတ်ပုံတင်ခွင့်ပြုထားပြီးဖြစ်သည့် ပြည်တွင်းပြည်ပ စီးပွားရေးလုပ်ငန်း စုစုပေါင်း ၁၇၁၆၂ခုအထိ ရှိနေပါသည်။

ယင်းကဲ့သို့ စီးပွားရေးအခြေခံကောင်းများ တိုးတက်ဖြစ်ထွန်းအောင် ကြိုးပမ်းမြှင့်တင်ရင်း ပြည်သူများ၏ အသိဉာဏ်ပညာပိုင်း၊ အတွေးအခေါ်ပိုင်း မြင့်မားနေရန်အတွက်လည်း မျက်ခြည်မပြတ် ဖော်ဆောင်ပေးနိုင်ခဲ့ပါသည်။ ၂၀၀၅-၂၀၀၆ပညာသင်နှစ်အတွင်း မြန်မာနိုင်ငံ၏ သက်ကြီးစာတတ်မြောက်မှုနှုန်း ၉၄ဒသမ ၁ ရာခိုင်နှုန်းအထိ တိုးတက်ခဲ့ပြီး အရှေ့တောင်အာရှဒေသ၌ မြန်မာနိုင်ငံ၏ အင်တာနက်သုံးစွဲသူ တိုးပွားမှုနှုန်းသည် ငါးနှစ်အတွင်း အမြင့်ဆုံးဖြစ်လာသည်ကိုကြည့်ခြင်းဖြင့် မြန်မာနိုင်ငံ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန်ကို တွေ့ရှိနိုင်ပါသည်။

ယခုကဲ့သို့ ငြိမ်းချမ်းရေး၊ စီးပွားရေး၊ ပညာရေး အခြေခံကောင်းများ မရှိခဲ့သည့်အတွက် မြန်မာနိုင်ငံ၌ ၁၉၄၈ခုနှစ်မှ ၁၉၆၂ ခုနှစ်အထိ ကျင့်သုံးခဲ့သော ပါလီမန်ဒီမိုကရေစီသည် ရေရှည်မတည်တံ့နိုင်ဘဲ ပျက်သုဉ်းခဲ့ရခြင်းဖြစ်ကြောင်း သုံးသပ်တွေ့ရှိရမည်ဖြစ်ပါသည်။

ယခုကဲ့သို့ ငြိမ်းချမ်းရေး၊ စီးပွားရေး၊ ပညာရေး အခြေခံကောင်းများရရှိလာအောင် နိုင်ငံတော်အစိုးရနှင့် ပြည်သူများ၊ ဝန်ထမ်းများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ငြိမ်းချမ်းရေးအဖွဲ့များ တစ်စိတ်တည်း တစ်ဝမ်းတည်း တစ်သွေးတည်း တစ်သားတည်း လက်တွဲပူးပေါင်းပြီး ပြည်ပအကူအညီမပါဘဲ ၁၇နှစ်တာကာလအတွင်း နေ့မအား ညမနား ကြိုးပမ်းတည်ဆောက် ထားရခြင်းဖြစ်ပါသည်။

လွတ်လပ်ရေးဟူသည်မှာ အမှုမဲ့အမှတ်မဲ့ နေပါက မျက်စိတစ်မှိတ်လျှပ်တစ်ပြက်အတွင်း လက်လွတ်ဆုံးရှုံးသွားနိုင်ပြီး ပြန်လည်ရရှိအောင် အရင်းအနှီးအမြောက်အမြား ကာလရှည်လျားစွာပေးဆပ်မှ ပြန်လည်ရရှိနိုင်သည်ဟူသော နိုင်ငံတော်အကြီးအကဲ၏ အဆိုအမိန့်ကဲ့သို့ပင် ယနေ့ မြန်မာနိုင်ငံတွင် ရရှိဖြစ်ထွန်းနေသည့် အခြေခံကောင်း ဟူသမျှကိုလည်း ခဏတာကာလအတွင်း လုံးဝယိုယွင်းပျက်သုဉ်းသွားအောင် ပြည်တွင်းပြည်ပ အဖျက်သမားများက ဖျက်ဆီးပစ်ရန် ကြံစည်နေကြောင်း အထူးသတိပြုကြရန် လိုအပ်ပါသည်။

ထို့ကြောင့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ပေါ်ထွန်းရေးအတွက် အဖျက်အမှောင့် အန္တရာယ်မှန်သမျှ ကာကွယ်တားဆီးချေမှုန်းပြီး လိုအပ်သော အခြေခံကောင်းများ ပိုမို၍ ခိုင်ခိုင်မာမာ ကျယ်ကျယ်ပြန့်ပြန့်ရရှိအောင် နိုင်ငံတော်၊ ပြည်သူ၊ တပ်မတော်တို့၏ စည်းလုံးညီညွတ်မှုအင်အား၊ ပူးပေါင်းဆောင်ရွက်မှုစွမ်းအားဖြင့် ဆက်လက်ထူထောင်ရင်း ဒီမိုကရေစီ အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်(၇)ရပ် အောင်မြင်ပြီးမြောက်စေရန် မယိမ်းမယိုင် မတွေဝေဘဲ တစ်ဆင့်ပြီးတစ်ဆင့် ညင်သာချောမွေ့စွာ အကောင်အထည်ဖော်သွားကြရမည်မှာ ကျွန်တော်တို့အားလုံး၏ တာဝန်ပင်ဖြစ်ပါတော့သည်။ ။

ဒုတိယအကြိမ် အာဆီယံ+၃ နိုင်ငံများ၏ ကျန်းမာရေးဝန်ကြီးများအစည်းအဝေးနှင့် ပထမအကြိမ် အာဆီယံ+တရုတ်နိုင်ငံ ကျန်းမာရေးဝန်ကြီးများအစည်းအဝေးကျင်းပ

ရန်ကုန် ဇွန် ၂၂

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် ဒုတိယအကြိမ် အာဆီယံ+၃ နိုင်ငံများ၏ ကျန်းမာရေးဝန်ကြီး များအစည်းအဝေးကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ဆီဒိုးနားဟိုတယ်၌ ကျင်းပရာ **(အပေါ်ပုံ)** ပြည်ထောင်စု မြန်မာနိုင်ငံတော် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ ကမ္ဘောဒီးယားနိုင်ငံ ကျန်းမာရေးဝန်ကြီး Dr. Nuth Sokhom၊ စင်ကာပူသမ္မတနိုင်ငံ ကျန်းမာရေးဝန်ကြီး Mr. Khaw Boon Wan၊ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ကျန်းမာရေးဝန်ကြီး Mr. Pehin Dato Suyoi Osman၊ မလေးရှားနိုင်ငံ ကျန်းမာရေးဝန်ကြီး Dato' Chua Soi Lek၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ကျန်းမာရေးဝန်ကြီး Dr. Ponmek Dalaloy၊ ထိုင်းနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Anutin Charnvirakul၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Dr. Tran Chi Liem ၊ ဖိလစ်ပိုင် သမ္မတနိုင်ငံ Under Secretary of Health, Dr. Ethelya P. Nieto၊ အင်ဒိုနီးရှားသမ္မတနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် I.Nyoman Kandun၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Dr. Wang Longde၊ ဂျပန်နိုင်ငံ Assistant Minister for Technical Affairs, Dr. Takashi Toguchi ကိုရီးယားသမ္မတနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် Dr. Dukhyoung Lee၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ဒုတိယအတွင်းရေးမှူးချုပ် Dr. Wilfrido V.Villacortaနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

ဆောင်ရွက်

အစည်းအဝေးတွင် ပူးတွဲသဘာပတိများအဖြစ် ပြည်ထောင်စုမြန်မာနိုင်ငံတော် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်နှင့် ဂျပန်နိုင်ငံ Assistant Minister for Technical Affairs, Dr. Takashi Toguchiတို့က ဆောင်ရွက်ကြသည်။

ထို့နောက် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကျန်းမာရေးဝန်ကြီးများ၊ တရုတ်၊ ဂျပန်၊ ကိုရီးယား နိုင်ငံများမှ ကျန်းမာရေးဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ၊ အာဆီယံ ဒုတိယအတွင်းရေးမှူးချုပ်တို့က "အရေးပေါ်ကျန်းမာရေးပြဿနာများဖြေရှင်းဖို့နိုင်ငံအားလုံးစည်းလုံးညီညွတ်စို့"အကြောင်းနှင့် အာဆီယံ+၃ နိုင်ငံများ၌ ပေါ်ပေါက်နေသော ကူးစက်ရောဂါများ (EID) လုပ်ငန်းစဉ်၏ ဒုတိယအဆင့် မဟာဗျူဟာမူဘောင်တို့နှင့်စပ်လျဉ်း၍သက်ဆိုင်ရာနိုင်ငံအလိုက် ဆွေးနွေးတင်ပြကြပြီး အတည်ပြုချက်ရယူသည်။

ယင်းနောက် ဒုတိယအကြိမ် အာဆီယံ+၃ နိုင်ငံများ၏ ကျန်းမာရေးဝန်ကြီးများ အစည်းအဝေး ပူးတွဲကြေညာချက်ကို ထုတ်ပြန်ကာ အစည်းအဝေးကို နံနက်ပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

ထို့နောက် ပထမအကြိမ် အာဆီယံ+တရုတ်နိုင်ငံ ကျန်းမာရေးဝန်ကြီးများ အစည်းအဝေးကို နံနက် ၁၁နာရီတွင် ယင်းဟိုတယ်၌ ကျင်းပရာ သဘာပတိအဖြစ် ပြည်ထောင်စုမြန်မာနိုင်ငံတော် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က ဆောင်ရွက်သည်။

ညှိနှိုင်းဆွေးနွေး

အစည်းအဝေးတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့မှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများနှင့် အာဆီယံဒုတိယ အတွင်းရေးမှူးချုပ်တို့က အာဆီယံ+ တရုတ်နိုင်ငံ ပြည်သူ့ကျန်းမာရေးလုပ်ငန်းများအတွက် ရန်ပုံငွေကိစ္စ၊ HIV ကာကွယ်ရေးနှင့် နှိမ်နင်းရေးကိစ္စ၊ ကြက်ငှက်တုပ်ကွေးရောဂါနှင့် အသစ်ဖြစ်ပေါ်လာသော ကူးစက်ရောဂါများကို ကာကွယ်နှိမ်နင်းရေးအတွက် ဒေသအတွင်း ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးကြပြီး အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဇွန် ၂၂

မြန်မာနိုင်ငံ ဆရာဝန်အသင်း ဂေါက်သီးရိုက်အဖွဲ့၏ လစဉ်ကျင်းပမြဲဖြစ်သော ဂေါက်သီးရိုက်ပြိုင်ပွဲ အစီအစဉ်အရ ဇွန် ဂေါက်သီးရိုက်ပြိုင်ပွဲကို ဇွန် ၂၅ရက် နံနက် ၅နာရီခွဲတွင် မြန်မာနိုင်ငံဂေါက်ကွင်း(၉)မိုင်၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်ဆရာဝန်များ ဝင်ရောက် ယှဉ်ပြိုင်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပထမအကြိမ် အာဆီယံ+တရုတ် ကျန်းမာရေးဝန်ကြီးများ အစည်းအဝေး

(၂၃-၆-၂၀၀၆)

အီတလီအသင်းနှစ်ဂိုးပြတ်နိုင်ပြီး အုပ်စုပထမရရှိ ဂါနာက အမေရိကန်ကို အနိုင်ယူပြီး အုပ်စုတက်

ရန်ကုန် ဇွန် ၂၂

၂၀၀၆ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အုပ်စု(င) နောက်ဆုံးပွဲစဉ်များကို ယနေ့မြန်မာစံတော်ချိန် ည၈နာရီခွဲက ယှဉ်ပြိုင်ကစားရာ အီတလီအသင်းက ချက်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ ဂါနာအသင်းက အမေရိကန်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့်လည်းကောင်း အနိုင်ရရှိပြီး ဒုတိယအဆင့် ရှုံးထွက်ပွဲစဉ်သို့ တက်ရောက်သွားကြသည်။

သွင်းယူပေး

အီတလီအသင်းအတွက် ပထမဂိုးကို ၂၆မိနစ်တွင် မာတာရာဇီကလည်းကောင်း၊ ဒုတိယဂိုးကို ၈၇မိနစ်တွင် အင်ဇာဂီကလည်းကောင်း သွင်းယူပေးသည်။

ဂါနာအနိုင်ရ

ဂါနာအသင်းနှင့် အမေရိကန်အသင်းတို့ပွဲစဉ်တွင် ဂါနာအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

(မြန်မာ့အလင်း)

၂၀၀၆ ဂျာမနီကမ္ဘာ့ဖလား ၂၀၀၆ ဂျာမနီကမ္ဘာ့ဖလား ၂၀၀၆ ဂျာမနီကမ္ဘာ့ဖလား ၂၀၀၆ ဂျာမနီကမ္ဘာ့ဖလား ၂၀၀၆ ဂျာမနီကမ္ဘာ့ဖလား ၂၀၀၆ ဂျာမနီကမ္ဘာ့ဖလား

ကမ္ဘာ့ဖလားအုပ်စု(ဂ)နှင့်(ဃ)ပွဲစဉ်များ ယှဉ်ပြိုင်မှုပြီးစီး အာဂျင်တီးနား-မက္ကဆီကို၊ နယ်သာလန်-ပေါ်တူဂီတွေ့ကြပြီ



တင်ပြသူ **မြင့်မောင်စိုး**

ဘာလင် ဇွန် ၂၂

ကမ္ဘာ့ဖလားအုပ်စု နောက်ဆုံးပွဲများအဖြစ် ဇွန် ၂၁ ရက် ညပိုင်းက ဆက်လက် ယှဉ်ပြိုင်ကစားခဲ့ကြရာ အုပ်စု(ဂ)မှ နယ်သာလန်နှင့် အာဂျင်တီးနား၊ အုပ်စု(ဃ)မှ မက္ကဆီကိုနှင့် ပေါ်တူဂီအသင်းများ နောက်ဆုံး ၁၆ သင်းပြိုင်ပွဲသို့ တက်ရောက်လာကြသည်။

အုပ်စု(ဂ)ပြိုင်ပွဲအဖြစ် နယ်သာလန်အသင်းနှင့် အာဂျင်တီးနားအသင်းတို့ ယှဉ်ပြိုင်ရာတွင် ဂိုးမရှိသရေဖြစ်သွားသည်။ သို့ရာတွင် ယင်းအုပ်စုမှ အိုင်ဗရီကို့စ်အသင်းက ဆားဗီးယားအသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရလိုက်သည်။

တစ်ဖက်တစ်ဂိုးစီ

အလားတူအုပ်စု(ဃ)တွင် ပေါ်တူဂီနှင့်မက္ကဆီကိုအသင်းတို့ယှဉ်ပြိုင်ကစားရာတွင် ပေါ်တူဂီက နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ခဲ့သည်။ သို့ရာတွင် ယင်းအုပ်စုမှ အီရန်အသင်းနှင့် အင်ဂိုလာအသင်းတို့ ယှဉ်ပြိုင်ကစားရာတွင် တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့သည်။

အာဂျင်တီးနား လူငယ်တိုက်စစ်မှူး မက်ဆီ၏ ဤသို့ အားမာန်အပြည့်ဖြင့် ယှဉ်ပြိုင်မှုကို တွေ့ရသည်။
(ဓာတ်ပုံ-အင်တာနက်)

အသင်းနှင့် ဇွန်၂၄ရက် နံနက် ၁နာရီခွဲတွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ နယ်သာလန်အသင်းသည် ပေါ်တူဂီအသင်းနှင့် ဇွန်၂၅ရက်၌ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ရင်ဆိုင်ရဖွယ်

နယ်သာလန်နှင့်ပေါ်တူဂီတို့ ယှဉ်ပြိုင်ကစားရာတွင် အနိုင်ရသောအသင်းသည် အဲရစ်ဆင်၏ ကစားသမားများက အီကွေဒေါအသင်းကိုအနိုင် ကစားပြီး ကွာတားဖိုင်နယ်သို့ တက်လာမည့် အင်္ဂလန်နှင့်ရင်ဆိုင်ကစားရဖွယ်ရှိသည်။

အပြင်းအထန်ကြိုးစား

နယ်သာလန်အသင်းသည် ဘွန်မီရယ်၊ ဘရွန်ဟော့နှင့် အာဂျင်ရော်ဘင်တို့မပါဘဲ ကစားရဖွယ်ရှိသည်။ ထိုအတောအတွင်း အာဂျင်တီးနားအသင်းသည် ဟာနန်ခရက်စပိုနှင့် ဆာဗီယိုမာတို့၏ တိုက်စစ်အတွဲဖြင့် ပွဲထွက်လာနိုင်သည်။ အာဂျင်တီးနားအသင်းသည် ဆားဗီးယားအသင်းကို ခြောက်ဂိုး-ဂိုးမရှိ သွင်းနိုင်ခဲ့သော်လည်း နယ်သာလန်နှင့်ပွဲတွင် တစ်ဂိုးမျှသွင်းပြနိုင်ခြင်းမရှိခဲ့ပေ။ ယင်းပွဲတွင် ကားလို့စ်တီဗက်ဇ် တစ်ဦးလောက်သာ အာဂျင်တီးနားအသင်းတွင် အပြင်းအထန်ကြိုးစားကစားခဲ့သည်။

အကောင်းဆုံးဆု

အဆိုပါပြိုင်ပွဲတွင် ကားလို့စ်တီဗက်ဇ်က ပွဲစဉ်တစ်လျှောက်အကောင်းဆုံး ဘောလုံးသမားဆု ဆွတ်ခူးနိုင်ခဲ့သည်။ ထိုနေ့က အုပ်စု(ဂ)မှ အိုင်ဗရီကို့စ်အသင်းသည် ဆားဗီးယားအသင်းကိုနိုင်သော်လည်း ပြိုင်ပွဲမှထွက်ခဲ့ရပြီဖြစ်သည်။

အိုင်ဗရီကို့စ် ကစားသမား ကာလု ဘောလုံးသယ်ယူလာစဉ် ဆားဗီးယားအသင်းမှ မီလိုဆီဗစ် ဘောလုံးလုယူစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ပြိုင်ပွဲမှထွက်

အလားတူ အုပ်စု(ဃ)မှ အီရန်နှင့် အင်ဂိုလာအသင်းတို့သည် တစ်ဂိုးစီသရေကစားပြီး ပြိုင်ပွဲမှ ထွက်သွားရပြီဖြစ်သည်။ ပြိုင်ပွဲတစ်လျှောက် အကောင်းဆုံးဆုကို အိုင်ဗရီကို့စ်အသင်းမှ ဒင်ဒိန်းက ဆွတ်ခူးနိုင်ခဲ့သည်။ အိုင်ဗရီကို့စ်အသင်းအတွက် ဂိုးများကို ဒင်ဒိန်းကနှစ်ဂိုး၊ ဘာလုက တစ်ဂိုး သွင်းယူပေးခဲ့သည်။ ။

ခြေစွမ်းမပြနိုင်

ကမ္ဘာ့ဖလားတွင်ခြေစွမ်းပြကောင်းနေသော အာဂျင်တီးနားအသင်းသည် ထိုနေ့က နယ်သာလန်အသင်းကို ဂိုးသွင်းနိုင်လောက်အောင် ခြေစွမ်းမပြနိုင်ခဲ့၍ ဂိုးမဲ့ဖြစ်ခဲ့ရသည်။

ထိုနေ့က အာဂျင်တီးနားအသင်းမှ ရီကွယ်လ်မီး အလွတ်တည်ကန်သည့် ဘောလုံးမှာ နယ်သာလန်နောက်တန်းလူ ခါလစ်ကိုထိပြီး ဂိုးတိုင်ထိ၍ ပြန်ထွက်လာခဲ့သည်။

ယှဉ်ပြိုင်မည်

(ဂ)အုပ်စုတွင် အာဂျင်တီးနားအသင်းသည် အုပ်စုဗိုလ်ဖြစ်ပြီး နောက်ဆုံး ၁၆ သင်းပြိုင်ပွဲတွင် မက္ကဆီကို

အုပ်စု(ဂ)၏ ရပ်တည်မှုအနေအထား

အသင်း	ပွဲ	နိုင်	သရေ	ရှုံး	ရဂိုး	ပေးဂိုး	ရမှတ်
အာဂျင်တီးနား	၃	၂	၁	-	၈	၁	၇
နယ်သာလန်	၃	၂	၁	-	၃	၁	၇
အိုင်ဗရီကို့စ်	၃	၁	-	၂	၅	၆	၃
ဆားဗီးယား	၃	-	-	၃	၂	၁၀	၀

အုပ်စု(ဃ)၏ ရပ်တည်မှုအနေအထား

အသင်း	ပွဲ	နိုင်	သရေ	ရှုံး	ရဂိုး	ပေးဂိုး	ရမှတ်
ပေါ်တူဂီ	၃	၃	-	-	၅	၁	၉
မက္ကဆီကို	၃	၁	၁	၁	၄	၃	၄
အင်ဂိုလာ	၃	-	၂	၁	၁	၂	၂
အီရန်	၃	-	၁	၂	၂	၆	၁

(အင်တာနက်)

ကမ္ဘာ့ဖလား သတင်းဂယက်

ကမ္ဘာ့ဖလားပြိုင်ပွဲ နောက်ဆုံးထူးခြားဖြစ်စဉ်များ

စုစည်းတင်ဆက်သူ **မောင်မောင်မြင့်ဆွေ**

ဘာလင် ဇွန် ၂၂

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပြိုင်ပွဲ နောက်ဆုံးပွဲစဉ်များကို ကစားနေပြီဖြစ်ရာ ယနေ့ ကစားကြမည့် ဘောလုံးပွဲစဉ်များနှင့် ပတ်သက်သည့် နောက်ဆုံးသတင်းများကို စုစည်းဖော်ပြလိုက်ပါသည်။

ပွဲတိုင်းအနိုင်ကစားမည်ဟု စပိန်ကွင်းလယ်ကစားသမား ဖာဘရီဂတ်ပြောကြား

စပိန်အသင်းသည် ကမ္ဘာ့အဆင့်မီ ဘောလုံးအသင်းဖြစ်ကြောင်း၊ ကမ္ဘာ့ဖလားပြိုင်ပွဲ၌ ပွဲတိုင်းအနိုင်ကစားမည်ဖြစ်ကြောင်း စပိန်ကွင်းလယ်ကစားသမား ဖာဘရီဂတ်က ပြောကြားလိုက်သည်။

စပိန်အသင်း ယနေ့ကစားမည့်ပွဲ၌ ဆော်ဒီအသင်းကို ဂိုးရသလောက် သွင်းယူမည်ဖြစ်ကြောင်း အုပ်စုဗိုလ်အဖြစ် ထိုက်တန်သော ခြေစွမ်းရှိကြောင်း ပြသမည်ဟု ၎င်းက ပြောကြားလိုက်သည်။

စပိန်ကွင်းလယ်ကစားသမား ဖာဘရီဂတ်။

စပိန်တိုက်စစ်မှူးများကိုသတိထားရန် ဆော်ဒီနည်းပြသတိပေး

ယနေ့ကစားရမည့် စပိန်နှင့်ပွဲတွင် မိမိတို့အနိုင်ရရှိပြီး ယူကရိန်းတို့ ရှုံးပွဲကြုံခဲ့ပါက နောက်တစ်ဆင့်တက်နိုင်မည့် မျှော်လင့်ချက်ရှင်သန်စေရန် စပိန်ကို အနိုင်ကစားရေးမှာ အရေးကြီးကြောင်း ဆော်ဒီနည်းပြ မာကိုစ်ပါကွီတာက ပြောကြားလိုက်သည်။

ယခုအချိန်အထိ ဂျာမနီနှင့် အာဂျင်တီးနားတို့ပြီးလျှင် ဂိုးအများဆုံး သွင်းထားနိုင်သည့်အသင်းမှာ စပိန်ဖြစ်နေ၍ စပိန်တိုက်စစ်မှူးများ၏ ထိုးဖောက်မှုကို သတိထားရန်လည်း ဆော်ဒီနည်းပြက သူ့အသင်းသားများအား သတိပေးလိုက်သည်။

တူနီးရှားတိုက်စစ်မှူး ဆန်တို့စ်။

ယနေ့ပွဲတွင် တူနီးရှားတိုက်စစ်မှူးဆန်တို့စ်ပါဝင်ကစားမည်

ဝဲဘက်ခြေထောက်ဒဏ်ရာ ရရှိထားသဖြင့် ကမ္ဘာ့ဖလား ပထမပွဲစဉ်များနှင့်လွဲခဲ့ရသော တူနီးရှားတိုက်စစ်မှူး ဆန်တို့စ်သည် ဇွန် ၂၀ ရက်က ဓာတ်မှန်မှတ်တမ်းအရ ဒဏ်ရာအခြေအနေ ကောင်းမွန်သွားပြီးဖြစ်သဖြင့် ယနေ့ ယူကရိန်းနှင့်ပွဲတွင် ပါဝင်ကစားဖွယ်ရှိသည်။

အသက် ၂၇နှစ်အရွယ် ဘရာဇီးနိုင်ငံဖွား ဆန်တို့စ်သည် တူနီးရှားအသင်းနှင့်အတူ ပုံမှန်လေ့ကျင့်မှုများပြုလုပ်နေပြီး ယူကရိန်းနှင့်ပွဲတွင် အချိန်ပိုင်း ပါဝင်ကစားမည်ဖြစ်ကြောင်း သိရသည်။

ယနေ့ပွဲနိုင်မှုဖြစ်မည်ဟု ယူကရိန်းနည်းပြပြောကြား

နိုင်ပွဲလိုအပ်နေသော ယူကရိန်းအသင်းသည် နှစ်ပွဲကစား သုံးမှတ်သာရရှိထားရာ အုပ်စုမှတက်ရေးအတွက် ယနေ့ကစားမည့် တူနီးရှားနှင့်ပွဲအား အနိုင်ကစားမှုရမည်ဟု ယူကရိန်း နည်းပြအိုလက်ဘလော့ကင်က ပြောကြားလိုက်သည်။

တူနီးရှားအသင်းသည် တောင့်တင်းသော အသင်းဖြစ်၍ ခက်ခက်ခဲခဲကစားရမည်ကို မိမိသိကြောင်း၊ တူနီးရှားကို အနိုင်ယူရန်မည်သို့ ကစားရမည်ကို မိမိဘောလုံးသမားများအား မှာကြားထားပြီးဖြစ်ကြောင်း ၎င်းကပြောကြားသည်။

ပြင်သစ်နည်းပြ ဒိုမီနစ်။

ပြင်သစ်နည်းပြစိုးရိမ်ပူပန်နေရပြီ

နှစ်ပွဲကစားနှစ်မှတ်သာ ရရှိထားသော ကမ္ဘာကျော်ပြင်သစ်အသင်းတွင် ကစားသမားများ အချင်းချင်း ဆက်ဆံရေး မပြေမလည်မှုသည် ပြိုင်ပွဲရလဒ်များအထိပါ ထိခိုက်လာသဖြင့် ယနေ့ပွဲ၌ ပြင်သစ်အသင်း ရလဒ်ကို စိုးရိမ်ပူပန်စွာ စောင့်မျှော်ရတော့မည်ဖြစ်ကြောင်း ပြင်သစ်နည်းပြ ဒိုမီနစ်က ပြောကြားလိုက်သည်။

ပြင်သစ်အသင်းအား ယနေ့ပွဲ၌ တိုဂိုအသင်းကိုအနိုင်ကစားရန်မှအပ အခြားရလဒ်များမလိုချင်ကြောင်း ပြင်သစ်နည်းပြက ပြတ်ပြတ်သားသား သတိပေးထားသည်။

ဆွစ်ဇာလန်ကိုခက်ခက်ခဲခဲကစားရမည်ဟု တောင်ကိုရီးယားနည်းပြ ဝန်ခံပြောကြား

အုပ်စုမှ နောက်တစ်ဆင့်တက်ရေး တောင်ကိုရီးယားတို့ အစွမ်းကုန် ကြိုးစားသွားမည်ဖြစ်သော်လည်း ဆွစ်ဇာလန်အသင်းကို ခက်ခက်ခဲခဲကစားရမည်ကို မိမိသိကြောင်း တောင်ကိုရီးယားနည်းပြ ဒစ်အက်ဗိုကက်က ပြောကြားသည်။

တောင်ကိုရီးယားအသင်း၏ စိတ်ဓာတ်ကို မည်သည့်အသင်းမျှ ယှဉ်၍မရကြောင်း၊ ကြိုးစားမှု၊ စိတ်ဓာတ်ခွန်အားများဖြင့် ဆွစ်ဇာလန်ကို အနိုင်ကစားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

တောင်ကိုရီးယားသည် တောင့်တင်းနေသောအသင်းဖြစ် ဆွစ်ဇာလန်နည်းပြသတိပေး

ယနေ့ကစားရမည့် တောင်ကိုရီးယားနှင့် ပွဲသည် တောင့်တင်းသော အသင်းနှင့်ရင်ဆိုင်ရမည်ဖြစ်ရာ အားလုံးမပေါ့ဆရန် ဆွစ်ဇာလန်နည်းပြ ကိုဘီခန်းက သတိပေးလိုက်သည်။

တောင်ကိုရီးယားကို လွယ်လွယ်ကူကူ အနိုင်ရမည်မဟုတ်ကြောင်း ယနေ့ပွဲရလဒ်သည် အလွန်အရေးကြီးကြောင်း ၎င်းက ပြောကြားလိုက်သည်။

ဒူးဒဏ်ရာရရှိသွားသော အင်္ဂလန် တိုက်စစ်မှူးမိုက်ကယ်အိုဝင်။
(ဓာတ်ပုံ-အင်တာနက်)

မိုက်ကယ်အိုဝင် ဒူးဒဏ်ရာကြောင့် ကမ္ဘာ့ဖလားပွဲစဉ်များနှင့်လွဲပြီ

ဆွီဒင်နှင့်ကစားခဲ့သည့်ပွဲတွင် ဒူးဒဏ်ရာရရှိခဲ့သော မိုက်ကယ်အိုဝင်သည် ဆေးစစ်ချက်အရ ဒဏ်ရာပြင်းထန်သဖြင့် ကျန်ရှိသည့်ကမ္ဘာ့ဖလားပွဲစဉ်များ၌ ပါဝင်ကစားနိုင်တော့မည်မဟုတ်ကြောင်း အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်က ကြေညာလိုက်သည်။

မိုက်ကယ်အိုဝင်သည် ဒူးဒဏ်ရာကြောင့် အင်္ဂလန်ပြန်ရပြီဖြစ်သည်။ ။ **(အင်တာနက်)**

အပြောရောင်ပြင်သစ်က တိုဂိုအသင်းကို ဂိုးပြတ်အနိုင်ကစားရမည် ဆွစ်ဇာလန်နှင့် တောင်ကိုရီးယား သရေပွဲဖြင့် အဆုံးသတ်မှာလား မျက်နှာသစ်ယူကရိန်း ရှုံးထွက်ပွဲစဉ်သို့ တက်ရောက်ခွင့်ရနိုင်မည်လော

ရန်ကုန် ဇွန် ၂၂

၂၀၀၆ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ အုပ်စု နောက်ဆုံးပွဲစဉ်များ ယှဉ်ပြိုင်ကစားလျက်ရှိရာ အုပ်စု(က)မှ အိမ်ရှင်ဂျာမနီနှင့် အီကွေဒေါ၊ အုပ်စု(ခ)မှ အင်္ဂလန်နှင့် ဆွီဒင်၊ အုပ်စု(ဂ)မှ အာဂျင်တီးနားနှင့် ဟော်လန်(နယ်သာလန်)၊ အုပ်စု(ဃ)မှ ပေါ်တူဂီနှင့် မက္ကဆီကိုတို့ ဒုတိယအဆင့် ရှုံးထွက်ပွဲစဉ်သို့ တက်ရောက်သွားကြပြီ ဖြစ်သည်။ ဇွန် ၂၃ ရက်နှင့် ၂၄ ရက်တို့တွင် အုပ်စု နောက်ဆုံးပွဲစဉ်များအဖြစ် အုပ်စု(ဆ)မှ တိုဂိုနှင့် ပြင်သစ်၊ ဆွစ်ဇာလန်နှင့် တောင်ကိုရီးယား၊ အုပ်စု(ဇ)မှ ဆော်ဒီအာရေဗျနှင့် စပိန်၊ ယူကရိန်းနှင့် တူနီးရှားတို့ ယှဉ်ပြိုင်ကစားကြမည် ဖြစ်သည်။

ဆော်ဒီအာရေဗျနှင့် စပိန်

ဇွန် ၂၃ ရက် **(ယနေ့)** မြန်မာစံတော်ချိန် ည ၈ နာရီခွဲတွင် ကိုင်ဇာစလော့တန်မြို့ရှိ Fritz-Walter-Stadion အားကစားကွင်း၌ အုပ်စု(ဇ)မှ ဆော်ဒီအာရေဗျအသင်းနှင့် စပိန်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ မျှော်လင့်ချက်ကုန်သလောက်ဖြစ်နေသော ဆော်ဒီအာရေဗျအသင်းနှင့် အုပ်စုတက်ရန်သေချာနေသော စပိန်အသင်းတို့၏ ပွဲစဉ်မှာ အာရှနှင့် ဥရောပ ဘောလုံးအဆင့်အတန်း ကွာဟချက် မည်မျှရှိသည်ကို စောင့်ကြည့်ရမည်ဖြစ်သည်။

ဆော်ဒီအာရေဗျ အသင်းသည် တူနီးရှားအသင်းနှင့် နှစ်ဂိုးစီသရေကျလိုက်၍ မျှော်လင့်ချက်ထားနိုင်ခဲ့သော်လည်း ယူကရိန်းအသင်းကို လေးဂိုးပြတ်ရှုံးနိမ့်သွားသောအခါ အိမ်ပြန်ရန် အထုပ်အပိုး ပြင်ဆင်ကြရတော့မည်ဖြစ်သည်။ တစ်ပွဲသရေ၊ တစ်ပွဲရှုံး တစ်မှတ်ရထားပြီး ဂိုးကွာခြားချက်၌ အနုတ် လေးဂိုး(–၄)ဖြစ်နေ၍ စပိန်ကိုနိုင်သည့်တိုင် အုပ်စုတက်ရန် မဖြစ်နိုင်ပေ။ ယူကရိန်းက တူနီးရှားကို အနိုင်ရသွားခဲ့လျှင် ဆော်ဒီအာရေဗျက ဂိုးမည်မျှသွင်းပြီး အနိုင်ယူသည်ဖြစ်စေ အုပ်စုမှ ထွက်သွားရမည်ဖြစ်သည်။ ဆော်ဒီအာရေဗျက စပိန်ကိုနိုင်ပြီး တူနီးရှားနှင့် ယူကရိန်း သရေ (သို့မဟုတ်) တူနီးရှားကနိုင်ခဲ့လျှင် လေးမှတ်စီတူညီနေ၍ ဂိုးကွာခြားချက်ဖြင့် အဆုံးအဖြတ်ယူရမည် ဖြစ်သည်။ လက်ရှိအနေအထားတွင် ယူကရိန်းက ဂိုးကွာခြားချက်မရှိဘဲ တူနီးရှားက အနုတ် နှစ်ဂိုး(–၂)ဖြစ်နေသည်။

စပိန်အသင်းသည် ယူကရိန်းအသင်းကို လေးဂိုး–ဂိုးမရှိ၊ တူနီးရှားအသင်းကို သုံးဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ခြောက်မှတ်ဖြင့် အုပ်စုတက်ရန် သေချာနေခြင်းဖြစ်သည်။ စပိန်အသင်း နှစ်ပွဲစလုံးခြေစွမ်းပြကစားပြီး အသင်းလိုက် ရစ်သမ်မှန်နေသည်။ အထူးသဖြင့် ရှေ့တန်းတိုက်စစ်မှူးများ ဂိုးသွင်းစွမ်းရည်ပြသနိုင်ခဲ့ရာ အာဂျင်တီးနား၊ ဂျာမနီတို့ပြီးလျှင် ဂိုးသွင်းအများဆုံးဖြစ်နေသည်။ စပိန်အသင်းအတွက် တောရက်စ်က သုံးဂိုး(တစ်ဂိုး ပယ်နယ်တီ)၊ ဒေးဗစ်ဗီလာက နှစ်ဂိုး (တစ်ဂိုး ပယ်နယ်တီ)၊ အလွန်ဆိုနှင့် ရာအူးလ်တို့က တစ်ဂိုးစီ သွင်းထားကြသည်။ တိုက်စစ်မှူး ရာအူးလ် ဂိုးသွင်းနိုင်ခြင်းမှာ စပိန်အသင်းအတွက် အားတက်စရာပင်ဖြစ်သည်။ ရာအူးလ်သည် လက်ရွေးစင်အသင်းအတွက် ၆၇ ပွဲတွင် ၄၄ ဂိုး သွင်းယူထားရာ စပိန်အသင်း၏ ဂိုးအများဆုံး သွင်းသူအဖြစ် စံချိန်တင်ထားသည်။

တူနီးရှားနှင့်ပွဲတွင် တစ်ဂိုးရှုံးနေရာမှ သုံးဂိုးပြန်သွင်းပြီး အနိုင်ကစားခဲ့ရာ အလယ်တန်းလူ ဆယ်ကျော်သက် ဘောလုံးသမား ဖာဘရီဂတ်စ် ခြေစွမ်းပြနိုင်ခဲ့သည်။ ဖာဘရီဂတ်စ် (အာဆင်နယ်)သည် ဒုတိယပိုင်း၌ လူစားဝင်လာပြီး ရာအူးလ်နှင့် တောရက်စ်တို့ ဂိုးသွင်းနိုင်အောင် ဖန်တီးပေးနိုင်ခဲ့သည်။ ဖာဘရီဂတ်စ်သည် စပိန်အသင်း၏ အသက်အငယ်ဆုံး ဘောလုံးသမားအဖြစ် စံချိန်တင်နိုင်ခဲ့သည်။ အာဂျင်တီးနား ဂန္တဝင် ဘောလုံးသမား မာရာဒိုနာက **"တူနီးရှားကို အနိုင်ရရှိခြင်းမှာ ဖာဘရီဂတ်စ်၏ ပါရမီခြေစွမ်းကြောင့်ဖြစ်ကြောင်း၊ အာဆင်နယ်ကိုရောက်ရှိပြီးနောက် တစ်ဟုန်ထိုးခြေစွမ်းတက်လာသူ ဖြစ်ကြောင်း၊ အတွေ့အကြုံ ရင့်ကျက်လာသည်နှင့် အမျှ စပိန်အသင်း၏ ဦးဆောင်ကစားသမားဖြစ်လာနိုင်ကြောင်း"** ချီးကျူးစကား ပြောကြားခဲ့သည်။

စပိန်အသင်း၏ လက်ရှိ ကမ္ဘာ့အဆင့်(၅)၊ ဆော်ဒီအာရေဗျ၏ လက်ရှိ ကမ္ဘာ့အဆင့်(၃၄)ဖြစ်သည်။ စပိန်နှင့် ဆော်ဒီအာရေဗျတို့ ဆုံတွေ့ခဲ့ဖူးခြင်း မရှိပေ။ စပိန်အသင်းက ရှုံးထွက်ပွဲစဉ်အတွက် အမာခံကစားသမားများကို အနားပေးထားဖွယ်ရှိသည်။ စပိန်အသင်းက အရန်အင်အား ကောင်းသည်ဖြစ်ရာ ပထမ တာထွက်ကစားသမားများနှင့် ခြေစွမ်းသိပ်ကွာလှမည် မဟုတ်ချေ။ ဆော်ဒီအာရေဗျအသင်း အနေဖြင့် ဂုဏ်သိက္ခာအတွက် ခြေကုန်ထုတ်ကစားရမည်ဖြစ်သည်။ ဆော်ဒီအာရေဗျအသင်း ကစားပုံလေးသည့်အတွက် စပိန်ကို ခြေရည်တူကစားရန် ခက်လှသည်။ စပိန်အသင်း အလယ်တန်းနှင့် ရှေ့တန်း အချိတ်အဆက်မိနေပြီဖြစ်ရာ ဆော်ဒီအာရေဗျအသင်း ဂိုးမပေးရေးကို အာရုံစိုက်ရမည်ဖြစ်သည်။ စပိန်အသင်း ဂိုးပြတ်မသွင်းသည့်တိုင် နိုင်ပွဲဆက်မည်ဟု ထင်မိသည်။

ယူကရိန်းနှင့် တူနီးရှား

ဇွန် ၂၃ ရက် **(ယနေ့)** မြန်မာစံတော်ချိန် ည ၈ နာရီခွဲတွင် ဘာလင်မြို့ရှိ Olympia Stadion အားကစားကွင်း၌ အုပ်စု(ဇ)မှ ယူကရိန်းအသင်းနှင့် တူနီးရှားအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ သုံးမှတ်ရထားသော ယူကရိန်းအသင်းနှင့် တစ်မှတ်ရထားသော တူနီးရှားအသင်းတို့၏ပွဲစဉ်မှာ ဥရောပနှင့် အာဖရိက ဘောလုံးအားပြိုင်မှုကို ကြည့်ရမည်ဖြစ်သည်။

ယူကရိန်းအသင်းသည် ရှုံးတော့လည်း ဂိုးပြတ်၊ နိုင်တော့လည်း ဂိုးပြတ် ခြေမမှန်သည့်အသင်းဟု ပြောရမည်။ ပွဲဦးထွက်၌ စပိန်အသင်းကို လေးဂိုး–ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ပြီး ဒုတိယပွဲ၌ ဆော်ဒီအာရေဗျအသင်းကို လေးဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိထားသည်။ တစ်ပွဲနိုင်၊ တစ်ပွဲရှုံး သုံးမှတ်ရရှိထားသဖြင့် တူနီးရှားကို သရေကစားရုံဖြင့် အုပ်စုတက်မည်ဖြစ်သည်။ ယူကရိန်းအသင်းအတွက် ရှူးဆိုးလ်၊ ရီဘရော့ဗ်၊ ရှက်ဗ်ချင်ကိုနှင့် ကာလင်ချင်ကိုတို့ တစ်ဂိုးစီ သွင်းယူပေးခဲ့သည်။

တူနီးရှားအသင်း

အာဖရိကတိုက်မှ ကမ္ဘာ့ဖလားပွဲ အတွေ့အကြုံများသော တူနီးရှားအသင်းသည် ယခင်အကြိမ်များနည်းတူ အုပ်စုအဆင့်မှ လှည့်ပြန်ရမည့် အခြေအနေမျိုးဖြစ်နေသည်။ ယူကရိန်းအသင်းကို အနိုင်ကစားရန်ပင် မလွယ်လှဘဲ သရေကျလျှင်လည်း အုပ်စုမှ ထွက်ရမည်ဖြစ်သည်။ ပွဲဦးထွက်၌ ဆော်ဒီအာရေဗျနှင့် နှစ်ဂိုးစီသရေကျခဲ့၍ စပိန်အသင်းကို ခြေကုန်ထုတ်ကစားခဲ့သည်။ စပိန်အသင်းကို ဦးဆောင်ဂိုးသွင်းယူနိုင်ပြီး ပထမပိုင်း အနိုင်ရနေသော်လည်း ဒုတိယပိုင်း သုံးဂိုးပြန်ပေးခဲ့ရသည်။ တူနီးရှားအသင်းအတွက် ဂျာဇီရီ၊ ဂျိုင်းဒီနှင့် မနာရီတို့ တစ်ဂိုးစီသွင်းယူပေးခဲ့သည်။ ဆော်ဒီအာရေဗျနှင့်ပွဲတွင် ဂျာဇီရီ အကောင်းဆုံးဆုရခဲ့သည်။

ယူကရိန်းအသင်း၏ လက်ရှိ ကမ္ဘာ့အဆင့်(၄၁)၊တူနီးရှားအသင်း၏ လက်ရှိ ကမ္ဘာ့အဆင့်(၂၁)ဖြစ်သည်။ ယူကရိန်းအသင်းနှင့် တူနီးရှားအသင်းတို့ ယခင်ကဆုံတွေ့ခဲ့ဖူးခြင်း မရှိပေ။ ယူကရိန်းအသင်းသည် ဥရောပတိုက်မှ ပထမဆုံးအကြိမ် ခြေစစ်ပွဲအောင်မြင်လာသော မျက်နှာသစ် အသင်းဖြစ်သည်။ ယူကရိန်းတိုက်စစ်မှူး ရှက်ဗ်ချင်ကို ဂိုးဈေးဦးပေါက်ခဲ့ပြီဖြစ်ရာ ဗိုရိုနင် ဂိုးဈေးဦးပေါက်ရန် ကျန်နေသေးသည်။ ယူကရိန်းအသင်း အထ နှေးသော်လည်း အရှိန်ရလာပြီဆိုလျှင် တိုက်စစ်အားကောင်းပြီး နောက်တန်းကလည်း မာကြောလှသည်။ တူနီးရှားအသင်း လျင်လျင်မြန်မြန်ထိုးဖောက်ကစားနိုင်သော်လည်း ဒုတိယပိုင်း၌ ကစားအား ကျဆင်းသွားတတ်သည်။ ယူကရိန်းအသင်း အနိုင်ရမည်ထင်ပါသည်။

ပြင်သစ်အသင်းနှင့်တောင်ကိုရီးယားအသင်းတို့၏ ပွဲစဉ်တွင် တောင်ကိုရီးယားအသင်းအတွက် ချေပဂိုးသွင်းယူပေးခဲ့သော ပက်ဂျီဆန်(မန်ယူ)၏ အောင်ပွဲခံပျော်မြူးမှုကို ဤသို့တွေ့ရသည်။ (ဓာတ်ပုံ–အင်တာနက်)

တိုဂိုနှင့် ပြင်သစ်

ဇွန် ၂၄ ရက် **(မနက်ဖြန်)** မြန်မာစံတော်ချိန် နံနက် ၁ နာရီခွဲတွင် ကိုလုံးမြို့ရှိ Rhein Energie Stadion အားကစားကွင်း၌ အုပ်စု(ဆ)မှ တိုဂိုအသင်းနှင့်ပြင်သစ်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ အုပ်စုတက်ရန် မျှော်လင့်ချက်ကုန်နေပြီဖြစ်သော တိုဂိုအသင်းနှင့် မျှော်လင့်ချက်ရှိနေသေးသော ပြင်သစ်အသင်းတို့၏ ပွဲစဉ်မှာ ပြင်သစ်အသင်း ဂိုးပြတ်သွင်းနိုင်ပါ့မလား စောင့်ကြည့်ရမည့်ပွဲဖြစ်သည်။

တိုဂိုအသင်းသည် တောင်ကိုရီးယားအသင်းကို နှစ်ဂိုး–တစ်ဂိုး၊ ဆွစ်ဇာလန်အသင်းကို နှစ်ဂိုး–ဂိုးမရှိဖြင့်ရှုံးပြီး အမှတ်မရသေးချေ။ တိုဂိုအသင်း အုပ်စုတက်ရန် မျှော်လင့်ချက်ကုန်နေပြီဖြစ်သော်လည်း ပြိုင်ဘက်ပြင်သစ်အသင်း၏ မျှော်လင့်ချက်ကို ဖျက်ဆီးပစ်နိုင်ခဲ့ပါက သမိုင်းဝင်မှတ်တမ်းတစ်ခု ရရှိမည်ဖြစ်သည်။ တိုဂိုအသင်းသည် အားလုံးကို အံ့အားသင့်စေမည့်အသင်းလားဟု ကြိုတင်တွေးဆခဲ့ရာ ပြင်သစ်အသင်းကို သရေ (သို့မဟုတ်) အနိုင်ကစားပါက အမှန်တကယ် အံ့အားသင့်ရမည်ဖြစ်သည်။ သို့သော်လည်း တိုဂိုအသင်း ကစားခဲ့သည့်ခြေစွမ်းအရ အံ့အားသင့်ဖွယ်ရာ လုပ်ပြနိုင်မည့်ပုံ မပေါ်ပါ။ တိုဂိုအသင်း၏ ဘောလုံးခြေစွမ်းကို အံ့အားသင့်စရာ မဖြစ်ခဲ့သော်လည်း တိုဂိုအသင်း၏ ဆုကြေးကိစ္စကတော့ ဘောလုံးသတင်း စာမျက်နှာများ၌ အသားပေးဖော်ပြခြင်း ခံခဲ့ရသည်။

တိုဂိုအသင်းမှ ဘောလုံးသမားများသည် ပြိုင်ပွဲမစမီ ဆုကြေးကိစ္စ အငြင်းပွားခဲ့ကြရာ စကတည်းက ယဉ်သကိုဖြစ်ခဲ့သည်။ တိုဂိုအသင်းနည်းပြဖြစ်စတာသည်အသင်းတာဝန်ရှိသူများနှင့် ဘောလုံးသမားများကြား ဆုကြေးငွေကိစ္စ မပြေလည်သည့်အတွက် အသင်းမှ ခေတ္တ နုတ်ထွက်သည်အထိပင်ဖြစ်ခဲ့သည်။ ဆွစ်ဇာလန်နှင့် မကစားမီကလည်း ဆုကြေးငွေကိစ္စ အာမခံချက်မရလျှင် ပြိုင်ပွဲမှ ထွက်မည်ဟု ခြိမ်းခြောက်ခဲ့၍ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)က ကြားဝင်၍ ဖြေရှင်းပေးခဲ့ရသည်။ ယခုအခါ တိုဂိုအသင်းသည် ဆုကြေးငွေရရှိရန် အာမခံချက်ရရှိခဲ့ပြီဖြစ်ကြောင်း သိရသည်။ တိုဂိုအသင်းအတွက် ဆုကြေးကို ဖီဖာမှ တိုဂိုဘောလုံးအဖွဲ့ချုပ်သို့ ပေးချေရမည့်ရန်ပုံငွေမှ ပေးမည်ဖြစ်သည်။

ပြင်သစ်အသင်း

နာမည်ကြီး ပြင်သစ်အသင်းသည် ၂၀၀၂ ကမ္ဘာ့ဖလားပွဲအရိပ်မည်းကြီးမှ လွတ်မြောက်ရန် တိုဂိုအသင်းကို နှစ်ဂိုးနှင့်အထက် သွင်းပြီး အနိုင်ယူရန် လိုအပ်နေသည်။ တိုဂိုအသင်းကို နှစ်ဂိုးပြတ်နိုင်သည့်တိုင် ဆွစ်ဇာလန်နှင့် တောင်ကိုရီးယားတို့ပွဲအဖြေကို နားစွင့်ကြည့်ရဦးမည် ဖြစ်သည်။ ပြင်သစ်အသင်းသည် ဆွစ်ဇာလန်အသင်းနှင့် ဂိုးမရှိသရေကျခဲ့ပြီး တောင်ကိုရီးယားအသင်းနှင့် တစ်ဂိုးစီ သရေကျခဲ့၍ နှစ်မှတ်ရထားသည်။ အသားတင် ဂိုးမရှိဘဲ ရဂိုး၊ ပေးဂိုးတူညီနေသည်။ ပြင်သစ်အသင်းအတွက် တစ်လုံးတည်းသောဂိုးကို တောင်ကိုရီးယားနှင့် ပွဲတွင် အွန်နရီ(အာဆင်နယ်)က သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ ၂၀၀၂ ကမ္ဘာ့ဖလားပွဲတွင် ပြင်သစ်အသင်း တစ်ဂိုးမျှ မသွင်းနိုင်ဘဲ အုပ်စုမှထွက်ခဲ့ရသည်။ ယခုပြိုင်ပွဲ၌ ပြင်သစ်အသင်း ဂိုးဈေးဦး ပေါက်ပြီဖြစ်သော်လည်း အုပ်စုတက်နိုင်ပါမည်လောဟု မေးစရာဖြစ်နေသည်။ တောင်ကိုရီးယားနှင့် ဆွစ်ဇာလန်တို့ နှစ်ဂိုးစီသရေ(သို့မဟုတ်) ထို့ထက်ဂိုးအရေအတွက် များများဖြင့် သရေကျခဲ့လျှင် ပြင်သစ်အသင်း အခြေအနေမကောင်းနိုင်ပါ။

ပြင်သစ် အသင်းခေါင်းဆောင် ဆရာကြီး ဇီဒန်း နှစ်ဝါထိ၍ ပွဲပယ်ခံထားရပြီး တိုဂိုနှင့်ပွဲတွင် ပါဝင်နိုင်မည်မဟုတ်ပေ။ ဇီဒန်းပါခြင်း မပါခြင်းသည် ပြင်သစ်အတွက် အကောင်းနှင့်အဆိုး ဒွန်တွဲနေသည်။ တောင်ကိုရီးယားနှင့်ပွဲတွင် ဇီဒန်းကို အားပြုလွန်းသည်ဟု သုံးသပ်သူများ ရှိသည်။ ဆွစ်ဇာလန်နှင့်ပွဲတွင် အကောင်းဆုံးဆုရခဲ့သော မက်ခီလီလီ(ချယ်လ်ဆီး)သည် ဘောလုံး အဖျက်အလုကောင်းသော်လည်း လမ်းပတ်၊ ဂျရတ်တို့လို ဂိုးသွင်းနိုင်စွမ်းရှိသူမဟုတ်ပေ။ ဗီယာရာကလည်း အာဆင်နယ်မှ ဂျူဗင်တပ်စ်ကို ပြောင်းသွားပြီးနောက် ခြေစွမ်းကျသလိုဖြစ်နေသည်။ ဇီဒန်း မပါလျှင် ပြင်သစ် အလယ်တန်းကစားကွက် တစ်မျိုးတစ်ဖုံ ပြောင်းလာနိုင်သည်။ ဇီဒန်းပေးပို့သည့် ဘောလုံးများကို အွန်နရီ အချိန်ကိုက်ဆွဲယူဂိုးသွင်းသည့် ကစားကွက်အစား အွန်နရီကိုယ်တိုင် ဘောလုံးဆင်းယူကာ ဝီးလ်တော့ဒ်၊ ထရက်ဇီဂေးတို့ ကွက်ပျောက်တက်ပြီး ဂိုးသွင်းတာမျိုး ကြည့်ရနိုင်သည်။ ဆရာကြီး ဇီဒန်းက တိုဂိုအသင်းအား သူမပါသည့်တိုင် အနိုင်ရမည်ဟု ယုံကြည်ကြောင်း ပြောကြားခဲ့သည်။

ပြင်သစ်အသင်း၏ လက်ရှိကမ္ဘာ့အဆင့်(၇)၊ တိုဂိုအသင်း၏ လက်ရှိအဆင့်(၅၉)ဖြစ်သည်။ တိုဂိုနှင့်ပြင်သစ်တို့ ယခင်ကဆုံတွေ့ဖူးခြင်း မရှိပေ။ အာဖရိကတိုက်မှ မျက်နှာသစ် တိုဂိုအသင်း ဆုကြေးငွေအာမခံချက်ရရှိပြီးဖြစ်၍ ခြေကုန်ထုတ်ကစားမည်လား မပြောတတ်ပေ။ လမ်းမှန်ကမ်းမှန်အရဆိုလျှင် ပြင်သစ် နှစ်ဂိုးနှင့်အထက် ရနိုင်ပါသည်။ ရှုံးထွက်ပွဲစဉ်များ၌ ပြင်သစ်အသင်း ပါဝင်လာလျှင် ပို၍ ပွဲစည်မည်ဖြစ်သည်။ ပြင်သစ် ဂိုးပြတ်အနိုင်ရမည်ဟု ထင်ပါသည်။

ဆွစ်ဇာလန်နှင့် တောင်ကိုရီးယား

ဇွန် ၂၄ ရက် **(မနက်ဖြန်)** မြန်မာစံတော်ချိန်နံနက် ၁ နာရီခွဲတွင် ဟန်နိုဗာမြို့ရှိ AWD Arena အားကစားကွင်း၌ အုပ်စု(ဆ)မှ ဆွစ်ဇာလန်အသင်းနှင့် တောင်ကိုရီးယားအသင်းတို့ ယှဉ်ပြိုင်ကစားကြမည် ဖြစ်သည်။ နှစ်သင်းစလုံး လေးမှတ်ကိုယ်စီဖြင့် ရှုံးထွက်အဆင့်ကို စိတ်ကူးယဉ်နေကြသည်ဖြစ်ရာ အသည်းပေါက်မတတ် ရေကုန်ရေခန်း ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အာရှသား တောင်ကိုရီးယား ဥရောပမြေ၌ ပထမဆုံးအကြိမ် ဒုတိယအဆင့် ရှုံးထွက်ပွဲစဉ်သို့ တက်ရောက်နိုင်မည့် ခြေစွမ်းမျိုးရှိသည်။ တောင်ကိုရီးယားမှ ပက်ဂျီဆန်၊ လီချန်ဆူးနှင့် အန်ဂျင်းဟွာတို့ တစ်ဂိုးစီ သွင်းယူထားပြီး အန်ဂျင်းဟွာနှင့် ပက်ဂျီဆန်တို့ အကောင်းဆုံးဆု ရရှိထားကြသည်။ တောင်ကိုရီးယားနှင့် ဆွစ်ဇာလန်တို့ နှစ်သင်းစလုံး ပြင်သစ်ကို သရေကစားထားနိုင်ကြသည်။ တောင်ကိုရီးယားအသင်းက ၁၈ ကိုက်စည်းအပြင်မှ လျှပ်တစ်ပြက်ကန်သွင်းပြီး ဂိုးရအောင် ဖန်တီးနိုင်သည်။ ဆွစ်ဇာလန်အသင်းက အသားတင် နှစ်ဂိုး(+၂)၊ တောင်ကိုရီးယားက အသားတင် တစ်ဂိုး(+၁) ရှိထားသည်။

ဆွစ်ဇာလန်အသင်း၏ လက်ရှိကမ္ဘာ့အဆင့်(၃၅)၊ တောင်ကိုရီးယားအသင်း၏ လက်ရှိကမ္ဘာ့အဆင့်(၃၀) ဖြစ်သည်။ ဆွစ်ဇာလန်နှင့် တောင်ကိုရီးယားတို့ ယခင်က ဆုံတွေ့ခဲ့ဖူးခြင်းမရှိပေ။ တောင်ကိုရီးယားနှင့် ဆွစ်ဇာလန်တို့ တစ်မျိုးစီကောင်းကြသည်။ ဆွစ်ဇာလန်က ဘောလုံးအထိန်းအသိမ်း ပို၍ညက်ညောသည်။ တောင်ကိုရီးယားက တိုက်စစ်ဆင်ရာ၌ ဘယ်ညာတောင်ပံများမှ အမြင့်ဘောများ သုံးသည်။ ရှေ့တန်းချင်းယှဉ်လျှင် တောင်ကိုရီးယားမှ ပတ်ချူယောင်၊ အန်ဂျင်းဟွာတို့ ပို၍ ဂိုးသွင်းစွမ်းရည်ရှိသည်။ အာရှသား တောင်ကိုရီးယားကို အနိုင်ရစေချင်သော်လည်း အမှားမခံသည့်ပွဲဖြစ်ရာ သရေပွဲနှင့် အဆုံးသတ်သွားနိုင်ပါကြောင်း ပွဲကြိုအဖြစ် သုံးသပ်တင်ဆက်လိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

အုပ်စု(ဆ)ရပ်တည်မှုအနေအထား

အသင်း	ပွဲ	နိုင်	သရေ	ရှုံး	သွင်း	ပေး	ရမှတ်
ဆွစ်ဇာလန်	၂	၁	၁	–	၂	–	၄
တောင်ကိုရီးယား	၂	၁	၁	–	၃	၂	၄
ပြင်သစ်	၂	–	၂	–	၁	၁	၂
တိုဂို	၂	–	–	၂	၁	၄	၀

အုပ်စု(ဇ)ရပ်တည်မှုအနေအထား

အသင်း	ပွဲ	နိုင်	သရေ	ရှုံး	သွင်း	ပေး	ရမှတ်
စပိန်	၂	၂	–	–	၇	၁	၆
ယူကရိန်း	၂	၁	–	၁	၄	၄	၃
တူနီးရှား	၂	–	၁	၁	၃	၅	၁
ဆော်ဒီအာရေဗျ	၂	–	၁	၁	၂	၆	၁

သုံးသပ်ရေးသားသူ – ကိုဇေတွေး

မိုးကုတ်ဝိပဿနာ တစ်လတရားစခန်းပွဲ

ရန်ကုန် ဇွန် ၂၂

ဧရာဝတီတိုင်း ဇလွန်မြို့ မြို့သစ်ခပေါင်းလမ်းရှိ မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ အမှတ် (၉၆) ဓမ္မရိပ်သာကြီးတွင် ဇူလိုင် ၂၄ရက် (ဝါဆိုလကွယ်နေ့)မှ ဩဂုတ် ၂၂ရက် (ဝါခေါင်လကွယ်နေ့)အထိ တစ်လစခန်းပွဲကြီး၌ ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း မိုးကုတ်ဓမ္မကထိက ဦးနန္ဒိယ(ရွှေပွင့်ဖြူ)အရှင်သူမြတ်နှင့် ဓမ္မကထိက ဆရာကြီး ဦးကျော်စိန်၊ ကမ္မဋ္ဌာန်း နည်းပြဆရာ ဦးအေးဖေတို့က သစ္စာလေးပါး ဝိပဿနာ လုပ်ငန်းစဉ်များ ဟောကြားပြသမည်ဖြစ်သည်။ တရားစခန်းဝင်ယောဂီများသည် ဖုန်း–၅၅၄၄၃၅နှင့် ၅၈၀၇၄၇သို့ ဆက်သွယ်စာရင်းပေးပို့နိုင်ကြောင်း သိရသည်။ **(က–ပ)**

ကျိုက်ပိကျောင်း ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇွန် ၂၂

ရန်ကုန်တိုင်း ရန်ကင်းမြို့နယ် ကျောက်ကုန်း မဟာဗောဓိလမ်း မဟာဓမ္မိကာရုံ ပရိယတ္တိ စာသင်တိုက် (ကျိုက်ပိကျောင်း)၌ ဝါကပ်တော်မူကြသည့် ပဓာနနာယက ဘဒ္ဒန္တ ဂုဏောသန နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (ဒုတိယဥက္ကဋ္ဌ) အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ အမှူးပြုသော စာချ စာသင် သံဃာတော် အရှင်မြတ်၁၂၀ ကျော်တို့အား သာသနာ့အကျိုးတော်ဆောင်အဖွဲ့က ကြီးမှူးပြီး ဝါဆိုလပြည့်နေ့ (ဇူလိုင်၉ရက်)တနင်္ဂနွေနေ့ မွန်းလွဲ ၁နာရီတွင် ဝါဆိုသင်္ကန်း၊ ဆွမ်းဆန်တော်၊ ဆီ၊ ဆား စသော လှူဖွယ်ဝတ္ထုအစုစု စုပေါင်းကပ်လှူပွဲ ပြုလုပ်မည်ဖြစ်ကြောင်းသိရသည်။ **(က–ပ)**

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း(မူလကျောင်းဟောင်း) တိုးချဲ့မြေကွက်သစ် ဝယ်ယူရန်အတွက် ပွေးလှမြို့ ကံသာရပ် ရှမ်းပြည်နယ်(တောင်ပိုင်း)နေ သားသမီးများက ဦးအောင်သန်း–ဒေါ်ဖွားစိန် မိဘနှစ်ပါးအားရည်စူး၍ အလှူတော်ငွေကျပ်တစ်သိန်းခြောက်သောင်းနှစ်ထောင်ကို မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အကျိုးတော်ဆောင်ဆရာတော် အရှင်ခေမာသီရိ(လှတော) ရှေ့မှောက်၌ တာဝန်ခံ ဒေါက်တာအေးအေးသာထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

နယ်စပ်ဒေသ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးအောင်ကြိုးပမ်း ဈေးနှုန်းလျှော့ချယှဉ်ပြိုင်ခြင်းမပြုဘဲ ဝန်ဆောင်မှုအပြည့်အဝပေး ဆောင်ရွက်

နေပြည်တော် ဇွန် ၂၂

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်သည် ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဌေးအောင်လိုက်ပါလျက် ဇွန် ၁၆ရက်တွင် လားရှိုးမြို့သို့ ရောက်ရှိပြီး လားရှိုးမိုတယ်၌ မူဆယ်မြို့နှင့် လားရှိုးမြို့တို့ရှိ မြန်မာ့ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းမှ ဝန်ထမ်းများ၊ လားရှိုးမြို့နှင့် သီပေါမြို့တို့ရှိ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းသည် နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုသောလုပ်ငန်းဖြစ်၍ နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးမှုကိုရှေးရှု၍ ပုဂ္ဂလိကလုပ်ငန်းတစ်ခုချင်း ဖွံ့ဖြိုးတိုးတက်မှုကို ကြိုးပမ်းဆောင်ရွက်ကြရေး၊ လားရှိုးဒေသသို့ ခရီးသွားများ ယခုထက်ပိုမို လာရောက်လည်ပတ်ရေးအတွက် မြှင့်တင်ရေးလုပ်ငန်းများကို ဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ရေးတို့ကို မှာကြားသည်။ (အောက်ပုံ)

ထို့နောက် ညွှန်ကြားရေးမှူးချုပ် ဦးဌေးအောင်က လုပ်ငန်းဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းရှင်များက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ကြိုးပမ်းဆောင်ရွက်

ဝန်ကြီးသည် ဇွန် ၁၇ရက်တွင် မူဆယ်ခရိုင် ကြူကုတ်မြို့ရှိ ကြူကုတ်ပန်ဆိုင်းနယ်စပ်ဒေသ ဝင်ပေါက်သို့ရောက်ရှိပြီး ခရီးသည် ဝင်ထွက်ပေါက်နှင့် နယ်စပ်ဖြတ်ကျော် ဝမ်တိန်တံတားတို့ကို ကြည့်ရှုသည်။

ဆက်လက်၍ ဝန်ကြီးသည် မူဆယ်မြို့ရှိ စိန်ရတနာဟိုတယ်ခန်းမ၌ မူဆယ်မြို့ မြန်မာ့ခရီးသွားလုပ်ငန်းမှ စစ်မှုထမ်း၊ မူဆယ်မြို့ရှိ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံကာ နယ်စပ်ဒေသ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးမှုကို အထောက်အကူပြုရေး၊ လုပ်ငန်းများအနေဖြင့် ဈေးနှုန်းလျှော့ချ ယှဉ်ပြိုင်ခြင်းမပြုဘဲ ဝန်ဆောင်မှု အပြည့်အဝပေး၍ လုပ်ငန်းတိုးတက်အောင် ဆောင်ရွက်ရေး၊ ပြဋ္ဌာန်းထားသော စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ရေးနှင့် ဒေသတစ်ခုလုံးရှိ လုပ်ငန်းများအားလုံး ဖွံ့ဖြိုးတိုးတက်ရေးကိုရှေးရှု၍ အတ္တ၊ ပရမ္မတစ္စာဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ် ဦးဌေးအောင်က နယ်စပ်ဒေသ ခရီးသွားလာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး လုပ်ငန်းရှင်များက လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးသည်။

ရှင်းလင်းမှာကြား

ဝန်ကြီးသည် ဇွန် ၁၈ရက်တွင် ပြင်ဦးလွင်မြို့ရှိ နန်းမြိုင်ဟိုတယ်၌ မြန်မာ့ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းမှ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ ဟိုတယ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရေးကို ရှင်းလင်းမှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တောင်ကြီးခရိုင် ပြန်/ဆက်ဦးစီးဌာန ဝန်ထမ်းသားသမီးများပညာသင်စရိတ်ထောက်ပံ့

ရန်ကုန် ဇွန် ၂၂

တောင်ကြီးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ ၂၀၀၆–၂၀၀၇ ပညာသင်နှစ်အတွက် ဝန်ထမ်းသားသမီးများအား ပညာသင်စရိတ် ထောက်ပံ့ပေးအပ်ပွဲကို ဇွန် ၁၄ရက် နံနက် ၁၀နာရီက ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ ကျင်းပရာ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မေမေနီက အမှာစကားပြောကြားသည်။

အခမ်းအနားတွင် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မေမေနီနှင့် ဦးစီးအရာရှိ ဦးချိမောင်တို့က ကျောင်းသူ ကျောင်းသားတစ်ဦးချင်းစီသို့ ထောက်ပံ့ကြေးငွေများ ပေးအပ်ကြသည်။ ပေးအပ်ပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးချုပ်က တက္ကသိုလ်၊ ကောလိပ်နှင့် အထက်တန်းကျောင်းသားတစ်ဦးလျှင် ငွေကျပ် ၂၀၀၀၊ အလယ်တန်းကျောင်းသားတစ်ဦးလျှင် ငွေကျပ် ၁၅၀၀၊ မူလတန်းကျောင်းသားတစ်ဦးလျှင် ငွေကျပ် ၁၀၀၀နှုန်းဖြင့် ကျောင်းသား ကျောင်းသူ ၁၅ဦးအတွက် စုစုပေါင်းငွေကျပ် ၅၆၀၀၀တို့ကို ပေးအပ်ခဲ့ကြောင်း သိရသည်။ **(ခရိုင်ပြန်/ဆက်)**

အရှင်ဇဝန (ပဲခူး) ၏ အထူးတရားပွဲ

ရန်ကုန် ဇွန် ၂၂

နယ်လှည့် သာသနာပြု ဓမ္မကထိက အရှင်ဇဝန(ပဲခူး)သည် ဇွန် ၂၆ရက်နှင့် ၂၇ရက်တွင် ရန်ကုန်မြို့ တောင်ဉက္ကလာပ (၁၃)ရပ်ကွက် အောင်မြေလူထုဓမ္မာရုံနှင့် ၃၀ရက်တွင် တွံတေးမြို့ ဓမ္မကထိက အရှင်ဇောတိက၏ သိက္ခာထပ်မင်္ဂလာ၌ တရားဓမ္မ ဟောကြားတော်မူမည်ဖြစ်သည်။ တရားဆက်သွယ်လိုလျှင် ရန်ကုန်သစ်ရပ်ကွက် ဘုရင့်နောင် ကမ်းနားလမ်း သဃ်န်းကျွန်းမြို့နယ် စံရိပ်ငြိမ်ကျောင်းတိုက် ဖုန်း–၀၉–၅၁–၄၄၇၉၈ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က–ပ)**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းနှင့် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းတို့အတွက် စက္ကူနှင့်ပုံနှိပ်လုပ်ငန်းသုံးပစ္စည်းများဝယ်ယူရန် တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းနှင့် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းတို့အတွက် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါ စက္ကူနှင့် ပုံနှိပ်လုပ်ငန်းသုံးပစ္စည်းများကို ယှဉ်တွဲပါအရေအတွက်များအတိုင်း ဝယ်ယူလိုပါသည်–

(က) **ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း**

(1) Newsprint Paper (48.8 Gsm) (28 1/4", 30", 34", 40")	၁၅၀၀	တန်
(2) Woodfree Paper		
(a) 30" (Roll)	၄၀	တန်
(b) 31"x34"(sheet)	၂၀	တန်
(c) 23 1/2" x 33" (A1 Size) Sheet	၁၅	တန်
(3) Art card (260/275 Gsm) 31"x43" Sheet	၂	တန်
(4) Art Paper (105 / 110 Gsm) 31"x43"	၆	တန်
(5) Web Offset Ink		
(a) Black	၂၀၀၀၀	ကေဂျီ
(b) Yellow	၃၀၀၀	ကေဂျီ
(c) Magenta	၂၀၀၀	ကေဂျီ
(d) Cyan	၂၅၀၀	ကေဂျီ
(6) Sheetfed Offset Ink		
(a) Black	၁၀၀၀	ကေဂျီ
(b) Yellow	၅၀၀	ကေဂျီ
(c) Magenta	၃၀၀	ကေဂျီ
(d) Cyan	၅၀၀	ကေဂျီ
(e) Green	၁၂၀၀	ကေဂျီ
(7) ပုံတူကူးဖလင် (Ortho Film)ပုံဖော်ဆေး Developer	၂၀၀	ထုပ်
(8) အရောင်ခွဲဖလင် (460mmx60m)	၄၀	လိပ်
(9) Negative Plates		
(a) 915x626x0.3 mm	၂၀၀၀	ချပ်
(b) 1035x740x0.3mm	၆၀၀	ချပ်
(c) 650x550x0.3 mm	၅၀၀	ချပ်
(d) 889x609x0.3mm	၁၂၀၀	ချပ်
(e) Developer(ပုံဖော်ဆေး)	၂၀၀	လီတာ
(10) Positive Plates		
(a) 740 x 615 x 0.3 mm	၃၀၀	ချပ်
(b) 635 x 745 x 0.3 mm	၁၀၀၀	ချပ်
(11) Wipeon Developer		
(a) Coating A+B	၆၀	စုံ
(b) Developer	၃၀	လီတာ
(12) Binding Cloths		
(Assorted 6 Colour 100 Meter /Roll)	၁၀၀	လိပ်
(13) Rubber Blanket		
(a) 785 x 740 x 1.9	၅၀	ချပ်
(b) 840 x 865 x 1.9	၂၆	ချပ်
(c) 1136 x 770 x 1.9	၂၅	ချပ်
(14) Dampening Roller		
(a) 180 mm	၆	လိပ်
(b) 230 mm	၅	လိပ်

(ခ) **သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း**

(1) Newsprint Paper (48.8 Gsm) (30")	၁၀၀၀	တန်
(2) Web Offset Ink (Black)	၂၅၀၀၀	ကေဂျီ
(3) Sheetfed Offset Ink (Black)	၂၅၀၀	ကေဂျီ
(4) P/S Negative Plates		
(a) 915 x 626 x 0.3 mm	၁၀၀၀	ချပ်
(b) 889 x 609 x 0.3 mm	၃၀၀၀	ချပ်
(c) 889 x 586 x 0.3 mm	၄၀၀၀	ချပ်
(5) Wipe on Aluminium Plates		
(a) 745 x 635 x 0 .24 mm	၂၀၀၀	ချပ်
(b) 650 x 550 x 0.24 mm	၁၅၀၀၀	ချပ်
(6) Coating A+B Set	၄၅၀	စုံ
(7) P/S Negative Developer	၁၀၀	လီတာ
(8) Developing Lacquer	၄၅၀	လီတာ
(9) Ortho Film (Roll) Agfa	၄၅	လိပ်
(10) Agfa Film (Sheet)	၁၅၀	ဘူး
(11) A3 Toner Hp Laser Jet 5000	၅၅	ဘူး
(12) Gestetner Ink Tube (Duplicating Ink Tube)	၂၅၀	ဘူး
(13) Gum Arabic	၃၅၀	လီတာ
(14) Imagesetter		
(a) Film (55.9cm x 61m)	၅၄	လိပ်
(b) Developer	၅၄၀	လီတာ
(c) Fixer	၅၄၀	လီတာ

၂။ တင်ဒါပေးသွင်းမှုကို ၇–၇–၂၀၀၆ ရက် ၁၆း၃၀ နာရီတွင် ပိတ်ပါမည်။

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက် စုံစမ်း ဝယ်ယူနိုင်ပါသည်။

**ပြည်တွင်း၊ပြည်ပ ပစ္စည်းများဝယ်ယူရေးနှင့်
ထုခွဲရောင်းချရေးကော်မတီ
ပြန်ကြားရေးဝန်ကြီးဌာန
မြန်မာ့အသံနှင့်ရုပ်မြင်သံကြား
ပြည်လမ်း၊ ရန်ကုန်မြို့
ဖုန်း–၅၃၇၆၈၅။**

နယုန်လမှန် – စာတော်ပြန်

နယုန်လသည် မြန်မာလများ၏ တတိယလဖြစ်၍ နွေဥတုတွင်ပါဝင်ပြီး နွေရာသီကုန်ဆုံးရန် ၁၅ရက်သာ ကျန်တော့သည်ဖြစ်ရာ "နွေနှောင်းလ၊ နွေစွန်လ"ဟူ၍ စာဆိုပညာရှင်များက စာဖွဲ့ကြသည်။ "ကဆုန်နယုန် ဆွေ့ဆွေ့ခုန်"ဟုဆိုရလောက်အောင် ပူလောင်ရာမှ နယုန်လရောက်လျှင်"နယုန်မိုးသေး မြက်သားမွေး"ဟု ဆိုသကဲ့သို့ မိုးသေးမိုးဖွဲများ ရွာသွန်းစပြုလေပြီ။ အနောက်တောင်အရပ်ဆီမှ တရိပ်ရိပ်တက်လာသော မိုးရိပ်မိုးတိမ်များနှင့်အတူ မိုးချုန်းသံများကို ကြားရစပြုချေပြီ။

အပူဓာတ်များ လျော့ပါးသက်သာလာပြီး စံပယ်ပန်းနှင့် မြတ်လေးပန်းတို့သည် နယုန်လမြတ်ကို ကြိုဆိုလိုက်ကြသည်။ အပူရှိန်ကြောင့် အရိုးပြိုင်းပြိုင်းဖြစ်နေသည့် သစ်ပင်သစ်ကိုင်းများမှာ ရွက်ညွန့်ကလေးများကြောင့် စိမ်းစိုလာကာ မြေသားပေါ်တွင် မြက်နုကမ္ဗလာခင်းလိုက်သလို စိမ်းစိုအေးမြလာသည်။ တောင်သူလယ်သမားတို့သည် ဝါဂွမ်း၊ ပြောင်း၊ နှမ်း၊ ဂျုံ၊ ပဲမျိုးစုံတို့ကြဲကြသည်။ မျိုးစပါးများကို ပျိုးထောင်ကြသည်။ လယ်ယာ၏ သားပျိုသမီးပျိုတို့သည် အားမာန်ဝင့်လျက် လယ်တောသို့ ပျော်ပျော်ပါးပါး ဝင်ရောက်ကြချိန်ဖြစ်သည်။

နယုန်လတွင် ရဟန်းတော်များ စာညီလာခံပွဲ ကျင်းပကြသည်။ ယင်းစာညီလာခံပွဲများသည် ရှေးမြန်မာမင်းများလက်ထက်က အဆောင်အယောင် အခမ်းအနားများနှင့် ကျင်းပကြခြင်းဖြစ်သည်။

ထိုစာတော်ပြန် သဘင်ကြီးသည် နိုင်ငံတော်ရှိ လွှတ်ရုံး၊ ဗြဲတိုက်တော်နှင့် အခြားအုပ်ချုပ်ရေးဌာနများအတွက် ပညာရှင်ရွေးချယ်ပွဲဟု ခေါ်နိုင်သည်။ ရှေးမြန်မာဘုရင်များလက်ထက်တွင် ထေရဝါဒ ဗုဒ္ဓဘာသာတော်၌ ယုံကြည်ကြသောသူများဖြစ်ရာ သာသနာတော်ထွန်းကားရေး၊ ပြန့်ပွားရေးကို စွမ်းစွမ်းတမံ အားပေးခဲ့ကြသည်။ သာသနာတော်သုံးရပ်အနက် ပရိယတ္တိသာသနာတော်ခိုင်မြဲရန် အရေးကြီးသည်။ ထိုသာသနာတော် စည်ပင်ဖွံ့ဖြိုးမှ ကျန်သာသနာတော်နှစ်ရပ် တည်တံ့အားကောင်းမည်ဟု ယုံကြည်နားလည်ကြသည်။

ဤသို့ဖြင့် စာပေပရိယတ္တိကို ပေါက်မြောက်ထွန်းကားအောင်ထူးချွန်အောင် ကြိုးစားလိုသူများပေါ်ထွန်းလာစေရန် ပထမပြန် စာတော်ပြန်ပွဲများ ကျင်းပခြင်းဓလေ့ဖြစ်ပေါ်လာခဲ့သည်။ ထိုခေတ်အခါက နိုင်ငံ၏ပညာရေးမှာ ဘုန်းကြီးကျောင်းပညာရေးဖြစ်သည်။ ဘုန်းကြီးကျောင်း ပညာရေးမှာ ပရိယတ္တိအခြေခံသော ပညာရေးဖြစ်၏။ ထိုပညာရေးတွင် ထူးချွန်လာသူများသည် သာသနာ့ဘောင်တွင်လည်း အားကိုးလောက်၊ သာသနာဘောင်မှ ထွက်၍ ဘုရင်ထံတော်ပါး၌ အမှုထမ်းလျှင်လည်း အရာရောက်နိုင်သည်။ ထိုရည်ရွယ်ချက်ဖြင့် နယုန်လ၏ရာသီပွဲတော်အဖြစ် စာပြန်ပွဲများ ကျင်းပခဲ့ခြင်းဖြစ်သည်။

စာပြန်ပွဲသဘင် ဆင်ယင်ကျင်းပခြင်းနှင့် စပ်လျဉ်း၍ သမိုင်းများတွင် အစောဆုံးတွေ့ရသည့်အချိန် ဒုတိယအင်းဝခေတ် သာလွန်မင်းတရားကြီး လက်ထက်ဖြစ်သည်။ သို့သော် ပထမအင်းဝခေတ်တည် သတိုးမင်းဖျားဘုရင်မှသည် ဒုတိယအင်းဝခေတ် နောက်ဆုံးဘုရင် ဟံသာဝတီရောက်မင်းတရားအထိ မင်းပေါင်း ၂၉ဆက်တို့၏ အခမ်းအနား အဆောင်အယောင်များကို ပြဆိုထားသော အင်ရုံစာတမ်းခေါ် လောကဗျူဟာကျမ်း၌ အင်ရုံဝန်ကြီးက အင်းဝမင်းများ နယုန်လတွင် စာပြန်ပွဲသဘင်ဆင်ယင်ကျင်းပပုံကို စုံလင်စွာဖော်ပြထားသည်။ မင်းတုန်းမင်းကြီး လက်ထက်တော်တွင် စာပြန်ပွဲဝင်ရောက်မည့်သူများ၊ အောင်မြင်သူများကို ထူးထူးခြားခြား ကြီးကြီးကျယ်ကျယ် မြှောက်စားခဲ့သည်။

စာပြန်ပွဲသို့ ဝင်ရောက်ဆင်နွှဲကြမည့် ရှင်လောင်း၊ ပဉ္စင်းလောင်းအားလုံးသည် အသက်နှစ်ဆယ်မကျော်သေးသည့် လူဝတ်ကြောင်များဖြစ်ကြရသည်။ လူဝတ်ကြောင်ဖြစ်ရခြင်းမှာ လူဝတ်လဲထားရသည့်အတွက်ဖြစ်ချေသည်။ လူဝတ်လဲထားရခြင်းမှာ သတ်မှတ်ပြဋ္ဌာန်းထားသော စာများကို အစအဆုံး အာဂုံပြန်ဆိုနိုင်ရန် အားအင်ပြည့်ဖြိုးစေရေးအတွက် နေ့လွဲညစာ စားနိုင်စေရန်ဖြစ်သည်။ ပထမတန်း၊ ပထမလတ်တန်းနှင့် ပထမကြီးတန်းသို့ ဝင်ရောက်ဖြေဆိုခွင့် ရသူတို့အား သာမန်ဆင်းရဲသားတို့၏ ဝတ်စားတန်ဆာဖြင့် ဝင်ရောက်ဖြေဆိုခွင့် မပေးပေ၊ မင်းသားလတ်တို့၏ အစီးအနင်း၊အဆောင်အယောင်များ ပေးသနားသည်။

စာပြန်တော်ပွဲဝင်မည့်သူသည် ရွှေစလွယ်ဆင်ရသည်။ လူဆွဲသော ရွှေပိန်းချပက်လက်ရထားကို စီးနင်းသည်။ ဆောင်းထီးနှစ်လက် ဆောင်းမိုးရုံသာမက ဆောင်ထီးနှစ်လက် ပါသေးသည်။ ထိုကဲ့သို့ ရွှေပိန်းချပက်လက်ရထားဖြင့် သွားစဉ်၊ ပြန်စဉ်တွင် ခေါင်းပေါင်းဖြူစွပ်၍ ဖော့လုံးအင်္ကျီရှည်ဝတ်ဆင်ထားသော ရွှေကွမ်းအစ်ကိုင်၊ ရွှေကလပ်ကိုင်၊ ရွှေဖလားကိုင်၊ ရွှေရေတကောင်းကိုင်၊ ရွှေကန်တော့စွပ်ကိုင်၊ ရွှေဘောင်းအစ်ကိုင်၊ ရွှေထွေးခံကိုင်များက ရှေ့မှသွားရသည်။ နောက်ထပ်လူပေါင်း၂၅ ယောက်ကလည်း နောက်မှခြံရံပြီး လိုက်ပါကြရသည်။

ပထမတန်း၌ ဝင်ရောက်ပြန်ဆိုသူတို့အား စာပြန်ပွဲအတွင်း လဲလှယ်ဝတ်ဆင်နိုင်ရန် ပိုးပုဆိုး ခုနစ်ထည်၊ ရွှေကျင်ခတ်ပဝါ ခုနစ်ပိုင်း၊ ရွှေဇာပြင်သတ်သိုရင်းအင်္ကျီ ခုနစ်ထည်၊ ခေါင်းပေါင်းဖြူအုပ် ခုနစ်အုပ်၊ မိုးကုတ်တွင်းထွက် ပတ္တမြားကျောက်နီ လက်စွပ်တစ်ကွင်းတို့ကို မှန်နန်းဆောင်တော်၌ ဘုရင်မင်းမြတ်ကိုယ်တော်တိုင် ချီးမြှင့်တော်မူသည်။

ရွှေဘိုသီရိမာလာ

ပထမကြီးတန်း ဖြေဆိုမည့်သူကို မိုးကုတ်တွင်းထွက် သုံးရာတန် ပတ္တမြားက ကျောက်စီလက်စွပ်၊ပထမလတ် ဖြေမည့်သူအတွက် နှစ်ရာတန်နှင့် ပထမငယ်တန်း ဝင်မည့်သူအတွက် တစ်ရာ့ငါးဆယ် တန်လက်စွပ်ကို ဘုရင်ကိုယ်တိုင် ချီးမြှင့်သည်။

ခမ်းနားကြီးကျယ်စွာ ပူဇော်ပွဲကျင်းပသည့် စိန်ဆိုင်း၊ မြဆိုင်းများကိုလည်း သာယာစွာ တီးမှုတ်စေသည်။ တိုင်းသူပြည်သားများကလည်း ကြိတ်ကြိတ်တိုးကာ စောင့်မျှော်နေကြသည်။ မင်းမှူးမတ်အိမ်များမှ စာအောင်သူများ စုပေါင်းလျက် ပူဇော်ပွဲအခမ်းအနားသို့ လှည့်လည်လာကြသည့် ရှေ့ဆုံးတွင် ပထမကျော်အောင်ကို ရွှေထမ်းစင်ရွှေဝေါဖြင့် လူပေါင်း လေးဆယ်ခန့်ထမ်းပြီးလျှင် ရွှေထီးများမိုးလျက်ဝင်လာသည်။ ပထမကျော်၏နောက်မှ အခြားစာအောင်သူများက အဆင့်အတန်းအလိုက် ထမ်းစင်ဖြင့်လည်းကောင်း၊ မြင်းဖြင့်လည်းကောင်း နန်းတော်ကို တစ်ပတ်ပြီး မဏ္ဍပ်ရှေ့သို့ လာကြသည်။ ထိုအခါ ပရိသတ်အပေါင်းတို့က အုတ်အော်သောင်းတင်း ရွှေပေါက်ပေါက် ငွေပေါက်ပေါက်များကြဲကာ စိတ်ထဲ၌ ကြည်နူးနေကြသည်။ ထိုပုဂ္ဂိုလ်များကား ပုဂ္ဂိုလ်ထူးများတည်း။ ယင်းပုဂ္ဂိုလ်များတွင် အချို့က အနာဂတ်ကာလတွင် ပညာရှိကြီးများဖြစ်လာ၍ တိုင်းပြည်ကို အုပ်ချုပ်သွားကြမည်။ အချို့မှာ ဆရာတော်ကြီးများ ဖြစ်လာ၍ သာသနာ့ဝန်ကို ထမ်းဆောင်သွားကြပေမည်ဟု စိတ်ထဲ၌ တွေးတောကြည်နူးကာ စောင့်မျှော်ပူဇော်ကြသည်။ စာအောင်ပုဂ္ဂိုလ်များသည် လွှတ်တော်ပေါ်က စောင့်ဆိုင်းနေသော တရားမင်းမြတ်ရှေ့သို့ ဝေါပေါ်မြင်းပေါ်မှ မဆင်းဘဲ ချဉ်းကပ်ခစားသည်။ ဘုရင်မင်းမြတ်သည် ရွှေကရားဖြင့် ရေသွန်းကာ ကောင်းချီးပေးပြီးလျှင် ကိုယ်တော်တိုင် ငွေသားများ ချီးမြှင့်တော်မူသည်။

ပထမငယ်တန်း ဆုတော်ငွေဒင်္ဂါး တစ်ထောင်
ပထမလတ်တန်း ဆုတော်ငွေဒင်္ဂါး တစ်ထောင်
ပထမကြီးတန်း ဆုတော်ငွေဒင်္ဂါး တစ်ထောင့်ငါးရာ
ပထမကျော်တန်း ဆုတော်ငွေဒင်္ဂါး နှစ်ထောင့်ငါးရာ

အထက်ပါ ဆုတော်အပြင် စာအောင်သူများ၏ မိဘများမှာ "တစ်ဆယ့်နှစ်မှုမင်းတိုင်" လွတ်ငြိမ်းခွင့်ရရှိသည်။ ပထမကျော် အောင်မြင်သူ၏ မိဘများအပြင် မွေးချင်းပေါက်ဖော်နီးစပ်ရာဆွေမျိုး ၁၅ဦးအထိ ဈေး၊ ပွဲ၊ ကင်း၊ ကူးတို့ စသည့် အခွန်တော်များ၊ သဿမေအခွန်တော်များ လွတ်ငြိမ်းချမ်းသာခွင့်ပေးသည်။

ပထမကျော်များ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် တစ်နှစ်တစ်ပါးသာ အအောင်ပေးသည်။ ပထမကျော်အောင်မြင်သူကို ဘုရင်ကသားတော်အဖြစ် ကောက်လေ့ရှိသည်။ ၎င်းပုဂ္ဂိုလ်ထူးကို ဘုရင်အမှုတော်ထမ်းလိုပါကလည်း စာရေးအဖြစ်မှ ဝန်ကြီးအထိ ထမ်းဆောင်ခွင့်ပေးထားသေးသည်။ ဤကဲ့သို့ ဘုရင်ခေတ်တွင် ပရိယတ္တိသာသနာပြန့်ပွားရေးနှင့် လူတော်လူကောင်းပေါ်ထွက်ရေးတို့ကို ပဒေသရာဇ်ခေတ်တစ်လျှောက်လုံးလိုလို အလေးပေးဆောင်ရွက်ခဲ့ကြသည်။

နယုန်လတွင် ထင်ရှားသော နေ့တစ်နေ့ မဟာသမယနေ့ဖြစ်သည်။

မြတ်စွာဘုရားသည် မဟာသမယသုတ်တော်ကို စကြာဝဠာသိုက်တစ်သောင်းမှ ခညောင်းရောက်ရှိလာသော နတ်ဗြဟ္မာတို့အား ဟောကြားတော်မူသောလမှာ နယုန်လဖြစ်သည်။ မဟာသမယသုတ်တော်နှင့် အကျုံးဝင်သော သုတ်အားလုံးကို နတ်တို့ချစ်သော သုတ်များဟုလည်း ခေါ်နိုင်ပေသည်။ ထိုသုတ်များဟောကြားရန် ဖြစ်ပေါ်လာပုံ မဟာသမယသမိုင်းကိုရေးရလျှင် ရှေးအခါက အိန္ဒိယနိုင်ငံတွင် ကပိလဝတ်ပြည်မှ လယ်သမားများနှင့် ကောလိယပြည်မှ လယ်သမားတို့သည် နယ်မြေနှစ်ခုကြား စီးဆင်းနေသော ရောဟဏီမြစ်ကို "ဆည်" တစ်ခုတည်းတည်ဆောက်ကာ ခွဲဝေသုံးစွဲလာကြသည်။ သားပေးသမီးယူရှိကြသောကြောင့် ပိုမိုရင်းနှီးလာကြသည်။ တစ်ခုသောနယုန်လတွင် ဆည်၌ရေနည်းပါးသောကြောင့် ရေခွဲဝေမှုအတွက် မသင့်မတင့်ဖြစ်လာကြသည်။ တစ်ဖက်နှင့်တစ်ဖက် အမျိုး၏အားနည်းချက်ကို ထုတ်ဖော်ဆဲရေးကြတော့သည်။ လယ်သမားများကို အကြောင်းပြု၍ နှစ်ဖက်နိုင်ငံမှ မင်းညီမင်းသားများနှင့် စစ်သည်တော်များသည်လည်း ရောဟဏီမြစ်ရှိရာသို့ ရောက်ရှိလာကြသည်။ နှစ်ဖက်နိုင်ငံမှ လူအများတို့သည် တုတ်၊ ဓား၊ လက်နက်ကိုင်ဆောင်၍ ထိုးခုတ်တိုက်ခိုက်တော့မည့် အခြေအနေသို့ ရောက်ရှိနေကြသည်။ ထိုအချိန်တွင် သေကျေပျက်စီးမည့်အရေးကို တားဆီးရန်အတွက် ဘုရားရှင်သည် အခြံအရံမပါဘဲ ကြွလာသည်။ စစ်အင်အားခင်းကျင်းထားသော တပ်များအကြား ကောင်းကင်တွင် ထက်ဝယ်ဖွဲ့ခွေစံနေတော်မူသည်။ စစ်သွေးကြွ ဒေါသမီးဟုန်းဟုန်းထနေသူများသည် လက်နက်များကိုပစ်ကာ မြတ်စွာဘုရားအား ရှိခိုးပူဇော် ကြသည်။ မြတ်စွာဘုရားသည် အကျိုးအကြောင်း မေးမြန်းကာ အောက်ပါဝတ္ထုများကို သာဓကထုတ်၍ ငြိမ်းချမ်းရေးတရား ဟောကြားတော်မူသည်။

- ရန်ငြိုးပွား၍ ဝက်ဝံနှင့် ရုပ်ကခ္ခစိုးနတ်တို့ နှစ်ဦးစလုံးပျက်စီးကြပုံ (ဖန္ဒနဇာတ်)
- ဥသျှစ်သီးကြွေသည်ကို မြေပြိုပါပြီဟု ထင်ကြေးဖြင့် အော်ဟစ်ထွက်ပြေးသော ယုန်တစ်ကောင် စကားယုံမှား၍ တိရစ္ဆာန်များ အပြေးမှားပြီး ဆင်းရဲဒုက္ခရောက်ကြပုံ (ဒုဒ္ဒုဘဇာတ်၊ ပထဝီဥန္ဒြိယဇာတ်)
- စည်းလုံးညီညွတ်စဉ်အခါက ရန်သူလက်မှ လွတ်မြောက်သော်လည်းစိတ်ဝမ်းကွဲ၍ အချင်းချင်းမညီညွတ်သောအခါ ငုံးငှက်များ မုဆိုး၏ ပိုက်ကွန်၌ အမိခံရပုံ (သမ္မောဒမာနဇာတ်)
- သက်မဲ့ဖြစ်သော သစ်ပင်များပင် တစုတဝေးတည်း တည်နေ၍ လေဘေးအန္တရာယ်မှ ကင်းဝေးပုံ (ရုက္ခဓမ္မဇာတ်)
- မိမိကိုယ်ကို ထိန်းသိမ်းဆုံးမရန် "အတ္တဒဏ္ဍ"သုတ်တို့ကို ထုတ်ဖော်ဟောပြဆုံးမတော်မူပါသည်။

နှစ်ဖက်မင်းများသည် ၎င်းတို့သွေးချောင်းစီးမှု၊ သေကျေပျက်စီးကြမည့်အရေးမှ ကယ်ဆယ်လိုက်သော မြတ်စွာဘုရားကို ကျေးဇူးတင်မဆုံးကြပေ။ ဂုဏ်တော်များကို အထပ်ထပ်ချီးကျူးကြလျက် မြတ်စွာဘုရားသာသနာတော်သို့ တစ်ဖက်လျှင် မင်းသားနှစ်ရာ့ငါးဆယ်စီကို ပေးလှူလိုက်ကြသည်။ မင်းသားငါးရာသည် ရဟန်းပြုပြီးနောက်တွင် သံယောဇဉ်အနှောင်အဖွဲ့များကြောင့် သာသနာ့ဘောင်တွင် မပျော်ပိုက်နိုင်ဘဲ ရှိကြရာ မြတ်စွာဘုရားက ဟိမဝန္တာတောအတွင်း ကုဏာလရေအိုင်သို့ တန်ခိုးတော်ဖြင့် ခေါ်ဆောင်၍ ကုဏာလဉဩငှက်မင်း၏ ဇာတ်ကြောင်းကို ဟောတော်မူရာ ရဟန်းငါးရာလုံး သောတပန် ဖြစ်တော်မူလေသည်။

မြတ်စွာဘုရားသည် ထိုသောတပန်ရဟန်းငါးရာကို မဟာဝုန်တောတွင် ကမ္မဋ္ဌာန်းတရားကို ပေးတော်မူသည်တွင် ပဋိသမ္ဘိဒါလေးပါးနှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်ကြလေသည်။ ရဟန်းငါးရာတို့သည် မိမိတို့ရရှိသော တရားထူးကို လျှောက်ထားရန်၊ မြတ်စွာဘုရားကို ဖူးမြော်ရန် နယုန်လပြည့်နေ့ ညချမ်းအချိန် ဟင်းလင်းပြင်တွင် စံနေတော်မူသော မြတ်စွာဘုရားထံ စုံရုံးရောက်ရှိလာကြသည်။ ထိုအချိန်တွင် စကြာဝဠာတိုက်တစ်သောင်းမှ ဗြဟ္မာများလည်း ရဟန်းငါးရာနှင့် မြတ်စွာဘုရားကို ဖူးမြော်ရန်လာကြရာ မြတ်စွာဘုရားသည် မဟာသမယသုတ်အပါအဝင် မဟာသမယသုတ်နှင့် အကျုံးဝင်သော အခြားသုတ်တော်များကိုလည်း ဟောကြားတော်မူသည်။ ထို့ကြောင့် ဘုရားရှင်လက်ထက်တော် အခါက နယုန်လပြည့်နေ့တွင် ထူးခြားသော သံဃာအစည်းအဝေးကြီးနှင့် နတ်ဗြဟ္မာများ စုရုံးစည်းဝေးမိသောအချိန်ကို မဟာသမယဟုခေါ်၍ နယုန်လပြည့်နေ့ကို မဟာသမယနေ့ဟုခေါ်ဆိုကြောင်း ရေးသားတင်ပြအပ်ပါသည်။ ။

လမ်းလယ်ကျွန်းဆေးသုတ်

မြဝတီမြို့တွင် အသစ်တည်ဆောက်ပြီးစီးသော လမ်းလယ်ကျွန်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဆေးသုတ်ခြင်းလုပ်ငန်းဆောင်ရွက်ရာ ဇွန် ၂ရက်က အမှုဆောင်အရာရှိ ဦးခင်မောင်သန်းနှင့် ဦးစီးအရာရှိ ဦးကျော်သူလတ်တို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။

(မြို့နယ်စည်ပင်)

မအူပင်မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင် သားသမီးများအား ပညာသင်စရိတ်ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၃ရက်က မအူပင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံး၌ကျင်းပရာ အဖွဲ့ဝင်များ၏သားသမီး ၁၄ဦးအတွက် ပညာသင်စရိတ် ထောက်ပံ့ကြေးငွေကျပ် ၅၇၀၀၀ကို မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်သိန်း(ခြင်ကျား–မအူပင်)က ပေးအပ်စဉ်။

(၄၂၁)

ရွှေဘိုခရိုင် အမျိုးသမီးရေးရာအဖွဲ့ ကြီးမှူး စီမံခန့်ခွဲမှု သင်တန်းဖွင့်၊ ရည်ရွယ်ချက်ရှင်းလင်း

ရွှေဘို ဇွန် ၁၂

ရွှေဘိုခရိုင် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူး၍ စီမံခန့်ခွဲမှုဆင့်ပွားသင်တန်းဖွင့်ပွဲ အခမ်းအနားကို ဇွန်၇ရက် နံနက် ၉နာရီက ရွှေဘိုမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ပြောကြား

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၏ဇနီး ရွှေဘိုခရိုင် အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်လဲ့လဲ့ဝေက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ (ဝဲပုံ)

ပို့ချ

အခမ်းအနားသို့ ရွှေဘိုခရိုင်နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ရွှေဘိုခရိုင် ရှစ်မြို့နယ်မှ သင်တန်းသူ ၃၀ စုစုပေါင်း အင်အား ၁၀၀တက်ရောက်ကြပြီး သင်တန်းကာလမှာ ဇွန် ၇ရက်မှ ၉ရက်အထိ ဖွင့်လှစ်ပို့ချကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

မြိတ်ခရိုင် ရဲတပ်ဖွဲ့မှူးရုံးရှိ တပ်ဖွဲ့ဝင်နှင့် ဝန်ထမ်းမိသားစုများ၏ သားသမီး၃၁ဦးအတွက် ၂၀၀၆-၂၀၀၇ ခုနှစ် ပညာသင်ထောက်ပံ့ငွေကျပ် ၇၇၀၀၀ ပေးအပ်ပွဲကို ဇွန် ၁ ရက်က မြိတ်ခရိုင်ရဲတပ်ဖွဲ့မှူးရုံး၌ ကျင်းပရာ ခရိုင်ရဲတပ်ဖွဲ့မှူးဒုတိယရဲမှူးကြီး ကျင်သိန်းက တက္ကသိုလ်အဆင့်ကျောင်းသားတစ်ဦးအား ထောက်ပံ့ငွေပေးအပ်စဉ်။ (ခရိုင် ပြန်/ဆက်)

လန်ဒန်မြို့ မိုးကုတ်ဝိပဿနာရိပ်သာ ကျောင်းတော်ကြီး ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇ ဦးကျော်ခင်မြင့်ထံသို့ ရန်ကုန်မြို့ ၄၈ လမ်းနေ စိန်ပန်းထိမ်ဆရာကြီး ဦးထွန်းအောင်-ဒေါ်ထွေးရီမိသားစုက ငွေကျပ် ၁၅၀၀၀၀ ပေးအပ်လှူဒါန်းရာ ဥက္ကဋ္ဌက ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်စဉ်။ (က-ပ)

ကမ္ဘာ့ ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ် တာချီလိတ်၌ ဆေးလိပ်ကင်းစင်နယ်မြေဆိုင်းဘုတ်ဖွင့်

တာချီလိတ် ဇွန် ၉

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့တွင် ခရိုင်နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့ပူးပေါင်း၍ ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ်အဖြစ် ဆေးလိပ်ကင်းစင်နယ်မြေ ဆိုင်းဘုတ်ဖွင့်ပွဲ အခမ်းအနားကို မေ ၃၁ ရက် နံနက် ၉ နာရီက ပြည်သူ့ဆေးရုံရှေ့တွင် ကျင်းပသည်။

အခမ်းအနားသို့ ခရိုင်ကျန်းမာရေးဦးစီးဌာန ခရိုင်ဆရာဝန်ကြီး ဒေါက်တာမောင်မောင်ယု၊ ခရိုင်နှင့်မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် အမှုဆောင်များ တက်ရောက်ကြပြီး ခရိုင်အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်သူသူမင်းစံက ဆေးလိပ်ကင်းစင်နယ်မြေဆိုင်းဘုတ်ကို ဖဲကြိုးဆွဲဖွင့်လှစ်ပေးသည်။**(အောက်ပုံ)(ခရိုင် ပြန်/ဆက်)**

စုပေါင်းသန့်ရှင်း

နောင်မွန် ဇွန် ၁၂

ကချင်ပြည်နယ် နောင်မွန်မြို့နယ် မြို့မဈေးကြီးအတွင်းအပြင် သန့်ရှင်း သာယာလှပစေရန်နှင့် သားငါးရောင်းချသည့်နေရာများတွင် ယင်များ၊ အနံ့အသက်ဆိုးများ မရှိစေရန်အတွက် စည်ပင်သာယာရေး အဖွဲ့ဝန်ထမ်းများ၊ ဈေးအကျိုးဆောင် အဖွဲ့နှင့်ဈေးသူဈေးသားများစုပေါင်း၍ ဇွန် ၄ ရက်က သန့်ရှင်းရေးဆောင်ရွက်ကြရာ အမှုဆောင်အရာရှိ ဦးသိုက်ဦးဝင်းက ကြီးကြပ်ပေးကြောင်း သိရသည်။

(ပြည်နယ် စည်ပင်)

ရွှေကျင်မြို့နယ်တွင် ပင်မရေနုတ်မြောင်းတူးဖော်

ရွှေကျင် ဇွန် ၅

ပဲခူးတိုင်း ရွှေကျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့တွင်း ပင်မရေနုတ်မြောင်းများ တူးဖော်ခြင်းကို မေ ၃၀ ရက်က ရတနာရွှေပြည်လမ်းမကြီး တစ်လျှောက်နှင့် မင်းလမ်းတစ်လျှောက်တွင် ပြုလုပ်ကြသည်။

အဆိုပါ စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ ရေနုတ်မြောင်းတူးဖော်ဆောင်ရွက်မှုကိုမြို့နယ်အမှုဆောင်အရာရှိ ဦးထွန်းထွန်းဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကျော်ကျော်တို့က ကြီးကြပ်ဆောင်ရွက်ပေးကြသည်။

(၃၂၉)

ပိုးသတ်ဆေးဖျန်း

တောင်ငူမြို့ မြို့မဈေးကြီးအတွင်း ခြင်၊ ယင်၊ ကြွက်၊ ပိုးမွှားအန္တရာယ် ကင်းရှင်းစေရေးအတွက် မေ ၃၁ ရက်က ပိုးသတ်ဆေးဖျန်းကိရိယာဖြင့် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းဆောင်ရွက်မှုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ခေတ္တအမှုဆောင်အရာရှိ ဦးအောင်မင်းနိုင်ကြီးကြပ်ဆောင်ရွက်ပေးစဉ်။

(မြို့နယ် စည်ပင်)

မြန်မာ့အသံ နားဆင်ခရာ

၁၃၆၈ခုနှစ် နယုန်လကွယ်(၁၄)ရက်

၂၄-၆-၂၀၀၆(စနေနေ့)

နံနက်ပိုင်း

၀၇:၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ မေတ္တာသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၀၉:၃၀ တူယှဉ်သီကြွေး စုံတွဲတေး
(၁) မျက်ဝန်းမှတစ်ဆင့်
(၂) ချစ်တာသေချာတယ်
(၃) ရန်ကုန်သားနှင့် မန္တလေးသူ

၀၉:၄၅ အာဆီယံအစီအစဉ်

၁၁:၁၅ နိုင်ငံ့စီးပွားလုပ်ငန်းများ (လားရှိုးမိုတယ်၏ ဝန်ဆောင်မှုများအကြောင်း)

၁၁:၃၅ ရေဒီယိုမဂ္ဂဇင်း
(၁) ဆင်စီးမြင်းရံ မြင်လိုပါသည် (ခေါင်းကြီး)
(၂) အမေနှင့်သမီး(ဆောင်းပါးသရုပ်ဖော်)

၁၂:၀၀ တစ်ပတ်အတွင်းနိုင်ငံတကာသတင်းများ

၁၂:၁၀ နေ့စဉ်သုံးအိဒီယမ် (ဆရာဦးသိန်းလွင်)

ညနေပိုင်း

၁၆:၁၀ ခံစားနားဆင်မြန်မာတေးသံစဉ်
(၁) သူ့အချစ်က နေပူမိုးရွာ
(၂) အချစ်ငှက်ကလေး ပျံခဲ့ပါ
(၃) လှိုင်းနှင့်သောင်

၁၆:၃၀ **၂၀၀၆ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ နေ့စဉ်သုံးသပ်ချက်**

၁၇:၀၀ မေးကြည့်ဖြေကြည့် အေအိုင်ဒီအက်(စ်) ပဟေဠိ

၁၇:၁၅ ခေတ်ဟောင်းတေး
(၁) စိန္တာမဏိဂါထာ
(၂) အနန္တငါးဖြာ
(၃) မဂ္ဂင်ရှစ်ပါး

၁၇:၄၅ သိမှတ်စရာကွန်ပျူတာ Window Vista အကြောင်း (ဦးသောင်းဝင်း-ပန်းချယ်ရီ)

၁၇:၄၅ ကျန်းမာကြံ့ခိုင်ဒို့မဏ္ဍိုင် (အလွယ်တကူ ကိုယ်အလေးချိန်လျှော့နည်း-ဒေါက်တာထွေး-ဆေးမန်း)

၁၉:၁၅ မေတ္တာလက်ဆောင်ရတေးစီးရီး (စံပယ်မင်း တေးထုတ်လုပ်ရေးမှ မေတ္တာလက်ဆောင်ပေးပို့သည့် ဟိုတုန်းကထက်ပိုချစ်မယ်တေးစီးရီး)

၂၀:၃၀ တေးသံစုံ (မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့)

၂၀:၄၀ ခံစားနားဆင်မြန်မာတေးသံစဉ်
(၁) သံယောဇဉ်ဖြတ်ဖို့ခက်တယ်
(၂) ချစ်ရက်ကယ်ဘယ်ခါဆုံးမယ်မထင်
(၃) အသည်းရှိသူချင်း

ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ ဖြူးမြို့၌ကျင်းပ ဆေးလိပ်နှင့် ဆေးရွက်ကြီးအန္တရာယ် ဆွေးနွေး

ဖြူး ဇွန် ၁၀

ဖြူးမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးကျင်းပသော ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အထိမ်း အမှတ်ဟောပြောပွဲ အခမ်းအနားကို မေ ၃၁ ရက် နံနက် ၁၀နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးတင်ဆွေမြင့်နှင့်အဖွဲ့ဝင်များ၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်သက်ဝေနှင့်အသင်းဝင်များ၊ ရပ်ကွက်ကျေးရွာ အုပ်စုများမှ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ တက်ရောက်ကြသည်။

ဟောပြောပွဲတွင် မြို့နယ်ဥက္ကဋ္ဌဦးတင်ဆွေမြင့်က အမှာစကားပြောကြားပြီးမြို့နယ်ကျန်းမာရေးဦးစီးဌာနမှလက်ထောက်ဆရာဝန်ဒေါက်တာ အောင်သန်းလင်းက ဆေးလိပ်နှင့် ဆေးရွက်ကြီး၏ ကျန်းမာရေးအန္တရာယ် အကြောင်းများနှင့် ပတ်သက်၍ ဆွေးနွေးဟောပြောသည်။ **(၂၈၄)**

အပြည်ပြည်ဆိုင်ရာ သမဝါယမ နေ့ကို ဂုဏ်ပြု ကြိုဆိုသော အားဖြင့် မရမ်းကုန်း မြို့နယ် ဂျီ အီး စီ (ပညာရေး) က ကြီးမှူး ကျင်းပသော အခြေခံပညာ ကျောင်းများ စာစီ စာကုံး ပြိုင်ပွဲကို ဇွန် ၂၀ ရက်က အသင်းတည်ရာ အမက(၂) မရမ်းကုန်းတွင်ကျင်းပရာ မြို့နယ် သမဝါယမ ဦးစီးအရာရှိဦးအောင်မိုးကျော်၊ လက်ထောက်မြို့နယ်ပညာရေးမှူး ဦးဟန်ရွှေ၊ ကျောင်းအုပ် ကြီးများ၊ ဂျီအီးစီ (ပညာရေး)ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ ကြည့်ရှုအားပေးကြစဉ်။

(မြို့နယ် ပညာရေး)

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၆၆)
မန္တလေးတိုင်းတရားရုံး
၂၀၀၅ ခုနှစ် တရားမဇာရီမှုအမှတ်– ၂၃၂

ဦးသန်းဝင်း **နှင့်** ဒေါ်စန်း ပါ–၄ဦး
တရားနိုင် **တရားရှုံး**

၂၀၀၀ ပြည့်နှစ် တရားမကြီးမှုအမှတ်–၈၇တွင် ရရှိခဲ့သောဒီကရီအရ အောက်အမည်ပါပစ္စည်းကို ၂၀၀၆ခုနှစ် ဩဂုတ်လ ၁၀ ရက်နေ့ (မြန်မာသက္ကရာဇ် ၁၃၆၈ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၂ရက်နေ့) မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း

မန္တလေးမြို့ မဟာအောင်မြေမြို့နယ်၊ ရတနာဘုမ္မိအနောက်ရပ်၊ အကွက် (၅၃၈)၊ ဦးပိုင်(၂–က)၊ ဘိုးဘွားပိုင်မြေနှင့် မြေပေါ်ရှိ နှစ်ထပ်တိုက်နှင့် လျှပ်စစ်မီတာတစ်လုံး။

လေလံကြမ်းခင်းဈေး – ကျပ်သိန်း (၃၇၅၀)

ရောင်းချရန်စည်းကမ်းချက်များ

၁။ စာရင်းတွင်ဖော်ပြပါရှိသောအချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်းတစ်ခုခုအတွက် တရားရုံးက တာဝန်ခံမည်မဟုတ်ပါ။

၂။ လေလံတင်ရောင်းချမည့်နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၆ ခုနှစ် ဇွန်လ ၁၂ ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ခင်မေတင့်
တွဲဖက်တိုင်းတရားသူကြီး(၃)။

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်– ၂၁၊ နည်းဥပဒေ–၆၆)
မန္တလေးတိုင်းတရားရုံး
၂၀၀၄ ခုနှစ် တရားမဇာရီမှုအမှတ်– ၁၇

မန်နေဂျာ **နှင့်** ဦးရဲမြင့်
မြန်မာ့စီးပွားရေးဘဏ်
မြင်းခြံမြို့။
တရားနိုင် **တရားရှုံး**

၂၀၀၁ ခုနှစ် တရားမကြီးမှုအမှတ်–၃၁၂တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါပစ္စည်းကို ၂၀၀၆ ခုနှစ် ဩဂုတ်လ ၄ ရက်နေ့ (မြန်မာသက္ကရာဇ် ၁၃၆၈ ခုနှစ်၊ ဝါခေါင်လဆန်း ၁၁ ရက်နေ့) မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း

မြင်းခြံမြို့၊အမှတ်(၁၃)ရပ်ကွက်၊ ကွင်းအမှတ်(၂၅) မြင်းခြံ၊ ဦးပိုင်အမှတ်(၁/ခ)(၉၀/၉၁) ဧရိယာ ဝဒသမ ၂၅၈ ဧကရှိမြေနှင့် ယင်းမြေပေါ်ရှိ (၃၅ x ၃၆ x ၁၈)ပေရှိ ပတ်ကားထပ်ချင်းတိုက်၊ အတွင်းဘက်(၁၉ x ၁၂ x ၈) ပေရှိထပ်ခိုး၊ ရှေ့မျက်နှာ(၂၄ x ၁၁ x ၉) ပေနှင့် (၁၃ ဒသမ ၆ x ၁၁ x ၁၁)ရှိ သံကူကွန်ကရစ် ပေါ်တီကိုများဖြင့်နေအိမ်။

ကြမ်းခင်းဈေး – ကျပ်သိန်း ၃၀၀

ရောင်းချရန်စည်းကမ်းချက်များ

၁။ စာရင်းတွင်ဖော်ပြပါရှိသောအချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာများတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်းတစ်ခုခုအတွက် တရားရုံးက တာဝန်ခံမည်မဟုတ်ပါ။

၂။ လေလံတင်ရောင်းချမည့်နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၆ ခုနှစ် ဇွန်လ ၆ ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

ခင်မေတင့်
တွဲဖက်တိုင်းတရားသူကြီး(၃)။

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်– ၂၁၊ နည်းဥပဒေ–၆၆)
မန္တလေးတိုင်းတရားရုံး
၂၀၀၆ ခုနှစ် တရားမဇာရီမှုအမှတ်– ၁၅၁(အမ်)

မြန်မာ့စီးပွားရေးဘဏ်(၂) **နှင့်** ၁။ ဒေါ်သောင်းသောင်း(ခ)
မန္တလေး ဒေါ်ခင်သောင်းတင်
၂။ ဒေါ်မေမျိုးမျိုးအောင်
တရားနိုင် **တရားရှုံး**

၂၀၀၂ ခုနှစ် တရားမကြီးမှုအမှတ်–၄၂၂တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါပစ္စည်းကို ၂၀၀၆ခုနှစ် ဇူလိုင်လ ၃၁ရက်နေ့ မြန်မာသက္ကရာဇ် (၁၃၆၈ခုနှစ် ဝါခေါင်လဆန်း ၇ရက်)နေ့ မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း

မိုးကုတ်မြို့၊ မြို့မဂျော့တောင်ရပ်ကွက်၊အကွက်အမှတ်(၂၆)၊ ဦးပိုင်အမှတ်(၁၄၆) ဧရိယာ ဝ ဒသမ ဝ၅၄ ဧကရှိဂရန်မြေနှင့်ယင်းမြေကွက်ပေါ်ရှိ နှစ်ထပ်နံကပ်တိုက်သွပ်မိုး၊အဆောက်အအုံ။

ကြမ်းခင်းဈေး – ကျပ်သိန်း ၁၀၀

ရောင်းချရန်စည်းကမ်းချက်များ

၁။ စာရင်းတွင်ဖော်ပြပါရှိသောအချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်းတစ်ခုခုအတွက် တရားရုံးက တာဝန်ခံမည်မဟုတ်ပါ။

၂။ လေလံတင်ရောင်းချမည့်နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချလိမ့်မည်ဖြစ်သည်။

၃။ လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၆ ခုနှစ် ဇွန်လ ၁၄ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

သက်စိုးအောင်
တွဲဖက်တိုင်းတရားသူကြီး(၇)
မန္တလေးတိုင်းတရားရုံး။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၆ခ/၈၂၄၁ မော်တော်ယာဉ်လက်ဝယ်ရှိသူက မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃) ပျောက်မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ သတင်းစာတွင်ကြော်ငြာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း (ကညန)တိုင်းရုံးခွဲ (ရွာသာကြီး)သို့ လာရောက်ဆက်သွယ် ဆောင်ရွက်နိုင်ပါသည်။ **ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန တိုင်းရုံးခွဲ (ရွာသာကြီး)။**

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၆ခ/၈၂၄၆ မော်တော်ယာဉ်လက်ဝယ်ရှိသူက မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃) ပျောက်မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ သတင်းစာတွင်ကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း (ကညန)တိုင်းရုံးခွဲ(ရွာသာကြီး)သို့ လာရောက်ဆက်သွယ် ဆောင်ရွက်နိုင်ပါသည်။ **ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန တိုင်းရုံးခွဲ (ရွာသာကြီး)။**

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၆ခ/၈၂၄၅ မော်တော်ယာဉ်လက်ဝယ်ရှိသူက မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃) ပျောက်မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း (ကညန) တိုင်းရုံးခွဲ (ရွာသာကြီး)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။
ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန တိုင်းရုံးခွဲ (ရွာသာကြီး)။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မရ/၁၉၆၀၆ယာဉ် လက်ဝယ်ရှိသူအမည် ဦးတလန်မန်း မှတ်ပုံတင်အမှတ် ၅/ကလထ(နိုင်)၀၁၂၀၉၀ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ(၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး(ကလေးမြို့)။**

အမှုကိုစစ်ဆေးစီရင်ရန် အခြားရုံးသို့လွှဲပြောင်းပါမည့်အကြောင်း လျှောက်ထားကြောင်း အကြောင်းကြားစာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေ ပုဒ်မ–၂၄)
မကွေးတိုင်းတရားမရုံး၌
၂၀၀၆ ခုနှစ် တရားမအသေးမှုအမှတ်–၃

ဒေါ်မြင့်မြင့် **နှင့်** ဒေါ်ခင်စောဝေ ပါ–၈
လျှောက်သူ **အလျှောက်ခံရသူ**

၁။ ဒေါ်ကြည်မေအေး ၂။ ဦးတင်အောင်လွင် ၃။ ဦးမြင့်လွင် ၄။ ဒေါ်ကြည်မေလွင် ၅။ ဒေါ်တိုးတိုးလွင် ၆။ ဦးကိုကိုလတ် အမှတ် ၃၃၂၊ ပြည်လမ်း၊ ကန်ကြီးရပ်၊ အောင်လံမြို့ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သရက်ခရိုင်တရားရုံးတွင် ယခုမစီရင်မဆုံးဖြတ်ရသေးသော တရားလို ဒေါ်ခင်စောဝေ၊ တရားခံ ဒေါ်မြင့်မြင့် ပါ(၈)တို့၏ ၂၀၀၅ ခုနှစ် အမှုအမှတ် ၅၅ တွင် (၁)တရားပြိုင်ဖြစ်သူ ဒေါ်မြင့်မြင့်က ၎င်းအမှုကို စစ်ဆေးစီရင်ရန် မကွေးတိုင်းတရားရုံးသို့ လွှဲပြောင်းပါမည့်အကြောင်း ၂၀၀၆ ခုနှစ် ဇွန်လ ၁၆ ရက်နေ့စွဲနှင့် လျှောက်လွှာတင်သွင်းသည်ဖြစ်သောကြောင့် သင်သိစေရန် အကြောင်းကြားလိုက်သည်မှာ ၎င်းလျှောက်ထားချက်ကို ဆိုင်ဆိုကြားနာရန် ၂၀၀၆ ခုနှစ် ဇူလိုင်လ ၇ ရက်နေ့ ချိန်းဆိုပြီးဖြစ်သည်။ ထိုအခါ သင်က ထိုလျှောက်ထားချက်ကို တစ်ခုခုကန့်ကွက်လိုမှု၊ သင့်ကို ဆိုင်ဆိုကြားနာလိမ့်မည်။

၂၀၀၆ ခုနှစ် ဇွန်လ ၁၉ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

မြတ်မင်း
တိုင်းတရားသူကြီး
တိုင်းတရားရုံး၊ မကွေးမြို့။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မတလ/၁၂၄၇၆၄ HI-BIRD ယာဉ်လက်ဝယ်ရှိသူ အမည် ဦးကြည်ငြိမ်း မှတ်ပုံတင်အမှတ် ၁၃/လရန(နိုင်) ၀၂၁၀၃၉ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မတလ/၁၂၂၂၀၂ မော်တော်ဆိုင်ကယ် ယာဉ်လက်ဝယ်ရှိသူ အမည် ဦးစိုင်းထွန်းထွန်းနိုင် မှတ်ပုံတင်အမှတ် ၉/မနတ(နိုင်) ၀၁၅၁၂၁က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။
ကညန၊ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ယ/၂၇၄၇၇၊ (Honda C 90 Castom CMV) ယာဉ်လက်ဝယ်ရှိသူအမည် ဒေါ်လှလှသန်း မှတ်ပုံတင်အမှတ် ၉/မနမ(နိုင်) ၀၉၃၇၃၂ မှ ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅) ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း) မန္တလေးမြို့။**

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မတလ/၆၄၉၇၃၊ (HENSIM M /C)ယာဉ်လက်ဝယ်ရှိသူ အမည် ဦးဝင်းဖေ မှတ်ပုံတင်အမှတ် ၁၃/သပန(နိုင်)၀၀၂၁၃၃ မှ ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅) ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း) မန္တလေးမြို့။**

တိုက်ခန်းရောင်းမည်

လူစည်ကားသော ကျောက်မြောင်း လမ်းမကြီးပေါ် နေရာကောင်း၊ အခန်းကျယ်၊ ထောင့်တိုက် (မြေညီထပ်)။
ဖုန်း–၅၆၀၉၈၁။

ရောင်းရန်

လက်ဖက်ရည်ဆိုင်သုံး ခုံပု (ကျောမှီပါ)၊ ကျွန်းသား (၁၀)ခုံ (လျှော့ဈေး)။
ဖုန်း–၀၉ ၅၁ ၃၅၁၀၇။

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မြစ်သားမြို့ ဘူတာရပ်ကွက် ပိတောက်လမ်းနေ အဖ ဦးကံမြင့်–အမိ ဒေါ်နှင်းတို့၏သမီး မတင်တင်မာ ၉/မသန(နိုင်)၀၀၉၆၃၄ သည် မိဘနှင့်မောင်နှမများ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်၍ သဘောမတူသည့်ကိစ္စကို ပြုလုပ်သွားပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း သိစေအပ်ပါသည်။
(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)
ဒေါ်နှင်း ၉/မသန(နိုင်)၀၀၈၄၈၉။

ကြော်ငြာစာ

မန္တလေးမြို့ မဟာအောင်မြေမြို့နယ်၊ စကြာနွယ်စဉ်ရပ်ကွက်၊ အကွက်အမှတ် (၆၇၇)၊ ဦးပိုင်အမှတ်(၂–ခစင်း)၊ ၇၅ x ၃၆ လမ်းထောင့် မြေကွက်အား ဦးခင်မောင်စိုး မှတ်ပုံတင်အမှတ် ၉/မရတ(နိုင်)၀၆၇၁၀၉ မှ အမှုတွဲအမှတ် ၁၃၉၉/၂၀၀၅–၂၀၀၆ ဖြင့် မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ သက်တမ်းတိုး၊ ဦးပိုင်ခွဲ၊ အမည်ပြောင်းဂရန်ပျောက် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မတလ/၂၀၈၁၈ Hensim Hs˚125 M/c ယာဉ်လက်ဝယ်ရှိသူ အမည် ဦးတင်အောင်မိုး မှတ်ပုံတင်စာအုပ်၉/မနတ (နိုင်)၁၀၁၈၀၉ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ (၁၅) ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊ခရိုင်ရုံး(မန္တလေး မြောက်ပိုင်း) မန္တလေးမြို့။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မတလ/၉၅၃၂၆ HENSIM˚ယာဉ်လက်ဝယ်ရှိသူ အမည် ဦးမျိုးကိုချွန် မှတ်ပုံတင်အမှတ် ၉/အမဇ (နိုင်) ၀၂၂၀၅၀ က ယာဉ်မှတ်ပုံတင် စာအုပ်(ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်းအောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။
ကညန၊ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့။

ညှိနှိုင်းစည်းဝေး

မန္တလေးတိုင်း မီးသတ်ဦးစီးဌာန (၇) မြို့နယ်မီးသတ် ဦးစီးမှူးများ၊ ခရိုင်အရန်မီးသတ် ကြီးကြပ်ရေးကော်မတီဝင်များနှင့် လုပ်ငန်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ဇွန် ၁၁ ရက်က တိုင်းရုံးတွင်ကျင်းပရာ တိုင်းဦးစီးမှူး ရဲကျော်စွာဝင်းမြင့် အမှာစကားပြောကြားစဉ်။ (၁၆၂)

မော်လမြိုင်မြို့နယ် သမိုင်းဝင်ကျိုက်သလ္လံစေတီတော် ပရိဝုဏ်အတွင်း ပြုပြင်တည်ဆောက်မှုလုပ်ငန်းများအတွက် ဇွန် ၂ ရက်က မော်လမြိုင်မြို့ အောက်လမ်းမကြီး အမှတ်(၁၄၇)နေ ဦးစိန်ဟော်–ဒေါ်ခင်ဝှက် မိသားစုက ငွေကျပ်ငါးသိန်း ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ ဘဏ္ဍာရေးမှူးဦးခင်မောင်ဝင်းက လက်ခံရယူစဉ်။ (၁၆၈)

သာယာလှပရေး

စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးခင်မောင်ဆွေ မေ ၁၉ ရက်က ကလေးဝမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ မြို့သန့်ရှင်းသာယာလှပရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ် ပြန်/ဆက်)

အရေးပေါ်ကျန်းမာရေးပြဿနာများနှင့် အသစ်ပေါ်ထွက်လာသောရောဂါများ ပူးပေါင်းနှိမ်နင်းရန် HIV/AIDS အပါအဝင် ကူးစက်ရောဂါများ တားဆီးကာကွယ်ရေးလုပ်ငန်းများနှင့် အပြည်ပြည်ဆိုင်ရာ ကျန်းမာရေးလုပ်ငန်းများ၌ အာဆီယံနိုင်ငံများ ပူးပေါင်းဆောင်ရွက်လျက်ရှိ

ရန်ကုန် ဇွန် ၂၂

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ဇွန် ၂၁ ရက်နှင့် ယနေ့တို့တွင် ကျင်းပပြီးစီးသွားသော (၈)ကြိမ်မြောက် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ကျန်းမာရေးဝန်ကြီးများအစည်းအဝေး၊ ဒုတိယအကြိမ် အာဆီယံ+၃ နိုင်ငံများ ကျန်းမာရေးဝန်ကြီးများအစည်းအဝေးနှင့် ပထမအကြိမ် အာဆီယံ+တရုတ်နိုင်ငံ ကျန်းမာရေးဝန်ကြီးများ အစည်းအဝေးတို့နှင့်စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲတစ်ရပ်ကို ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ဆီဒိုးနားဟိုတယ်၌ ကျင်းပရာ**(အောက်ပုံ)** အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် တရုတ်၊ ဂျပန်၊ ကိုရီးယားနိုင်ငံတို့မှ ကျန်းမာရေးဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ၊ အာဆီယံ အတွင်းရေးမှူးချုပ်ရုံးမှ ဒုတိယအတွင်းရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်းဥက္ကဋ္ဌနှင့် အသင်းဝင်သတင်းထောက်များ တက်ရောက်ကြသည်။

စာမျက်နှာ ၁၀ ကော်လံ ၄ ❐

၂၀၀၆ ကမ္ဘာ့ဖလားနှင့် သူတို့အမြင်

၂၀၀၆ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အုပ်စု ပထမအဆင့်ပွဲစဉ်များကို ကစားလျက်ရှိရာ ဇွန် ၂၃ရက်**(ယနေ့)** ကစားကြမည့် အုပ်စုနောက်ဆုံး ပွဲစဉ်များနှင့်ပတ်သက်၍ အမြင်များကို ဆက်သွယ်မေးမြန်းဖော်ပြလိုက်ပါသည်။

မြန်မာ့လက်ရွေးစင် ဘောလုံးသမားဟောင်း မင်းဇော်ဦး

- **စပိန်နဲ့ဆော်ဒီပွဲကတော့ စပိန်တို့က ခြေသာလွန်းပါတယ်။ ဆော်ဒီတို့ခံကစားပေမယ့် စပိန်ကိုတော့ အနိုင်မကစားနိုင်ဘူးထင်တယ်။ စပိန်တို့ပဲနိုင်မယ့် ပွဲပါ။**
- **ယူကရိန်းနဲ့ တူနီးရှားပွဲမှာ ယူကရိန်းကိုပိုကြိုက်တယ်။ ယူကရိန်း ကစားအားရှိတယ်။ တူနီးရှားတို့ မြန်ပေမယ့် အဆုံးသတ်မကောင်းဘူး။ ယူကရိန်း အလေးသာနိုင်ပါတယ်။**
- **တိုဂိုနဲ့ ပြင်သစ်ပွဲကတော့ ပြင်သစ်တို့က အစစသာပါတယ်။ ဒါပေမယ့် ပြင်သစ်ခြေကလည်း ညံ့လွန်းနေတယ်။ ပြင်သစ်တို့ အနိုင်ရနိုင်ပေမယ့် လက်ရှိကစားပုံနဲ့ တိုဂိုကို အသည်းအသန် ကစားရမယ့် အနေအထားရှိတယ်။**

စာမျက်နှာ ၁၀ ကော်လံ ၁ ●

ပြည်တွင်းမှ ရတနာကုန်သည်များအား ပုလဲတွဲများ စတင်ရောင်းချ သတ္တုတွင်းဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့် ကြည့်ရှုအားပေး

ရန်ကုန် ဇွန် ၂၂

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်သည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ကျောက်မျက်ရတနာဈေးပြိုင်ခန်းမ၌ စတင်ရောင်းချသည့် ၂၀၀၆ ခုနှစ် ကျောက်စိမ်း ကျောက်မျက်နှင့် ပုလဲ အထူးရောင်းချပွဲတွင် ပြည်တွင်းနိုင်ငံသား ရတနာကုန်သည်များအား ပုလဲအတွဲများကို မြန်မာကျပ်ငွေဖြင့် တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့် ရောင်းချနေမှုကို ကြည့်ရှုအားပေးပြီး မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာဝင်းအတွင်း ခင်းကျင်းပြသထားသော ကျောက်စိမ်းအတွဲများကို စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာလျက်ရှိကြသော ပြည်တွင်းပြည်ပ ရတနာကုန်သည်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကာ မြန်မာကွန်ဗင်းရှင်းစင်တာမှ ညနေပိုင်းတွင် ပြန်လည်ထွက်ခွာသွားသည်။

စာမျက်နှာ ၇ ကော်လံ ၁ ✡

ဇွန် ၂၂ ရက်က အီတလီက ချက်အသင်းအား နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသောပွဲစဉ်တွင် အီတလီအသင်းအတွက် ပထမဂိုးကို မာတာရာဇီ(ယာ)က ဦးသို့ ခေါင်းတိုက်သွင်းယူခဲ့သည်။ (သတင်းအကျယ် စာ-၁၀)(ဓာတ်ပုံ-အင်တာနက်)

NLD ပါတီအပေါ် စိတ်ဝင်စားမှုမရှိတော့ဘဲ ပါတီ၏လုပ်ငန်းများကို ဆက်လက်လုပ်ကိုင်လိုစိတ်မရှိ ချောင်းဦးမြို့နယ် NLD ပါတီဝင် ခြောက်ဦး နှုတ်ထွက်

ရန်ကုန် ဇွန် ၂၂

စစ်ကိုင်းတိုင်း ချောင်းဦးမြို့နယ် အမျိုးသားဒီမိုရေကစီအဖွဲ့ချုပ်မှ လူငယ်တာဝန်ခံ ဦးမျိုးညွန့်အောင်(ခေါ်) ဦးမောင်ဦးသည် ဖေဖော်ဝါရီ ၂ ရက်တွင်လည်းကောင်း၊ NLDပါတီဝင် ဦးသန့်နိုင်သည် မတ် ၆ ရက်တွင်လည်းကောင်း ၎င်းတို့၏ဆန္ဒအလျောက် NLD ပါတီမှ နှုတ်ထွက်ကြောင်း နှုတ်ထွက်စာများရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ဌာနချုပ်နှင့် ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများသို့ နှုတ်ထွက်လွှာများကို ပေးပို့နှုတ်ထွက်ခဲ့ကြသည်။

စစ်ကိုင်းတိုင်း ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့သော နှုတ်ထွက်လွှာများတွင် ၎င်းတို့သည် NLD ပါတီအပေါ် စိတ်ပါဝင်စားမှုမရှိတော့ခြင်း၊ ပါတီ၏လုပ်ငန်းများကို ဆက်လက်လုပ်ကိုင်လိုစိတ် မရှိတော့ခြင်းကြောင့် NLDပါတီဝင်နှင့် ပါတီ၏ တာဝန်များမှ ၎င်းတို့၏ ဆန္ဒအလျောက် နှုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။

အလားတူ စစ်ကိုင်းတိုင်း ချောင်းဦးမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင် ဦးသန်းမြ၊ မြို့နယ်ဘဏ္ဍာရေးမှူး ဦးချစ်ဝိုင်း၊ အဖွဲ့ဝင် ဦးကျော်စိန်(ကုလားကြီးကျေးရွာ)နှင့် မြို့နယ်စည်းရုံးရေးကော်မတီဝင် ဦးသန်းမြတို့သည်လည်း ချောင်းဦးမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ၎င်းတို့၏ ဆန္ဒအလျောက် နှုတ်ထွက်ခဲ့ပြီးဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

23-6 (20).p65 1 1/25/32, 2:30 PM